ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည်အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 5 February 2017 (၈၈၂၈)


# မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရန် အခွန်နှစ်ထပ်မကောက်ခံရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဆွေးနွေး

**ဆီရမ်ရိ(ပ်) ဖေဖော်ဝါရီ ၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်တို့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ Peace Palace ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ခိုင်မာစေရေး၊ မြန်မာနိုင်ငံရှိ ပုဂံဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ ဆီရမ်ရိ(ပ်)ဒေသတို့အကြား ညီအစ်မမြို့တော် ထူထောင်ထားရှိပြီးဖြစ်သောကြောင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံ ပုဂံမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့သို့ မြန်မာနိုင်ငံမှယခင်က ပျံသန်းပြေးဆွဲခဲ့သည့် လေကြောင်းလိုင်းအား ပြန်လည်ပျံသန်းပြေးဆွဲရေးနှင့် နှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူများအကြား ပူးပေါင်းဆက်နွှယ်မှု ပိုမိုမြှင့်တင်နိုင်ရန် နှစ်နိုင်ငံဘာသာစကားနှင့် စာပေများအား အပြန်အလှန်ဖလှယ်သင်ကြားရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲကုန်သွယ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ရန် အခွန်နှစ်ထပ်မကောက်ခံရေး နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ သာသနာပြန့်ပွားရေးအတွက် မြန်မာနိုင်ငံမှ လိုအပ်သည့် အကူအညီများ ဆက်လက်ထောက်ပံ့ကူညီသွားရေးနှင့် နှစ်နိုင်ငံပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပရေးဆိုင်ရာကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဖနောင်ပင်မြို့ ဝပ်ဖနောင်(Wat Phnom)စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ ကမ္ဘောဒီးယားနိုင်ငံရောက် သံရုံး၊ စစ်သံရုံးမိသားစုများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တပ်မတော်မှပညာတော်သင်များ၊ မြန်မာ-ကမ္ဘောဒီးယား ချစ်ကြည်ရေးအသင်းဝင်များ၊ လုပ်ငန်းရှင်များ၊ လာရောက်အလုပ်လုပ်ကိုင်နေကြသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ကမ္ဘောဒီးယားနိုင်ငံရောက် မြန်မာမိသားစုများအား ယခုလို စုံစုံညီညီတွေ့ခွင့်ရ၍ ဝမ်းသာမိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မိမိတို့နိုင်ငံသည် ယဉ်ကျေးမှုချင်းတူညီသည့်အတွက် မြန်မာမိသားစုများအနေဖြင့် နေထိုင်မှုနှင့် အလုပ်အကိုင်များ အဆင်ပြေကြမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းအခြေအနေအရ ရေကြည်ရာမြက်နုရာရှာ၍ ရေခြားမြေခြားတွင် လာရောက်လုပ်ကိုင်နေကြသူများအနေဖြင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑**



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace ၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)




မြန်မာနိုင်ငံ၏ ပထမဆုံး Ramsar Site အဖြစ် သတ်မှတ်နိုင်ခဲ့သော မိုးယွန်းကြီးအင်းကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

# ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းကို ကမ္ဘာ့အဆင့် အရေးပါသည့် ရေဝပ်ဒေသ (Ramsar Site)အဖြစ် သတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းကို ကမ္ဘာ့အဆင့် အရေးပါသည့် ရေဝပ်ဒေသ (Ramsar Site) အဖြစ် သတ်မှတ်လိုက်ကြောင်း ရမ်ဆာဒေသအဖြစ် သတ်မှတ်ထားသည့် ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားနှင့် ရေဝပ်ဒေသဘေးမဲ့တောများ စီမံအုပ်ချုပ်မှု မြှင့်တင်ခြင်း ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ပြောကြားသည်။

"မြန်မာနိုင်ငံဟာ ရမ်ဆာကွန်ဗင်းရှင်းကို အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် မတ် ၁၇ ရက်တွင် ဝင်ရောက်ခဲ့ပြီး မိုးယွန်းကြီးအင်းကို မြန်မာနိုင်ငံရဲ့ ပထမဆုံး Ramsar Siteအဖြစ် သတ်မှတ်နိုင်ခဲ့ပါတယ်။ အင်းတော်ကြီးဒေသကို ၂၀၁၆ ခုနှစ်မှာ ဒုတိယ Ramsar Site အဖြစ် သတ်မှတ်နိုင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တတိယမြောက် Ramsar Site အဖြစ် သတ်မှတ်ခံရတာကြောင့် အခုဆိုရင် မြန်မာနိုင်ငံမှာ Ramsar Site သုံးခု ရှိလာပြီဖြစ်ပါတယ်"ဟု ဦးခင်မောင်ရီက ပြောကြားသည်။

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ❍**




# ကြေးမုံ

## မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နယ်နိမိတ်ချင်း ကီလိုမီတာ ၂၀၀၀ အထိ ထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံကြား စီးပွားရေးအရ ကူးလူးဆက်ဆံမှုများသည် သမိုင်းစဉ်တစ်လျှောက် အဆက်မပြတ်တည်ရှိခဲ့ကြပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ နိုင်ငံတော်အစိုးရ၏ လွဲမှားသောမူဝါဒကြောင့် နှစ်နိုင်ငံကြားတည်ရှိခဲ့သော တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံအတွက် များစွာထိခိုက်နစ်နာခဲ့သည်ကို တွေ့ရပါသည်။

ပစ္စုပ္ပန်ကာလ၌ လူထုအစိုးရသစ်သည် ဈေးကွက်စီးပွားရေးမူဝါဒကို အခြေခံလျက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ကျယ်ပြန့်ခိုင်မာစေရေးကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သော ထိုင်းစီးပွားရေးဝန်ကြီးက ထိုင်းနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်ရန် မဟာဗျူဟာမြောက်အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်မည်ဟု တင်ပြခဲ့ခြင်းသည် ကြိုဆိုလက်ကမ်းရမည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ ငါးနှစ်တာကာလအတွင်း နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏကို နှစ်ဆမြှင့်တင်မည်ဟူသော ရည်မှန်းချက်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကသာ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပါက လက်တွေ့အကောင်အထည်ဖော် ဆုပ်ကိုင်နိုင်သည့် ရည်မှန်းချက်ဟု ယူဆပါသည်။

ထိုင်းစီးပွားရေးဝန်ကြီးက နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာ၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအပါအဝင် ကုန်သွယ်မှုလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်ရေးတို့ကဲ့သို့သော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဆောင်ရွက်မည်ဟူသော တင်ပြချက်ကိုလည်း ကြိုဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါကဏ္ဍများသည် မြန်မာနိုင်ငံ၌ ဦးစားပေးအကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသော ကဏ္ဍများဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းလုပ်သားများ ငွေလွှဲပို့ရာ၌ လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ထိုင်းနိုင်ငံ၏ ခရွန်ထိုင်းဘဏ်တို့ကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းသည်လည်း ကြိုဆိုရမည့် တိုးတက်မှုတစ်ရပ် ဖြစ်ပါသည်။

ထိုင်းနိုင်ငံက ၎င်းတို့နိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းလုပ်သားများအရေးအတွက် ဂရုတစိုက် ဆောင်ရွက်ပေးခြင်းသည် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းခိုင်မာစေမည်ဖြစ်ပါသည်။ ခြုံ၍တင်ပြရပါက နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံစလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နှီးကြားရှင်သန်ရေး၊
(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊
(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊



## ခါကာဘိုရာဇီဒေသအား ယူနက်စကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် UNESCO Myanmar မှ Head of Office , Ms. Min Jeong Kim နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီအမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီ တောင်ပိုင်းတိုးချဲ့ဧရိယာတို့ပါဝင်သည့် ခါကာဘိုရာဇီဒေသအား ယူနက်စကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့်၊ ဆက်စပ်ဌာနများ၊ ဒေသခံများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများအကြား ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေး၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပြုစုရေး၊ နယ်နိမိတ် သတ်မှတ်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှုများ၊ ယူနက်စကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်း တင်သွင်းရန် အချိန်သတ်မှတ်ချက်နှင့်အညီ အရှိန်အဟုန်မြင့် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ပုဂံဒေသအား ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရာတွင် ကြားခံနယ်မြေအဖြစ် သတ်မှတ်ရန်လျာထားသည့် တန့်ကြည်တောင်ဒေသ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ၊ တန့်ကြည်တောင်ကြိုးပြင်ကာကွယ်တောအဖြစ် စီမံအုပ်ချုပ်မှု အခြေအနေ၊ ကြားခံနယ်မြေအဖြစ် သတ်မှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျောက်ဖြူ၌ ကျင်းပ

**ကျောက်ဖြူ ဖေဖော်ဝါရီ ၄**

နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ကျောက်ဖြူမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ကျောက်ဖြူမြို့ သာသနာ့ဗိမာန်ရှေ့မှစတင်ကာ ဖေဖော်ဝါရီ ၄ ရက် နံနက် ၆ နာရီခွဲတွင် စတင်တာလွှတ်ခဲ့ရာ ကျောက်ဖြူမြို့ပေါ်ရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများမှကျောင်းသား ကျောင်းသူများနှင့် စက်ဘီးဝါသနာရှင်များပါဝင်ကာ အင်အား စုစုပေါင်း ၃၀၀ ခန့်စီးနင်းခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

## ဇိနသုခအောင်ချမ်းသာ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ကော့မှူး ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဘုရားလမ်းရပ်ကွက် မဟာဝိဇ္ဇောဒယ ကျောင်းတိုက်အတွင်းတည်ထားကိုးကွယ်ထားသော ဇိနသုခအောင်ချမ်းသာစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးအား အဆိုပါကျောင်းတိုက်အနီး၌ ဖေဖော်ဝါရီ ၃ရက် မှ ၇ ရက်အထိ ကျောင်းတိုက် ဆရာတော်ဦးခေမာစာရနှင့် ဘုရားပွဲတော် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဦးကျော်မိုးတို့မှဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘုရားပွဲတော်၌ လှည်းပြိုင်ပွဲများ၊ မြင်းပြိုင်ပွဲများနှင့် ရွှေမန်းချမ်းသာ ဇာတ်သဘင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ လှည်းပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ၆ ရက်မှ ၇ ရက်အထိ မြင်းပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကာ ၅ ရက်မှ ၇ရက်အထိ ရွှေမန်းချမ်းသာဇာတ်သဘင်အဖွဲ့မှ ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကော့မှူးသားလေး)**

❒

## ပြည်ထောင်စုနေ့အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဇလွန် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၇၀)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကဗျာရွတ်ဆို၊ ပုံပြော၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက် ခန်းမတွင် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက ကျင်းပရာ အမကညောင်ပင်ဈေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀ က ကဗျာရွတ်ဆို ၊ ပုံပြောခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲကိုယှဉ်ပြိုင်ကြရာ ပထမဆုရ မရွှေစင်ကျော်၊ ဒုတိယဆု မဖြူဖြူဇော်၊ တတိယဆုရ မောင်ငြိမ်းချမ်းကျော်၊ အထူးဆုရမအိမ့်မှူးခင်တို့အား ဆုများအသီးသီးပေးအပ်ပြီး ကျောင်းသား ကျောင်းသူများမှ ကလေးစာဖတ်ခန်းနှင့် ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင် ဓာတ်ပုံများကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၀၃၃၅၁

❑ ရှေ့ဖုံးမှ

မိမိတို့နေထိုင်သည့် နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း သိရှိလိုက်နာရန် လိုအပ်ပါကြောင်း၊ မြန်မာမိသားစုများအတွက် နိုင်ငံတော်တွင် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် အခက်အခဲနှင့် အဆင်မပြေမှုများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ပါကြောင်း၊ တင်ပြချက်များအပေါ် တတ်နိုင်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကမ္ဘောဒီးယားနိုင်ငံရောက် မြန်မာမိသားစုများအနေဖြင့် မိမိတို့တတ်မြောက်ထားသည့် အတတ်ပညာ၊ နည်းပညာ၊ အတွေ့အကြုံများကို ပြန်လည်အသုံးချပြီး မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းသယ်ပိုးဆောင်ရွက်ကြစေလိုပါကြောင်း၊ တစ်ချိန်ချိန်တွင် ပြန်လာပြီး မိမိတိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့အတူ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုဝင်များနှင့် သီးခြားတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ သံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီး Mr. Samdech Chaufea Veang Kong Som Ol နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖနောင်ပင်မြို့မှ အထူးလေယာဉ်ဖြင့် ဆီရမ်ရိ(ပ်)မြို့သို့ရောက်ရှိရာ ဆီရမ်ရိ(ပ်)မြို့တော်ဝန် Mr.Khlm Bunsong နှင့် တာဝန်ရှိသူများက ဆီရမ်ရိ(ပ်)အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဆီရမ်ရိ(ပ်)မြို့ရှိ အန်ကောပြတိုက်သို့သွားရောက်ပြီး ခင်းကျင်းပြသထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် အဆူ ၁၀၀၀ ပြခန်း၊ ခမာအင်ပါယာခေတ် ခမာလူမျိုးများ၏ လူနေမှုဘဝပုံစံပြခန်း၊ အန်ကောခေတ် ခမာလူမျိုးများ၏ ကိုးကွယ်မှုနှင့် သက်ဝင်ယုံကြည်မှုပြခန်း၊ အန်ကောခေတ် ခမာဘုရင်မင်းမြတ်များပြခန်း၊ အန်ကောဝပ်ကျောင်း ပုံစံငယ်ပြခန်း၊ အန်ကောသုန်ကျောင်း ပုံစံငယ်ပြခန်း၊ အန်ကောခေတ် သမိုင်းဝင်ကျောက်စာများပြခန်းနှင့် ရှေးခေတ် ခမာလူမျိုးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဝပ်ဖနောင်စေတီတော်အား သွားရောက်ဖူးမြော်ကြစဉ်။ (သတင်းစဉ်)

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဆီရမ်ရိ(ပ်)မြို့တော်ဝန်က Sokha Angkor Resort ဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်သည် ဖနောင်ပင်မြို့ရှိ ဗဟိုဈေးကြီးသို့သွားရောက်၍ လက်ဝတ်ရတနာများ၊ အဝတ်အထည်များ၊ ရိုးရာလက်မှုပစ္စည်းများဖြစ်သည့် ကြွေထည်၊ ငွေထည်များ၊ ပန်းပုလက်ရာများ၊ လက်မှုအနုပညာပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ဆီရမ်ရိ(ပ်)မြို့ မြို့တော်ဝန်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံးမိသားစုဝင်များ၊ ပညာတော်သင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ဗဟိုဈေးကြီး၌ လက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာသံရုံး မိသားစုဝင်များအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

# ဂျပန်-အမေရိကန်လုံခြုံရေးဆိုင်ရာ မဟာမိတ်ဆက်ဆံရေး ဆက်လက်တည်ရှိမည်

**ကျိုတို ဖေဖော်ဝါရီ ၄**
ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာ မဟာမိတ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိသွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမိ အီနာဒါက အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျမ်မတ်တစ်နှင့် တွေ့ဆုံစဉ် ပြောကြားသွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများက ဂျပန်နိုင်ငံ တိုကျိုမြို့၌ မိနစ် ၉၀ ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အမေရိကန်နှင့်ဂျပန်နိုင်ငံမဟာမိတ်ဆက်ဆံရေးသည် ဂျပန်နိုင်ငံသာမက အာရှ-ပစိဖိတ်ဒေသ၏ ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသောကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ရန်လိုအပ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး အီနာဒါက ဆိုသည်။

အမေရိကန်-ဂျပန်မဟာမိတ်ဆက်ဆံရေးကို မြှင့်တင်ရန် ပထမ ဦးစားပေးအဖြစ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး မတ်တစ်က ပြောကြားခဲ့သည်။ ထို့ပြင် အာရှ-ပစိဖိတ်ဒေသအတွင်း ပြုံယမ်း၏ နျူကလီးယားလက်နက်ခြိမ်းခြောက်မှုနှင့် အရှေ့နှင့်တောင်တရုတ်ပင်လယ်ဒေသများတွင် တရုတ်နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍလှုပ်ရှားမှုများအပါအဝင် ပြောင်းလဲဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာ အနေအထားများနှင့်ပတ်သက်ပြီး ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးများက ဂျပန်နိုင်ငံရှိ အမေရိကန်လေတပ်စခန်း US Marine Corps' Futenma air station ကို လက်ရှိအခြေစိုက်ထားသည့် အိုကီနာဝါစီရင်စုမှ လူဦးရေနည်းပါးသည့် နာဂိုမြို့ ဟီနိုကိုစီရင်စုသို့ ပြောင်းရွှေ့ရန် သဘောတူညီခဲ့ကြသည်။

သို့သော် ဝန်ကြီးများက ဂျပန်နိုင်ငံအတွင်း အမေရိကန်တပ်သားများ ထားရှိခြင်းအတွက် ကုန်ကျစရိတ်ကို အသေးစိတ်ဆွေးနွေးခဲ့ခြင်းမရှိခဲ့ပေ။ ယင်းကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ သဘောတူညီထားသည့်အတိုင်း ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ခွဲဝေမှုကို တာဝန်ကျေပွန်စွာ ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ကြီး အီနာဒါကဆိုသည်။

အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်က ၎င်းမဲဆွယ်စည်းရုံးရေးကာလ အတွင်း အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံအနေဖြင့် ကုန်ကျစရိတ်အားလုံး ကို ရာနှုန်းပြည့် ကျခံရမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**



**ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရှေ့မှောက်၌ အမေရိကန်နှင့် ဂျပန် ကာကွယ်ရေးဝန်ကြီးနှစ်ဦး တွေ့ဆုံစဉ်။**



# သီရိလင်္ကာသမ္မတက သေဒဏ်ကျအကျဉ်းသား ၆၀ အား တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲလျှော့ချပေး

**ကိုလံဘို ဖေဖော်ဝါရီ ၄**
သီရိလင်္ကာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ကျင်းပပြီး သီရိလင်္ကာသမ္မတ မိုင်သရီ ပါလာသီရိသေနာက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သေဒဏ်ကျ အကျဉ်းသား ၆၀ တို့အား တစ်သက်တစ်ကျွန်းထောင်ဒဏ်သို့ ပြောင်းလဲလျှော့ပေါ့ပေးခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံ တရားရေးဌာနဝန်ကြီး ဝိဂျေဒါဆာရာဂျာပတ်ဆာစ်၏ ထောက်ခံချက်ဖြင့် သေဒဏ်ကျအကျဉ်းသားများ၏ပြစ်ဒဏ်ကို ပြောင်းလဲလျှော့ပေါ့ပေးခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာအကျဉ်းထောင်မင်းကြီး နစ်စွန်ဒါနာဆင်ဟဲက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

သေဒဏ်မှ တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲလျှော့ချသတ်မှတ်ခံရသူ အကျဉ်းသားအများစုမှာ လူသတ်မှုများ ကျူးလွန်ခဲ့၍ သေဒဏ်ချမှတ်ခံရသူများဖြစ်သည်။

အချို့အကျဉ်းသားများမှာ ထောင်တွင်း၌ နှစ်ပေါင်းများစွာ ပြစ်ဒဏ်ကျခံနေရသည့်နှစ်ကြီး အကျဉ်းသားများဖြစ်သည်။ မုဒိမ်းမှု၊ လူသတ်မှုတို့ကဲ့သို့သော ကြီးမားသည့် ပြစ်မှုများကို သီရိလင်္ကာတရားရုံးများက သေဒဏ်ပြစ်ဒဏ်များချမှတ်သော်လည်း သီရိလင်္ကာနိုင်ငံတွင် သေဒဏ်ကျအကျဉ်းသားများအား ကွပ်မျက်မှုကို ၁၉၇၈ ခုနှစ်ကတည်းက ပြုလုပ်ခြင်းမရှိတော့ဘဲ တစ်သက်တစ်ကျွန်းပြစ်ဒဏ်များသို့ လျှော့ပေါ့ပြောင်းလဲပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ခ်ရှန်ပြည်နယ်၌ ဆီးနှင်းခဲများပြိုဆင်းမှုကြောင့် လူ ၁၀ ဦး သေဆုံး

**ဖိုင်ဇာဘတ်(အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၄**
အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ဘာဒက်ခ်ရှန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၃ ရက် ညပိုင်းက ကျေးရွာတစ်ရွာအတွင်းသို့ ဆီးနှင်းခဲများ ပြိုဆင်းမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးပြီး အခြား ၁၂ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၃ ရက် ညပိုင်းက မာဟာမီခရိုင် ဘာ့ဟုကျေးရွာ၌ ဆီးနှင်းများပြိုဆင်းမှုဖြစ်ပွားခဲ့ကြောင်း၊ ကနဦးရရှိသော သတင်းများအရ လူ ၁၀ ဦးသေဆုံးပြီး သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ကြောင်း ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးနှင့် လူသားချင်း စာနာကယ်တင်ရေးဌာနမှ ညွှန်ကြားရေးမှူး ဆေရက်ဒ် အဗ္ဗဒူလာ ဒတ်ရ်ှကွမ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆီးနှင်းများ ပြိုကျမှုကြောင့် ကျေးရွာတွင်းရှိ လူနေအိမ် ၁၈ လုံး ပျက်စီးပြီး ထိခိုက်သေကျေသူများစာရင်းမှာ မြင့်တက်လာဖွယ်ရှိကြောင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အား ဘေးဒုက္ခဖြစ်ပွားရာဒေသသို့ စေလွှတ်လိုက်ပြီး ဘေးဒုက္ခသင့်သူ ရွာသားများအတွက် ထောက်ပံ့ရေးပစ္စည်းများ ကူညီပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးနှင်းများ ပြိုဆင်းမှုဖြစ်ပွားသည့် ဘာဒက်ခ်ရှန်ပြည်နယ်သည် အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူး၏ အရှေ့မြောက်ဘက် ၃၁၅ ကီလိုမီတာ အကွာတွင် တည်ရှိပြီး တောင်ကုန်းတောင်တန်း ထူထပ်သည့် ဒေသဖြစ်သည်။ ၎င်းခရိုင်အတွင်း လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



## ဒမတ်စကတ်မြို့ရှိ ရုရှားသံရုံး စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

ဒမတ်စကတ် ဖေဖော်ဝါရီ ၄
ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်ရှိ ရုရှားသံရုံးသည် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် စိန်ပြောင်းဖြင့် နှစ်ကြိမ်ပစ်ခတ်တိုက်ခိုက်ခံရပြီး ယင်းပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားသံရုံးအား ဒမတ်စကတ်မြို့ဂျိုဘာဒေသမှ စိန်ပြောင်းဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယင်းဒေသမှာ အကြမ်းဖက်သမားများက တစ်စိတ်တစ်ပိုင်းထိန်းချုပ်ထားသော ဒေသဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

ပထမအကြိမ်ပစ်ခတ်လိုက်သော စိန်ပြောင်းကျည်သည် ရုရှားသံရုံးဝင်းအတွင်းရှိ လူနေအဆောက်အအုံများနှင့် သံရုံးအဆောက်အအုံကြားတွင်ကျရောက်ပြီး ဒုတိယအကြိမ်ပစ်ခတ်ခဲ့သော စိန်ပြောင်းကျည်မှာ သံရုံး၏အဓိကဝင်ပေါက် တံခါးရှေ့ မီတာ ၂၀ ခန့်တွင် ကျရောက်ခဲ့ကြောင်း ရုရှားသံရုံးမှ ပြောကြားသည်။ ဆင်ဟွာ။

## ပြည်တွင်းရေးရာ

**❖ ချင်းပြည်နယ်မှ**

ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တွန်းဇန်မြို့နယ်လူထုနှင့် မြို့နယ်အားကစားခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးပြီး ဒေသခံများအား စောင်များနှင့် ကျေးလက်မီးလင်းရေးအတွက် ဆိုလာပြားများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရိဒ်ခေါဒါရ်မြို့ ရိဒ်ရေကန်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကန်အနီးရှိ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ ကန်အတွင်း ရေဝင်ရောက်မှုနှင့် ကန်ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ထားမှုအခြေအနေများကိုတင်ပြကြပြီး ဒုတိယသမ္မတက ရိဒ်ရေကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်သွားရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရိဒ်ရေကန်ကိုအခြေခံ၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရိဒ်ခေါဒါရ်မြို့ အိန္ဒိယ-မြန်မာနယ်စပ်ချစ်ကြည်ရေးတံတား ကြံ့ခိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ခွဲစိတ်ခန်းနှင့် ဆေးဝါးကုသဆောင်များကို ကြည့်ရှုစစ်ဆေးကာ လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တီးတိန်မြို့နယ် ပြည်သူလူထုအားကမ်းဟောက်အားကစားခန်းမ၌တွေ့ဆုံ၍ ဒေသ၏ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသ၏ပညာရေးနှင့် ကျန်းမာရေးအတွက်အသုံးပြုရန် ငွေကျပ် သိန်း ၁၀၀၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဆိုလာပြားများကို ထောက်ပံ့ပေးအပ်သည်။

လူထုတွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ချင်းပြည်နယ်အတွင်း ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ရန်နှင့် ချင်းပြည်နယ်၏ ပကတိအခြေအနေကို သိရှိနိုင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ ဒေသ၏ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အဘက်ဘက်တွင် နောက်ကျကျန်ခဲ့သည့်အတွက် အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ ကြိုးစားဆောင်ရွက်နေပါကြောင်း။

ချင်းပြည်နယ်တွင် ဆောင်ရွက်နေသည့် ရွှေ့ပြောင်းတောင်ယာစနစ်သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေပါကြောင်း၊ ဒေသနှင့်လိုက်လျောညီထွေရှိသည့် နှစ်ရှည်ပင်များကို စနစ်တကျစိုက်ပျိုးသင့်ပါကြောင်း၊ ချင်းပြည်နယ်တွင် ယခင်က အောင်မြင်ဖြစ်ထွန်းခဲ့သည့် ပိုးမွေးမြူရေးလုပ်ငန်းနှင့် ကော်ဖီပင်စိုက်ပျိုးရေးလုပ်ငန်းကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အလိုက်ဖြစ်စေ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း။



**တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသလျက်ရှိသည့် လူနာများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး နိုင်ငံဖြစ်လာမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများက အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ မိမိတို့၏ရည်မှန်းချက်ဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် လျင်လျင်မြန်မြန် အကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယင်းဒေသ၏ တည်ငြိမ်အေးချမ်းမှုသည် များစွာအရေးပါပါကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှုရှိမှသာ မိမိတို့လိုလားသည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုအောင်အောင်မြင်မြင် ရောက်ရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို အောင်အောင်မြင်မြင် ကျင်းပခဲ့ပါကြောင်း၊ မကြာခင်ကာလတွင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ထပ်မံကျင်းပရန်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



**ချင်းယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။** (ဓာတ်ပုံ-စိုးညွန့်)

**۞ ကျောဖုံးမှ**

ခရစ္စတိုဖာနှင့် ကင်မ်၊ ကွင်းလယ်လူ တင်ဝင်းအောင်တို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည် ရာသီအစ နှစ်ပွဲဆက်တိုက် ရလဒ်ကောင်းခဲ့သော်လည်း နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။တောင်ငူကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီနှင့် GFA အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ၁၂ မိနစ်တွင် အီမန်နျူရယ်က GFA အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ဟံသာဝတီအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် ရန်အောင်ဝင်းက သွင်းယူခဲ့သည်။

ပွဲစဉ်(၄) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ဧရာဝတီနှင့် ရတနာပုံ၊ YUSC ကွင်း၌ ရန်ကုန်နှင့် Southern၊ ဝေသာလီကွင်း၌ ရခိုင်နှင့် ဇွဲကပင်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး**
**အားကစားကဏ္ဍ မြှင့်တင်ပေး**

**❍ ဘိုကလေးမြို့မှ**

မြန်မာနိုင်ငံတွင် Ramsar Site အဖြစ် သတ်မှတ်ခြင်းခံရသည့် ဧရိယာသုံးနေရာအထိရှိလာပြီဖြစ်ပြီး မုတ္တမပင်လယ်ကွေ့ဒေသကိုလည်း Ramsar Site အဖြစ် သတ်မှတ်နိုင်ရန် လွန်ခဲ့သည့် သုံးနှစ်ခန့်ကာလက စတင်ကြိုးပမ်းခဲ့သော်လည်း ယနေ့အထိ သတ်မှတ်ခံရခြင်းမရှိသေးကြောင်း သိရသည်။

Ramsar Site အဖြစ် သတ်မှတ်ခြင်းနှင့်ပတ်သက်၍ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက "မုတ္တမပင်လယ်ကွေ့က တကယ့်ကို ကျယ်ပြန့်တဲ့ ဧရိယာဖြစ်တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ၊ မြို့နယ်တွေ အများကြီးနဲ့ ဆက်စပ်နေတယ်။ အဲဒီလိုနေရာမျိုးမှာ လွယ်လွယ်ကူကူလုပ်လို့မဖြစ်ဘူး။ သေချာစနစ်တကျလုပ်မှ နောင်ရေးအတွက်ကောင်းမယ်။ ရမ်ဆာဆိုဒ်ဒေသတစ်ခုကို သတ်မှတ်တဲ့အခါမှာ သတ်မှတ်လိုက်ရုံနဲ့ မပြီးသေးဘူး။ အဲဒီမှာ အရင်ကဖြစ်ခဲ့တဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေ၊ ဒေသခံတွေရဲ့ သဘောထားတွေ၊ အဲဒီဒေသမှာရှိတဲ့ စီမံခန့်ခွဲတဲ့အဖွဲ့တွေ ဘယ်လောက်ရှိသလဲ။ စီမံခန့်ခွဲတဲ့အပိုင်းကို ဘယ်လောက်အထိ သိသလဲ။ အဲဒီက ရလာမယ့် အကျိုးကျေးဇူးတွေကော သိနိုင်မလားဆိုတာ ကနဦးကွင်းဆင်းလေ့လာမှုတွေပြုရတယ်။ အဲဒီတော့ ဧရိယာကျယ်ရင် ကျယ်သလောက် အချိန်ယူရတယ်။ ကြာတယ်။"ဟု ဆိုသည်။

ရေဝပ်ဒေသများ ထိန်းသိမ်းစောင့်ရှောက်မှုများပြုမူရာတွင် ဒေသခံများနှင့် ဒေသ၏ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုပါ ရမ်ဆာဆိုဒ်အဖြစ် သတ်မှတ်ခံရသော ဒေသများတွင် ပြုလုပ်နိုင်သည်။

ဆက်လက်၍ "ရမ်ဆာဆိုဒ်ထဲရောက်သွားရင် အဲဒီနှစ်ခုကို တစ်ပြိုင်တည်း ဟန်ချက်ညီညီနဲ့ သွားလို့ရအောင် Ramsar Convention Secretariat က ကူညီပေးနိုင်တယ်။ ကျွန်တော်တို့နိုင်ငံထဲမှာရှိတဲ့ ရေဝပ်ဒေသတွေကို အပြည်ပြည်ဆိုင်ရာစံချိန်၊ စံညွှန်းကိုက်တွေနဲ့ ဆက်လက်ဆောင်ရွက်ပါမယ်။ အင်းလေးကတော့ ရမ်ဆာတင်မကဘဲ ငှက်များပျံသန်းတဲ့ အဓိကကျတဲ့ ဧရိယာ (Flyway Network)ဇုန် သတ်မှတ်နိုင်ဖို့ ကြိုးစားနေပါတယ်။ အခုလိုရေဝပ်ဒေသ ထိန်းသိမ်းရေးတွေလုပ်တဲ့အခါ များသောအားဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံခြားအဖွဲ့ကို ဖိတ်ခေါ်တယ်။ အဲဒီလိုဖိတ်ခေါ်တော့ နိုင်ငံခြားသားပါပါတယ်ဆိုတော့ ခရီးသွားလုပ်ငန်းလည်း တစ်ခါတည်းပါလာတာပေါ့။ ခရီးသွားလုပ်ငန်းလုပ်တဲ့အခါမှာလည်း ဒေသကိုမထိခိုက်တဲ့ အစိမ်းရောင်စီးပွားရေး (Green Economy) ဖြစ်ဖို့လိုတယ်။ ခရီးသွားလုပ်ငန်းလုပ်တဲ့အခါ ဥပမာ အင်းလေးဆို အပျော်တမ်းမီးပုံးပျံစီးခရီးသွား လုပ်ငန်းမဟုတ်တော့ဘဲ စီးပွားဖြစ်မီးပုံးပျံစီးလုပ်ငန်းလုပ်တယ်။ အဲဒီမှာ မီးပုံးပျံတွေက အင်းလေးကန်ပေါ်မှာ ဝဲနေတော့ အင်းလေးကန်မှာရှိတဲ့ ရေပျော်ငှက်တွေက လန့်ဖျပ်ပြီး ၅၀ ရာခိုင်နှုန်းအထက်ကို ကျသွားတယ်။ လုပ်ငန်းရှင်တွေကို အပြစ်ပြောတာမဟုတ်ဘူး။ ဒေသနဲ့ကိုက်ညီတဲ့ စီးပွားရေးပုံစံမျိုး စဉ်းစားစေချင်တာပေါ့။ ဒါဟာအရေးကြီးပါတယ်"ဟု ပြောသည်။

ရေဝပ်ဒေသများသည် ဇီဝမျိုးကွဲများထိန်းသိမ်းရေး အတွက်သာမက ရေသယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်ဂေဟစနစ်များကို ရေရှည်တည်မြဲစေရန် ထိန်းညှိပေးခြင်း၊ ရှားပါးမျိုးစိတ်များနှင့် ဒေသမျိုးရင်း မျိုးစိတ်များ အဓိကကျက်စားရာဒေသအဖြစ် တွေ့ရှိရခြင်းအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားရေးကဏ္ဍများကို ရေဝပ်ဒေသများက အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ ရမ်ဆာကွန်ဗင်းရှင်း၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင်ရှိသည့် ရေချိုအရင်းအမြစ်များ၏ ၇၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးကဏ္ဍအတွက် အသုံးပြုလျက်ရှိပြီး လယ်ယာကဏ္ဍတွင် လက်ရှိအသုံးပြုနေသည့် ရေအရင်းအမြစ်များ၏ ၂၀ ရာခိုင်နှုန်းကို ရေဝပ်ဒေသများက အဓိကပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms.ToneTinnes၊ ရမ်ဆာကွန်ဗင်းရှင်းအတွင်းရေးမှူးရုံး (Ramsar Convention Secretariat ) မှ Dr. Lew Young တို့က အမှာစကားပြောကြားခဲ့ကြသည်။

မိုးယွန်းကြီးအင်း သဘာဝဘေးမဲ့တောတွင် ဝင်ရောက်သည့် ဆောင်းခိုငှက်နှင့် ဌာနေငှက်မျိုးစိတ် ၁၃၃ မျိုး ဝင်လျက်ရှိရာ ယခုနှစ်တွင် ဆောင်းခိုငှက်အမျိုးပေါင်း ၄၀ ကျော်ဝင်ရောက်ခဲ့ပြီး ယမန်နှစ်က ဆောင်းခိုငှက် ၄၉ မျိုး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊**
**ဓာတ်ပုံ-ဖိုးထောင်**

ကြေးမုံ

ဖေဖော်ဝါရီ ၅၊ ၂၀၁၇

# ကျွန်ုပ်တို့၏ လှပတဲ့မြေ

မြင့်ထွေး(ဟိုတယ်ခရီး)



**နိုင်ငံတကာမှ ဧည့်သည်များက နိုင်ငံတော်အနေဖြင့် ခရီးသွားဧည့်သည်များ၏ အသက်ဘေးအန္တရာယ်အတွက် ကြိုတင်စီမံမှုများကို ကြိုက်နှစ်သက်ကြောင်း၊ မလုံခြုံသောဒေသသို့ မသွားလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံတွင် ယခုမှ စိစစ်ကန့်သတ်မှုများဖြစ်ပေါ်သော်လည်း လုံခြုံမှုမရှိ၍ မြန်မာနိုင်ငံလောက် လည်ပတ်ရတာ စိတ်ချမ်းမြေ့မှုမရှိကြောင်းစသည်ဖြင့် သူတို့၏ရင်ထဲမှ ထွက်ပေါ်လာသော စကားသံများကို ပြန်လည်ကြားရပါသည်။**

"သတိမမူ-ဂူမမြင်" ဆိုသောစကားသည် ကျွန်တော်တို့ ဘိုး၊ ဘေး၊ ဘီ၊ ဘင်လက်ထက်ကတည်းကပင် နှောင်းလူတို့သတိပြုဆင်ခြင်နိုင်ရန် ပြောဆိုခဲ့ကြသော စကားပုံဖြစ်သော်လည်း ယခုအချိန်အထိ ကျွန်တော်တို့ ဖော်ထုတ်အသုံးပြုရန် တုံ့ဆိုင်းနေကြဆဲဖြစ်သည်။ ဖော်ထုတ်အသုံးပြုနိုင်သူ၊ လက်တွေ့အသုံးချနိုင်သူ၊ ဆန်းသစ်တီထွင်နိုင်သူ၊ စွန့်ဦးဆောင်ရွက်နိုင်သူတို့မှာ အခြားသူများထက် အကျိုးခံစားခွင့်များ ဦးစွာခံစားရရှိပြီး တိုးတက်အောင်မြင်မှုများပိုင်ဆိုင်ကာ သာလွန်သောဘဝများကို အချိန်တစ်ခုအတွင်း ပိုင်ဆိုင်သွားခဲ့ကြသည်ကို တွေ့မြင်နေရပါသည်။

အဆိုပါ ဂူများကို ကျွန်တော်တို့ပိုင်ဆိုင်ထားပြီးဖြစ်သည့်အပြင် အသိပညာပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာ၊ အတွေ့အကြုံပိုင်းဆိုင်ရာများ ထိုက်သင့်သည့် ဝမ်းစာရှိသော်လည်း အကျိုးရှိစွာ အသုံးမချနိုင်သေးသဖြင့် (တစ်နည်းအားဖြင့်) သတိမမူကြသေးသဖြင့် တိမ်မြုပ်နေဆဲ၊ နစ်ဝင်နေဆဲ၊ ဖွံ့ဖြိုးတိုးတက်ရန် အရှိန်တန့်နေဆဲဖြစ်ပါသည်။ ကျွန်တော်တို့တွင် ပင်ကိုယ်စွမ်းရည်များ သန္ဓေတည်သည့်အချိန်မှစ၍ ပါရှိလာခဲ့ပြီးဖြစ်သဖြင့် အဆိုပါဗီဇသန္ဓေနှင့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများပေါင်းစပ်ကာ လက်တွေ့အသုံးချရန်ရှိသင့်သည်ထက် လုံလောက်နေပြီ ဖြစ်သော်လည်း ဆိုခဲ့သည့်အတိုင်း သတိမမူကြသေးသဖြင့် အသုံးမပြုနိုင်ကြသေးခြင်းကြောင့်သာလျှင်၊ ဆိုလျှင် မှန်ကန်ပါမည်။

သဘာဝတရားကြီးက ပေးအပ်ထားသော လက်ဆောင်များသည် တန်ဖိုးမသိသူများ၊ (သတိမမူသူများ)အတွက် အချည်းအနှီးဖြစ်စေတတ်ပြီး တန်ဖိုးဖြတ်တတ်သူများ (သတိမူသူများ)အတွက် အနမတဂ္ဂ တန်ဖိုးကြီးလှသော်လည်း၊ တစ်ခါစား၊ တစ်နပ်စားစိတ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ ဆောင်ရွက်ပါက ရေတိုအတွက်သာ အကျိုးဖြစ်စေတတ်သောကြောင့် ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်ဘဝသာယာလှပစေရန် အကျိုးဖော်ဆောင်ပေးနိုင်ပါမှသာ နောင်လာနောက်သားများအား လက်ဆင့်ကမ်းအမွေပေးအပ်နိုင်မည်ဖြစ်ကာ သမိုင်းတရားခံမှ လွတ်ကင်းမည်ဖြစ်ပါသည်။

ဘိုးဘွားများမှ လက်ဆင့်ကမ်းအမွေပေးခဲ့သော မြန်မာနိုင်ငံကြီး၏ သာယာလှပမှုများကို ကျွန်တော်တို့ ရာနှုန်းပြည့်သိရှိရန် ကြိုးစားနေကြဆဲဖြစ်သော်လည်း ကမ္ဘာလှည့်ခရီးသည်များ၏ အလေးထားပြုမူနေသော အခြေအနေများကိုမြင်မှ ကျွန်တော်တို့အလေးထားရမှန်း နားလည်သဘောပေါက်ကြရသည်။ ခရီးသွားလုပ်ငန်း နယ်ပယ်တွင် (A)၊ လေးလုံးရှိရာ Attraction (ဆွဲဆောင်မှု)၊ Accessibility (လမ်းပန်းဆက်သွယ်ရေးလွယ်ကူကောင်းမွန်မှု)၊ Accomodation (တည်းခိုနေထိုင်ရေး အဆင်ပြေမှု)၊ Amenity (ဝန်ဆောင်မှုပေးသော အသုံးအဆောင်ပစ္စည်းများ ပြည့်စုံကောင်းမွန်မှု)တို့သည် ခရီးသွားလုပ်ငန်းဖော်ဆောင်ရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်ပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်ဆက်နွယ်လျက်ရှိကာ အားလုံးအရေးကြီးကြသော်လည်း အဓိကအရေးကြီးပြီး ဦးဆောင်သူမှာ Attraction (ဆွဲဆောင်မှု) ဖြစ်ပါသည်။



မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်သည့် သဘာဝအလှအပများမှာ ဒေသအနှံ့အပြားတွင်ရှိပါသည်။ သဘာဝအလှတရားများ မရှိပါက နိုင်ငံတကာမှ ခရီးသည်များ စိတ်ဝင်စားမှု လျော့နည်းကာ လာရောက်မည့်အရေအတွက် ကျဆင်းသွားမည်ဖြစ်ခြင်းကြောင့် Attraction (ဆွဲဆောင်မှု)သည် အဓိကအရေးကြီးသည်ဟု ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါသည်။ ကျန် (A)သုံးလုံးမှာ ပံ့ပိုးဖြည့်ဆည်းဖော်ဆောင်ပေးရသည့် လူလုပ်အခြေခံအဆောက်အအုံများ ဖြစ်ပါသည်။

သို့အတွက် သဘာဝအလှအပများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်တတ်ရန်လိုအပ်ပြီး ထိုသို့ဆောင်ရွက်သည့် အချိန်တွင် ကိုယ်ကျိုးစီးပွားကို ဦးစားပေးလွန်းပါက ခရီးသွားအရင်းအမြစ်များ (တစ်နည်းအားဖြင့်) သဘာဝအလှအပများ ပျက်စီးယိုယွင်းကာ ဆုံးရှုံးမှုဖြစ်နိုင်သဖြင့် သဘာဝများ ပျက်စီးမှုမရှိစေရန်အတွက် စနစ်တကျ ကြိုတင်ကာကွယ်၍ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန်မှာ ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်သူများတွင်သာမက မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိနေပါသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သဘာဝအလှအပ၊ တောတောင်၊ လျှိုမြောင်၊ ရေတံခွန်၊ စိမ့်စမ်း၊ ရှုခင်းများ၊ သတ္တဗေဒမျိုးစိတ်များ၊ ရုက္ခဗေဒမျိုးစိတ်များနှင့် တိုင်းရင်းသားတို့၏ ဓလေ့ရိုးရာ၊ ဝတ်စားဆင်ယင်မှု၊ အသက်မွေးဝမ်းကျောင်းပြုမှုများသည် ကမ္ဘာလှည့်ခရီးသည်များ၏ အသည်းနှလုံးကို စွဲမက်ရူးသွပ်စေပါသည်။

မကြာသေးခင်က ချင်းပြည်နယ် ကန်ပက်လက်မြို့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ ကျွန်တော်ရောက်ရှိခဲ့ရာ တိုင်းရင်းသားများသည် မြင့်မားသော တောင်စောင်း၊ ဆင်ခြေလျှောများတွင် ကမ္ဘာငယ်တစ်ခုကဲ့သို့နေထိုင်ကြပြီး လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည်ဖြင့် အဘက်ဘက်မှ ချို့တဲ့ကာ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးတွင် ရှိနေသည်ကို တွေ့ရပါသည်။

ထိုသို့ကမ္ဘာတစ်ခုကဲ့သို့ ရှိနေသော အဆိုပါ တိုင်းရင်းသားတို့၏ ထူးခြားလှသည့် ဓလေ့ထုံးတမ်းစဉ်လာနှင့် ဝတ်စားဆင်ယင်မှု၊ အသက်မွေးဝမ်းကျောင်းပြုမှု၊ နေ့စဉ်လူမှုနေထိုင်မှုပုံစံများကို လေ့လာရန်နှင့် တောတောင်၊ ရှုခင်း၊ အလှအပများကို ခံစားရန်အတွက် ကမ္ဘာလှည့်ခရီးသည်များမှာ ဝေးလံပြီး တောင်တက်၊ တောင်ဆင်း၊ အကွေ့၊ အကောက်၊ ကြမ်းတမ်းမတ်စောက်လှသော လမ်းခရီးကို၊ လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်များဖြင့် နာရီပေါင်းများစွာ ဖြတ်သန်းစီးနင်းကာ ချမ်းအေးလှသော ဆောင်းရာသီကို ရင်ဆိုင်၍ လာရောက်နေကြပါသည်။

တိုင်းရင်းသားများနေထိုင်ရာဒေသသည် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ခရီးသွားများ လာရောက်မှုနည်းသဖြင့် သဘာဝအတိုင်းတည်ရှိနေဆဲဖြစ်နေရာ ကမ္ဘာလှည့်ခရီးသည်များ အကြိုက်တွေ့စေသည့် ခရီးစဉ်ဒေသများဖြစ်နေခြင်းကြောင့် ခရီးသွားကုမ္ပဏီများက ခရီးစဉ်များအား ရေးဆွဲကာရောင်းချပို့ဆောင်ရန် ကြံစည်အားထုတ်နေကြပြီဖြစ်ပါသည်။ သို့ရာတွင် အချိန်တိုအတွင်း သွားရောက်နိုင်မည့် လေကြောင်းလိုင်းခရီးအတွက် လေယာဉ်များ အချိန်မှန်ပြေးဆွဲပေးရန် လိုအပ်နေပါသေးသည်။ လေယာဉ်စီးနင်းရန် အဆင်မပြေပါက ကုန်းကြောင်းခရီးသွားရောက်ရန်အတွက် ဧရာဝတီမြစ်ကူးတံတားများ၊ လမ်းများ တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ချင်းပြည်နယ်သို့ ကားဖြင့် ခရီးကြမ်းမောင်းနှင်သွားရောက်ရန် လွယ်ကူအဆင်ပြေနေသော်လည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်ရန်အတွက်မူ ချင်းတွင်းမြစ်ကို ဖြတ်ကူးရန် ခန္တီး၊ ဆင်သေ၊ ချင်းတွင်းမြစ်ကူးတံတား တည်ဆောက်နေဆဲဖြစ်သဖြင့် အချိန်ပေးရသည်။ တံတားတည်ဆောက်မှုပြီးစီးပါက အချိန်သက်သာကာ အဆင်ပြေလွယ်ကူစွာသွားနိုင်မည်ဖြစ်ပါသည်။ တချို့ကုမ္ပဏီများမှာ မန္တလေးမှ ဟုမ္မလင်း၊ ခန္တီးအထိသင်္ဘောဖြင့် အစုန်၊ အဆန်မောင်းနှင်ကာ လာရောက်ပြီး ထိုမှတစ်ဆင့် လေရှီး၊ လဟယ်မြို့များအထိ ကားများဖြင့်သွားရောက်ရန် အစီအစဉ်ဆွဲနေကြပြီဖြစ်သဖြင့် ယခင်က နာဂပွဲတော်ကျင်းပချိန်တွင်သာ ခရီးသည်များအား ပို့ဆောင်ခဲ့ကြသော်လည်း ယခုအခါမိုးရာသီမှလွဲ၍ နွေနှင့်ဆောင်းရာသီ ခရီးသွားရာသီကာလတွင် ပို့ဆောင်ကြတော့မည် ဖြစ်ပါသည်။

ခရီးသွားကုမ္ပဏီအချို့က ကန့်သတ်ဒေသများ သတ်မှတ်မှုအတွက် နိုင်ငံ၏ခရီးသွားကဏ္ဍကို ထိခိုက်ကြောင်းပြောနေကြသော်လည်း ကန့်သတ်ဒေသမဟုတ်သည့် ကျန်သွားရောက်နိုင်သည့်ဒေသများသို့ ခရီးသွားများကို ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေကြသော ကုမ္ပဏီများရှိသကဲ့သို့ ဆက်လက်ပြောဆဲ၊ ပြောနေကြသူများလည်း ရှိပါသည်။ နိုင်ငံတော်အကြီးအကဲများမှ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ၏ ဘေးအန္တရာယ်လုံခြုံရေးအတွက် ဦးစားပေးစီစဉ်ဆောင်ရွက်နေခြင်းကို သတိမမူမိကြ၊ မိမိတို့အကျိုးစီးပွားတစ်စုံတစ်ရာ ထိခိုက်မှုအပေါ်ကိုသာ အာရုံစိုက်နေကြသည်ကိုတွေ့ရသည်။ ကန့်သတ်ဒေသသို့ ကမ္ဘာလှည့်ခရီးသည်များသွားရောက်စဉ် တစ်စုံတစ်ရာဖြစ်ပွားပါက ကုမ္ပဏီမှတာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်သွားပါမည်လား၊ ဝန်ကြီးဌာနကို ပုံချမည်လား၊ နိုင်ငံတော်ကို အပြစ်တင်မည်လား စဉ်းစားရန်ပင်မလို၊ အဖြေချက်ချင်းထွက်သည်။ အများအားဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များမှာ ပြည်ပခရီးသွားကုမ္ပဏီများတွင်သာ အာမခံထားရှိခဲ့ကြပြီး အဆိုပါအာမခံဖြင့်သာ ဖြေရှင်းကြမည် ဖြစ်ပါသည်။

ကန့်သတ်ဒေသသတ်မှတ်မှုမှ လွတ်ကင်းသည့်ဒေသများသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ သွားရောက်နိုင်သည့်ဒေသများ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှိနေပါသည်။ မြိတ်ကျွန်းစု၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် သဘာဝအခြေခံခရီးစဉ်များဖြစ်သည့် အလောင်းတော်ကဿပ၊ ချပ်သင်းဘေးမဲ့တော၊ လှော်ကားဥယျာဉ်၊ အင်းတော်ကြီး ဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တော၊ ကျိုက်ထီးရိုး ဘေးမဲ့တော၊ လန်ပိကျွန်း အမျိုးသားဥယျာဉ်၊ လောကနန္ဒာ ဘေးမဲ့တော၊ မိန်းမလှကျွန်းဘေးမဲ့တော၊ မိုးယွန်းကြီးဘေးမဲ့တော၊ မြိုင်ဟေဝန်ဆင်စခန်း၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ ပင်လောင်းပြဒါးလင်းဂူ ဘေးမဲ့တော၊ ဖိုးကျားဆင်စခန်း၊ ပုပ္ပါးတောင်ဥယျာဉ်၊ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်၊ သမီးလှကျွန်းဘေးမဲ့တောဥယျာဉ်၊ ဝက်ထီးကန် ငှက်လေ့လာရေးဥယျာဉ် စသည်တို့အား ခရီးစဉ်စီစဉ်ကာ ရောင်းချနိုင်ပါသည်။

နိုင်ငံတကာမှ ဧည့်သည်များက နိုင်ငံတော်အနေဖြင့် ခရီးသွားဧည့်သည်များ၏ အသက်ဘေးအန္တရာယ်အတွက် ကြိုတင်စီမံမှုများကို ကြိုက်နှစ်သက်ကြောင်း၊ မလုံခြုံသော ဒေသသို့ မသွားလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံတွင် ယခုမှ စိစစ်ကန့်သတ်မှုများဖြစ်ပေါ်သော်လည်း လုံခြုံမှုမရှိ၍ မြန်မာနိုင်ငံလောက် လည်ပတ်ရတာ စိတ်ချမ်းမြေ့မှုမရှိကြောင်းစသည်ဖြင့် သူတို့၏ရင်ထဲမှ ထွက်ပေါ်လာသော စကားသံများကို ပြန်လည်ကြားရပါသည်။ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်ရေးကို အထူးဦးစားပေးခဲ့ပြီး သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်မှုမရှိခဲ့၍ သဘာဝအခြေအနေများ ပျက်စီးခြင်း၊ ဂေဟစနစ်များယိုယွင်းလာခြင်းများကြောင့် အိမ်နီးချင်းနိုင်ငံများ၏ ခရီးစဉ်များအပေါ် စိတ်ဝင်စားမှု လျော့နည်းကာ သဘာဝအခြေအနေများ ပျက်စီးမှုမရှိသေးသည့် မြန်မာနိုင်ငံသို့ လာရောက်ရန် ပိုမိုစိတ်အားထက်သန်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်ထားရန် အကြံဉာဏ်များပေးလာကြသည်။

ကမ္ဘာလှည့်ခရီးသည်လာရောက်မှုနည်းသော ဒေသများသို့ ခရီးသည်များရောက်ရှိမှုများလာပါက ခရီးသွားအရင်းအမြစ်များ၊ ခရီးသွားထုတ်ကုန်များ၊ တိုင်းရင်းသားတို့၏စိတ်သဘောထားများ၊ရိုးရာအစဉ်အလာများ ပြောင်းလဲသွားမည်၊ပျက်စီးသွားမည်ကို ကြိုတင်စိုးရိမ်မိပါသည်။

**စာမျက်နှာ ၁၁ သို့ ❖**

# ခင်ခင်ဝင်း၏ ရေဆန်လမ်းမှ အိမ်အပြန်

## မြင့်ဆွေဦး

'ရေဆန်လမ်းမှ အိမ်အပြန်'မှာ ဒေါ်ခင်ခင်ဝင်း၏ ဒီမိုကရေစီရေး အရေးတော်ပုံတွင် ပါဝင်လှုပ်ရှားမှုများကို မှတ်တမ်းထားခြင်းဖြစ်သည်။ 'ရေဆန်လမ်းမှ အိမ်အပြန်' စာအုပ်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက သူ့အမှာစာတွင် အောက်ပါအတိုင်း ရေးသားပေးခဲ့သည်။

"အချုပ်အားဖြင့်ဆိုရလျှင် စာရေးသူ ဒေါ်ခင်ခင်ဝင်းသည် ၈၈ အရေးအခင်းကြီးစတင်သည်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်စဉ်ကပင် ပြည်သူအကြား ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်နောက်ပိုင်းမှစ၍ စာရေးသူ ဒေါ်ခင်ခင်ဝင်းသည် နိုင်ငံရေးအားဖြင့် တိုင်းနှစ်တိုင်းနှင့် မြို့နယ်အမျိုးသမီးစည်းရုံးရေးတို့တွင် ပါဝင်ရသည့်အပြင် ခြံအမှတ်(၅၄)အိမ်ကြီးတွင်လည်း လိုအပ်သည့်ကိစ္စအဝဝအတွက် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် တောက်လျှောက်ပင် ဆက်သွယ်စည်းရုံးရေးလုပ်ငန်းများ ထဲထဲဝင်ဝင်ဆောင်ရွက်ရင်း သူ့ဘဝကို နှစ်မြှုပ်ထားခဲ့သူဖြစ်သည်။ အတွေ့အကြုံများ ပိုတိုးကာရရှိလာသည်နှင့်အမျှ အထူးသဖြင့် ဒီပဲယင်းအကြမ်းဖက်မှုကြီးမှ လွတ်မြောက်လာသော ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အချုပ်အနှောင်မှ အိမ်ပြန်ပို့ချိန်မှစ၍ အကျယ်ချုပ်ခြောက်နှစ်ခွဲခန့် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နေထိုင်ခဲ့ရသောအခြေအနေများကို သူကြုံတွေ့ရသည့်အတိုင်း ရေးပြထားသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။"

စာရေးသူ ဒေါ်ခင်ခင်ဝင်းတို့မိသားစုသည် ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် နောက်မတွန့်ဘဲ ပါဝင်ခဲ့သူများ ဖြစ်သည်။ ဒေါ်ခင်ခင်ဝင်း၏ ခင်ပွန်းဖြစ်သူ မကွယ်လွန်ခင်က အားပေးစကားကလည်း လေးစားလောက်ဖွယ်ဖြစ်သည်။ ထိုအကြောင်းကို ဒေါ်ခင်ခင်ဝင်းက 'နိုင်ငံရေးမှာ ပါဝင်ခြင်းနှင့် အနားယူခြင်း' တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။

"၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အကောင်း၊ အဆိုး၊ အနု၊ အကြမ်း ခက်ခဲတဲ့လမ်းကြောင်းပေါ်မှာ မနားတမ်း ကျွန်မ နှင့် ကျွန်မ မိသားစု၊ ကျွန်မနှင့် ကျွန်မ၏လုပ်ဖော်ကိုင်ဖက်များ၊ လူငယ်အဖွဲ့ဝင်များအားလုံးနှင့် အတူတကွ လက်တွဲမပျက် လျှောက်လှမ်းခဲ့ပါသည်။ ဒုက္ခတွေ တွေ့တိုင်းလည်း ကွယ်လွန်သူခင်ပွန်းသည် ကိုညဏ်ပြောလေ့ရှိသည့်စကားမှာ 'စိတ်ဓာတ်မကျနဲ့၊ ကိုယ့်ထက်ဆိုးတဲ့အဖြစ်နဲ့ ရင်ဆိုင်ခံစားနေရတဲ့ မိသားစုတွေ၊ အသက်ပါပေးသွားကြရတဲ့ ကျောင်းသားလူငယ်ကလေးတွေကို ပြန်တွေးလိုက်ရင် တို့တွေ့ရတဲ့ဒုက္ခက ဘာမှမဟုတ်ဘူး' ဆိုသည့် အားပေးစကားဖြင့် ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်မြှင့်တင်သည်။ ကိုယ့်ရှေ့မှာ နမူနာကောင်း ဒေါ်အောင်ဆန်းစုကြည်ကို မျှော်ကြည့်ကာ သူ့ဒုက္ခတွေနဲ့စာရင် ငါတို့မိသားစုက ဘာမှမခံရသေးပါဘူးဟု အားတင်းခဲ့သည်။ သည်လိုတွေနှင့်ပဲ ဒီလှိုင်းကြမ်း၊ လေကြမ်း၊ ရေဆန်လမ်းကို ကျွန်မတစ်ယောက်တည်းနှင့် ကျွန်မရဲ့တစ်မိသားစုတည်းနဲ့ ဖြတ်ခဲ့တာမဟုတ်ဘဲ တစ်နိုင်ငံလုံး အားလုံးအတူတူ ဖြတ်ခဲ့ရတာပဲလေ။ ကျွန်မနဲ့ လူငယ်လေးများ ကျော်ဖြတ်ခဲ့ကြသော ရွှေဝါရောင်အရေးအခင်းတုန်းက ကျွန်မတို့ တစ်နိုင်ငံလုံး အကျဉ်းကျမှု၊ ဖိနှိပ်ချုပ်ချယ်မှုများနှင့် ဥပဒေ၏အောက်တွင် မလူးသာ မလွန့်သာဖြစ်နေခဲ့ကြပေမယ့် တူညီတဲ့ စိတ်ဓာတ်နဲ့ ရုန်းကန်လှုပ်ရှားခဲ့တာပါ။

"နောက်ပြီး နိုင်ငံရေးလုပ်ခဲ့တဲ့ ကာလတစ်လျှောက်လုံး ဒေါ်အောင်ဆန်းစုကြည်ကို အနီးကပ်လေ့လာခွင့်၊ သူ့ဆီက ကောင်း၊ ဆိုးအမူအကျင့်လေးတွေကို တုပခွင့်၊ လိုက်နာကျင့်ကြံခွင့်လေး တွေ့ရှိခဲ့ခြင်းကလည်း ကျွန်မအတွက် နှစ်သက်ကျေနပ်စရာများထဲက တစ်ခုပါပဲ။"

၁၉၉၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲဆန္ဒနယ် ၄၄၇ နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၃၉၂ ဦး အနိုင်ရခဲ့သည်။ တစ်ပြည်လုံးအတိုင်းအတာနှင့် အဖွဲ့ချုပ်ပါတီမှ ၈၂ ရာခိုင်နှုန်းနှင့် အနိုင်ရခဲ့သည်။ ထိုစဉ်က ဗိုလ်ချုပ်မှူးကြီး စောမောင်က ရွေးကောက်ပွဲပြီးပါက စစ်တန်းလျားပြန်မည်ဟု အတိအလင်းပြောထားခဲ့သော်လည်း ရွေးကောက်ပွဲအဖြေပြတ်ပြတ်သားသားသိပြီးပါမှ ရွေးကောက်ပွဲဆိုတာ အာဏာလွှဲရန်မဟုတ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်သာဖြစ်သည်ဟု ဆိုလာသည်။

ဤသို့နှင့် နဝတက ၁/၉၀ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ မေလ ၂၇ ရက်နေ့ ရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက်သာဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အခြေခံဥပဒေရေးဆွဲရန် တာဝန်ရှိသူများဖြစ်သည့် အကြောင်းကြောင့် စသည်ဖြင့် အာဏာလွှဲပြောင်းရေးကို ငြင်းဆိုခဲ့လေသည်။

၁/၉၀ ကိုလိုက်နာပါမည်ဆိုသည့် လက်မှတ်မထိုးပါက ပါတီမှတ်ပုံတင်ဖျက်သိမ်းမည်ဟု အကျပ်ကိုင်လက်မှတ်ထိုးခိုင်းခဲ့သည်။

အမှန်တကယ်တော့ စစ်အစိုးရသည် ပြည်သူနှင့် နိုင်ငံရေးပါတီများအား တရားဝင်ပေးထားသည့်ကတိကို ခပ်ပြောင်ပြောင်ဖျက်ခဲ့ခြင်းဖြစ်သည်။

၂၀-၉-၁၉၉၁ နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် သက်တမ်းတိုးခဲ့သည်။ အောက်တိုဘာ ပထမအပတ်တွင် ဒေါ်အောင်ဆန်းစုကြည်အား နိုဘယ်လ်ဆုရှင်အဖြစ် အမည်စာရင်းတင်သွင်းခံရကြောင်း ကြေညာခဲ့ပြီးနောက် အောက်တိုဘာ ၁၅ ရက်တွင် နိုဘယ်လ်ဆုရှင်အဖြစ် ရွေးချယ်ကြောင်း ကြေညာခဲ့ပြီး ထိုနှစ် ဒီဇင်ဘာ ၁၀ ရက်၌ ဒေါ်အောင်ဆန်းစုကြည်အား နိုဘယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့သည်။

သို့ရာတွင် ပြည်သူများ၏ ပျော်ရွှင်ကျေနပ်မှုနှင့် မျှော်လင့်ချက်ရောင်ခြည်မှာ တစ်ရက်ပြည့်အောင် မခံလိုက်ရဘဲ နောက်တစ်နေ့ ဒီဇင်ဘာ ၁၁ ရက်တွင် ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ခံထားရသူ ဦးအောင်ရွှေ၏ လက်မှတ်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ပါတီမှထုတ်ပယ်ကြောင်း အဖွဲ့ချုပ်၏ ကြေညာချက်ထွက်လာသည်။

ဒီဇင်ဘာ ၁၁ ရက်တွင် ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးသန်းထွန်းတို့အား ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဘဌေး ဦးဆောင်သည့်အဖွဲ့က ထပ်မံခေါ်ယူခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အား ထုတ်ပစ်မလား၊ ပါတီအဖျက်ခံမလားဟု နောက်ဆုံးရာဇသံပေးပြီး ဖိအားပေးခဲ့ခြင်းဖြစ်သည်။

ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ခင်သင်းဦးတို့နှစ်ယောက်သည် ကမာရွတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ နာမည်ကျော် ကဗျာဆရာကြီးလည်းဖြစ်သော ဆရာကြီး ဦးဝန်(မင်းသုဝဏ်)ထံသွား၍ ဦးတင်ဦးနှင့် ဒေါ်စုကို ထုတ်ပယ်ပြီးနောက် ဘယ်လိုဆက်ပြီး ရပ်တည်သင့်သလဲဟု အကြံဉာဏ်တောင်းခံကြလေသည်။

"တို့အသည်းနှလုံးကို ထုတ်ပေးလိုက်ရတာပါပဲ။ သို့သော် မင်းတို့ ဆက်ပြီးရပ်တည်နိုင်ရမယ်၊ တောင့်ခံနိုင်ရမယ်၊ ကိုယ့်မိဘမရှိတုန်း ကိုယ့်အိမ်ကို ထိန်းသိမ်းနိုင်ရမယ်။ ကြမ်းတစ်ချောင်းကျိုးသွားရင် တစ်ချောင်းအစားထိုး၊ ဝင်းထရံတစ်ချောင်းကျိုးရင် နောက်တစ်ချောင်းထပ်စိုက်နိုင်ရမယ်။ ဒါမှ တို့ခေါင်းဆောင်ပြန်လာရင် မပျက်မစီး ရပ်တည်ထားတဲ့ပါတီကို အဆင်သင့်လက်ပြောင်းပေးနိုင်ပြီး သူက အရှိန်မပျက် ဆက်လက်လုပ်ကိုင်နိုင်လိမ့်မယ်"ဟု ဆုံးမလမ်းညွှန်ခဲ့သည်။

ဆရာကြီး မင်းသုဝဏ်၏ ဆုံးမညွှန်ကြားချက်အရ ကျွန်မတို့မှာ ပါတီရပ်တည်နိုင်ရေးအတွက် ဘာမဆိုရင်ဆိုင်သွားရန် ခွန်အားနှင့် သတ္တိများ ရရှိလာခဲ့ကြသည်ဟု ဆိုလေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ယခင်က အိမ်ကထွက်ပြီး မအောင်မြင်ခဲ့သည့် ဧရာဝတီတိုင်းခရီးစဉ်ကို တတိယအကြိမ် ထွက်ခဲ့သည်။ ထုံးစံအတိုင်း အညာစုကျေးရွာနားမှာပဲ ရှေ့ဆက်ခရီးမသွားနိုင်အောင် အတားအဆီးများချထားပြီး ပိတ်လိုက်ပြန်သည်။ ဩဂုတ် ၂၄ ရက်ကစပြီး ထိုနေရာမှာပဲ ကားရပ်ပြီး ရှေ့မတိုးနောက်မဆုတ်နှင့် အခြေအနေတင်းမာနေခဲ့သည်။

ထိုအဖြစ်အပျက်ကို ဒေါ်ခင်ခင်ဝင်းက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။

"ဤတစ်ခေါက်မှာလည်း သတင်းများအရ နှစ်ဖက်တင်းမာနေကြတာကို သိရလို့ ခြံထဲမှာစောင့်ကျန်ရစ်ရသည့် ကျွန်မနှင့် လူငယ်တချို့မှာ ဒေါ်အောင်ဆန်းစုကြည်အတွက်ရော ဦးတင်ဦးအတွက်ပါ ဘယ်ပုံစံနှင့်များ ဆီးကြိုရမလဲဆိုသည်ကို တစ်ရက်ထက်တစ်ရက်တိုးပြီး စိတ်လှုပ်ရှားနေခဲ့ကြသလို သတိဝီရိယနှင့်လည်း နိုးနိုးကြားကြား သတိအနေအထားနှင့် စောင့်မျှော်နေကြရသည်။




စက်တင်ဘာ ၁ ရက် ည ၁၁ နာရီဝန်းကျင်တွင် တက္ကသိုလ်ရိပ်သာလမ်းတစ်ခုလုံး မီးမှောင်ကျသွားခဲ့ပါသည်။ သိပ်မကြာခင် ကျွန်မကို ဂိတ်တံခါးဖွင့်ပေးရန် ပြောသည်။ ကျွန်မက ဒေါ်အောင်ဆန်းစုကြည်အိမ်မှာ ဒေါ်အောင်ဆန်းစုကြည်အမိန့်ကလွဲ၍ ဘယ်သူ့အမိန့်မှ မနာခံနိုင်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပြောမှ ဖွင့်နိုင်မည်ဟု အကြောင်းပြန်လိုက်သည်။

ထိုညမှာပဲ တစ်ရပ်ကွက်လုံး အမှောင်နှင့် မည်းမည်း အချိန်မှာ ခြံ၏ဂိတ်တံခါးကို ချိုးဖျက်နေသံများကို အတိုင်းသားကြားလိုက်ရသည်။ ရိုက်ချိုးမရသောအခါ ဂဟေဆော်သည့် ဂတ်စ်မီးဖြင့် သော့တံကိုဖွင့်သဖြင့် တံခါးပွင့်သွားခဲ့သည်။ တံခါးပွင့်လျှင်ပွင့်ချင်း ခြံထဲသို့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းဝင်လာသည်။ ဒေါ်အောင်ဆန်းစုကြည်ပါသည့်ကား အိမ်ရှေ့ဆင်ဝင်တံခါးပေါက်သို့ရောက်သည်ဆိုလျှင်ပဲ လုံခြုံရေးလူငယ်လေးများသည် ဂိတ်ဝရှိ ကားဆီသို့ အတင်းပြေးကပ်သွားကြသည်။ ဤမျှလောက် ဗရုတ်သုတ်ခအချိန်မှာပင် သူတို့ဆီက သတင်းမှတ်တမ်းအဖွဲ့က ဗီဒီယိုများ၊ ကင်မရာများနှင့် ဒေါ်စုကို တည့်တည့်ချိန်ရွယ်ကာ ရှုထောင့်အစုံမှ စက္ကန့်မလပ်ရိုက်ယူနေကြသည်။

'ကားထဲမှ ဒေါ်စုကို ဘေးတစ်ဖက်တစ်ချက်မှညှပ်ပြီး လိုက်ပါလာသည့် ရဲမေများက ဒေါ်စုကိုပွေ့ချီပြီး ချမည်လုပ်ပါသည်။ လူငယ်များကလည်း ရဲမေများကို အကိုင်မခံဘဲ သူတို့တွဲမည်ဆိုကာ ဒေါ်စုကို အပြန်အလှန်လုနေကြသည်။ ဒါနှင့်ပဲ ကျွန်မက "ဘယ်သူမှ အနားမကပ်နဲ့ ကျွန်မတွဲမယ်"ဟု ခပ်မာမာပဲ အော်လိုက်သည်။ သည်တော့မှ ဗိုလ်မှူးသူရက သူ့ရဲမေများကို 'အန်တီဝင်း ပွေ့မယ်၊ ဖယ်ကြ' ဟု အမိန့်ပေးခဲ့သည်။

'ကျွန်မက ဒေါ်စုကို ကားထဲကနေ အောက်ကို ရောက်အောင်တွဲပြီး ချပေးလိုက်ပါသည်။ ထိုအချိန်မှာ သူ့ခန္ဓာကိုယ်က ခြစ်ခြစ်တောက်နေသည့်အပူရှိန်က ကျွန်မကို လာဟပ်ပါသည်။ ထိုတဒင်္ဂလေးမှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို ယခုလို ဇွတ်တရွတ်အိမ်ပြန်ပို့ဖို့ အမိန့်ပေးခဲ့သည့် မောင်မင်းကြီးသား ဘယ်သူပဲဖြစ်ဖြစ် အိမ်အရောက် အတင်းအကျပ်ခေါ်လာပေးကြသည့် ဤတပ်ဖွဲ့ကိုပါ ကျေးဇူးတင်လိုက်ရသည်။ သူတို့သာ အိမ်အရောက် ယခုလို ဇွတ်မပို့ခဲ့ပါက ဒေါ်စုက ထိုနေရာမှာ အသေခံပြီးနေသွားမည်မှာ သေချာလှသည်။

အိမ်ပေါ်တက်မည့်လှေကားနားမှာ ဒေါ်စုက သူ့ကို အောက်ချပေးရန် မပြတ်တောင်းဆိုသည်။ ထောက်လှမ်းရေးများကလည်း လှေကားနားမှာ ရပ်နေပြီး လိုသည့်အကူအညီပေးဖို့ အဆင်သင့်ပြင်ထားသည့်အနေအထားနှင့် စောင့်ကြည့်နေသည်။

ဒေါ်စုက ခြံလုံခြုံရေးတာဝန်ယူထားသည့်အဖွဲ့ကို တည့်တည့်ကြည့်ပြီး-

'ဘယ်လိုမှ အမေ့လုံခြုံရေးယူတာမဟုတ်ဘဲ အမေ့သွားလာသမျှကို အထက်ကိုအကြောင်းကြားပြီး အမေ့ကိုနှောင့်ယှက်ဖို့သက်သက် အမေ့ခြံထဲမှာ လာနေကြတာပဲ။ ယခုအချိန်ကစပြီး အမေ့လုံခြုံရေးယူပေးစရာ မလိုဘူး။ ယခု ပြောင်းကြတော့'ဆိုပြီး ခြံရှေ့ဂိတ်ဝမှာ ချထားသည့် တပ်စုကို ညတွင်းချင်း နှင်ထုတ်သည်။

ဒေါ်ခင်ခင်ဝင်းက ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းမှ မြွေတွေအကြောင်း ရေးထားသေးသည်။ အကျယ်ချုပ်ချထားစဉ် အင်းစိန်ထောင်ရောက်ပြီး ၁၈ လကြာမျှ ခြံဝင်းတွင်တောထနေခဲ့သည်။ ထိုအခါ မြွေတွေမြောက်မြားစွာ ပေါက်ဖွားနေခဲ့လေသည်။ ထောက်လှမ်းရေးခြံစောင့်ရဲဘော်များကိုယ်တိုင် ကြောက်လန့်ရသော မြွေအန္တရာယ်ရှိမှန်း သိသိကြီးနှင့် ဤမျှ ချုံနွယ်ပိတ်ပေါင်းထူပြောနေမှုကို ပစ်ထားတော့ အထက်အရာရှိမင်းများ၏ အမိန့်အာဏာအောက်တွင် သူတို့ တတ်နိုင်သမျှ သတိပေးစကားပြောကြားခြင်း၊ မြွေနိုင်ဂါထာရွတ်စေလိုသည့် စေတနာတို့ကြောင့် ကျွန်မတို့အပေါ် စိုးရိမ်စိတ်တော့ ရှိရှာသားပဲဟုဆိုသည့် သူတို့၏ လူသားဆန်သော နှလုံးသားကိုမြင်အောင်ကြည့်ကာ ကျေးဇူးတင်ရပါသည်ဟု ဒေါ်ခင်ခင်ဝင်းက ဆိုလေသည်။

'ရေဆန်လမ်းမှ အိမ်အပြန်' မှာ ဒေါ်ခင်ခင်ဝင်း၏ ကိုယ်တွေ့မှတ်တမ်းဖြစ်သော်လည်း သည်းထိတ်ရင်ဖို ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသလို ခံစားမိပါသည်ဟု တင်ပြလိုက်ရပါသည်။

# ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် "ဗျည်းအက္ခရာတေးကဗျာ" စာအုပ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်အစိုးရက ကလေးအရွယ်မှစ၍ စာဖတ်ဝါသနာပါရှိစေရန်ရည်ရွယ်၍ ကလေးစာပေပွဲများ၊ ကလေးစာပေစာအုပ်များအား စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသလို စာရေးဆရာများကလည်း ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖက်ဖက်မှ ရေးသားထုတ်ဝေပေးလျက်ရှိသည်။




ယခုအခါ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ စာရေးဆရာ၊ ကဗျာဆရာ၊ ရေနံ့သာမောင်ကျော်ညွန့်က "ဗျည်းအက္ခရာတေးကဗျာ"ဟူသော မြန်မာဗျည်းအက္ခရာအမည်တွေကို ရိုးရှင်းစွာ မှတ်မိစေရန်အတွက်လည်းကောင်း၊ မြန်မာဗျည်းအက္ခရာများ၏ အမည်တွေကို ပီပီသသရွတ်တတ်ရန်လည်းကောင်း "ဗျည်းအက္ခရာတေးကဗျာ" စာအုပ်ကို ကဗျာတည်ဖွဲ့ရေးထားသည့် စာအုပ်ထွက်ရှိလာခဲ့သည်။

အဆိုပါစာအုပ်သည် ယခုလက်ရှိ အခြေခံကျောင်းများတွင် သင်ကြားလျက်ရှိသော KG တန်းများအတွက် အလွန်လိုက်ဖက်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**ညီညီသန်း (နေပြည်တော်)**

❑

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ မွန်အမျိုးသားနေ့အကြို တေးသီချင်းများဖြင့် လာရောက်ဖျော်ဖြေ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ယနေ့ ညနေ ၆ နာရီခွဲတွင် မွန်ပြည်နယ် ရှင်စောပု အမျိုးသမီးစွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၏ဇနီး ဒေါ်ကျင်သန်း ဦးဆောင်သည့် မော်လမြိုင်တက္ကသိုလ် စာပေနှင့် ယဉ်ကျေးမှုအသင်းမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက မွန်အမျိုးသားနေ့အကြိုအဖြစ် မွန်ရိုးရာတေးသံသာများဖြင့် လာရောက်ဖျော်ဖြေခဲ့ကြသည်။

**သွားရောက်ဖျော်ဖြေ**

အလားတူ မွန်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့၏ နေအိမ်များသို့လည်း ယနေ့ညနေပိုင်းတွင် သွားရောက်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ လာရောက်ဖျော်ဖြေသည့် မွန်တိုင်းရင်းသား တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။**
(သတင်းစဉ်)



# ရန်ကုန်စာအုပ်လမ်းတွင် သုတ၊ ရသ စာပေများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များ တစုတဝေးတည်းရောင်းချပေးလျက်ရှိ

သတင်း - ကိုကိုဇော်
ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ယနေ့သည် စနေနေ့ အားလပ်ရက်ဖြစ်သည်။ ရန်ကုန်မြို့သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသည် စာအုပ်ဆိုင်များ ခင်းကျင်းပြီးသည်နှင့် နံနက်ပိုင်းမှစတင်၍ စာပေချစ်မြတ်နိုးသူများ၊ လေ့လာသူများနှင့်အတူ စည်ကားလျက်ရှိသည်။

စာအုပ်ဆိုင်ပေါင်း ၁၇၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူပရိသတ်များအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ ရှေးယခင်က ထုတ်ဝေခဲ့သော သတင်းစာအဟောင်းများ၊ သုတ၊ ရသအဟောင်း၊ အသစ် လုံးချင်းဝတ္ထုတို၊ ဝတ္ထုရှည် စာအုပ်များ၊ ကမ္ဘာ့ခေါင်းဆောင်များ၏ သမိုင်းဝင်စာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတ၊ ရသစာအုပ်များ၊ ဆေးပညာဆိုင်ရာ စီဒီခွေများ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ကျောင်းသားကျောင်းသူ ကလေးငယ်များအတွက် ကျောင်းသုံးစာအုပ်များ၊ မြန်မာအနုပညာရုပ်များ၊ ရှေးယခင်က သုံးစွဲခဲ့သော ပိုက်ဆံအကြွေစေ့မျိုးစုံ စသည်တို့အပြင် ဘောင်သွင်းထားသည့် လက်ရေးပန်းချီကားများ၊ မြန်မာမှုစာတမ်း၊ ဓာတ်ပုံများရိုက်နှိပ်ထားသော စပို့ရှပ်အင်္ကျီများနှင့် လွယ်အိတ်မျိုးစုံတို့ကို တစုတဝေးတည်း ခင်းကျင်းရောင်းချလျက်ရှိသည်။

အချို့သော စာအုပ်ဆိုင်များသည် စာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးသောကြောင့် စာပေချစ်မြတ်နိုးသူများ စိတ်ကြိုက်ဝယ်ယူအားပေးကာ စည်ကားလျက်ရှိသည်။

ယခု ရန်ကုန်စာအုပ်လမ်းကို ပြန်ကြားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့က စာအုပ်၊ စာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေအသိပညာ ဗဟုသုတ ကြွယ်ဝလာစေရေးနှင့် ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေဖြန့်ချိသူများအချင်းချင်း ရင်းနှီးကျွမ်းဝင်ကာ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်ရေး ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် ရောင်းသူ၊ ဝယ်သူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိစဉ်။

# ဝက်သက်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း ရန်ကုန်တိုင်းဒေသကြီး ငါးမြို့နယ်တွင် ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ တွံတေးမြို့နယ်၊ သာကေတမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့တွင် အသက်ကိုးလမှ (၁၅)နှစ်အတွင်းရှိ ကလေးသူငယ်စုစုပေါင်း ၄၂၀၀၀၀ ခန့်အား ဝက်သက်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို ဖေဖော်ဝါရီ ၆ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့နယ်များတွင် ပုံမှန်နှင့် အစုလိုက်ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှုလျော့နည်းခြင်းကြောင့် လှိုင်သာယာမြို့နယ်တွင် ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားလျက်ရှိပြီး ကျန်မြို့နယ်များတွင် ဖြစ်ပွားမှုမြင့်မားလာသည်ကို တွေ့ရသည်။ ကလေးသူငယ်များတွင် ဝက်သက်ရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများကြောင့် ပြင်းထန်ရောဂါများဖြင့် နာမကျန်းခြင်းနှင့် အသက်ဆုံးပါးရခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဝက်သက်ကာကွယ်ဆေးကို အစုလိုက်ထိုးနှံခြင်းဖြစ်သည်။

မိဘများအနေဖြင့် ကလေးသူငယ်များအား ယခင်က ဝက်သက်ကာကွယ်ဆေး(သို့မဟုတ်) ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံဖူးသည်ဖြစ်စေ၊ မထိုးနှံဖူးသည်ဖြစ်စေ၊ ဝက်သက်ပေါက်ဖူးသည်ဖြစ်စေ၊ မပေါက်ဖူးသည်ဖြစ်စေ ကာကွယ်ဆေးထိုးနှံပေးကြရန်နှင့် မိမိ၏ကလေးသူငယ်အတွက် ဝက်သက်ကာကွယ်ဆေးမထိုးရသေးပါက အထူးအခွင့်အရေးတစ်ရပ်အဖြစ် မှတ်ယူကာ ကာကွယ်ဆေးထိုးစုရပ်များသို့လာရောက်ကြရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် ကျန်းမာရေးဌာနများတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မီးရထားအား ခဲဖြင့်ပေါက်မှုမဖြစ်ပွားရေး အသိပညာပေး

**ဘုရားကြီး ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ (ပဲခူး)မှ စခန်းမှူးရဲအုပ်စိုးမြင့်သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးရပ်ကွက်(၁) အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဖေဖော်ဝါရီ ၃ ရက်က ရထားအားခဲဖြင့်ပေါက်မှု ဖြစ်စဉ်များမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ စခန်းမှူးရဲအုပ်စိုးမြင့်က ရထားပို့ဆောင်ရေးလုပ်ငန်း၊ ဥပဒေပါပြစ်မှုနှင့် ပြစ်ဒဏ်များကို ဖတ်ကြားရှင်းလင်း၍ ပြည်သူလူထုများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ဟောပြောခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှုဆောင်ရွက်

**ရွှေတောင် ဖေဖော်ဝါရီ ၄**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူထုပူးပေါင်းပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှုကို ယနေ့ နံနက် ၇ နာရီက ရွှေတောင်မြို့ ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင်၊ ရွှေမျက်မှန်ဘုရားဝင်း အတွင်းအပြင်၊ ရွှေပြောင်ပြောင်ဘုရားဝင်းနှင့် ချမ်းသာကြီးဘုရားပရိဝုဏ် အတွင်းအပြင်၊ ဆေးရုံလမ်းထိပ်မှ ကမ်းနားလမ်းထိ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

အဆိုပါ လူထုလှုပ်ရှားဆောင်ရွက်မှုကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်ပါဝင်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထု စုစုပေါင်းအင်အား ၁၁၅၃ ဦးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

(၁၁၆)

ပင်လုံစိတ်ထား
အစဉ်နှိုးကြား
ကြိုးစားဆောင်ရွက်
တိုင်းပြည်အတွက်

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ပုဂံမြို့ရှိ ဘုရားစေတီများအား ဖူးမြော်ကြည်ညို



**ပုဂံ ဖေဖော်ဝါရီ ၄**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ လေ့လာရေးအလည်အပတ်ခရီး ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E .Dr. Somkid Jatusripitak နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မီးပုံးပျံစီး၍ ပုဂံမြို့ရှိ ရှုခင်းအလှအပများကို ကြည့်ရှုလေ့လာပြီး ရွှေစည်းခုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

နံနက် ၁၁ နာရီတွင် ပုဂံဒေသနှင့် ဆက်နွှယ်ပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့သည် ပုဂံမြို့ Amazing Bagan Resort ဟိုတယ် မင်းကျန်စစ်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေသော ခရီးသွားလုပ်ငန်းမှ အဆိုးအကောင်းများကို သင်ခန်းစာယူနိုင်ရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် သာမကဘဲ ခရီးသွားဧည့်သည်များကို ဒေသထွက်ကုန်များ ရောင်းချပေးနိုင်ရန် ကြိုးစားသင့်ပါကြောင်း၊ ဒေသထွက်ကုန်များ မရောင်းရဘဲ ခရီးသွားလုပ်ငန်းတစ်ခုပဲ ဖွံ့ဖြိုးတိုးတက်နေလျှင် ဟိုတယ်လုပ်ငန်းရှင်များသာ အကျိုးရှိမည်ဖြစ်ပြီး ဒေသခံပြည်သူအတွက် အကျိုးရှိမည်မဟုတ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ထိုင်းနိုင်ငံနှင့် ပုဂံညောင်ဦးသို့မဟုတ် မန္တလေးမြို့သို့ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က Bagan Thiripyitsaya ဟိုတယ်တွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးစေတီတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး The Lotus Collection ယွန်းထည်ပစ္စည်းဆိုင်ကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အာနန္ဒာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ညနေပိုင်းတွင် ဧရာဝတီမြစ်အတွင်း Makara Queen သင်္ဘောပေါ်မှ ပုဂံမြို့၏ နေဝင်ဆည်းဆာအလှကိုကြည့်ရှုခံစားကြသည်။ **(အေဝမ်းစိုး)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီရိက္ခာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီရိက္ခာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ကချင်ပြည်နယ်ရှိတိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီရိက္ခာများ ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများထံ အကူအညီရိက္ခာများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုကျင်းပခဲ့သော အခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်အိတ် ၃၀၀၀၊ ဆီပိဿာ ၆၀၀၀၊ ဆား ပိဿာ ၆၀၀၀၊ ပဲ ပိဿာ ၆၀၀၀ နှင့် စောင်အထည် ၅၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အခြေခံကျန်းမာရေးတက္ကသိုလ် သက်တမ်း( ၂၂ )နှစ်တွင် ကျန်းမာရေးသိပ္ပံဘွဲ့ရမောင်မယ် ၁၉၇၄ ဦး လေ့ကျင့်မွေးထုတ်

**မကွေး ဖေဖော်ဝါရီ ၄**

အခြေခံကျန်းမာရေး တက္ကသိုလ် (မကွေး)(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) မြဧရာခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံနှင့် ဒေသအတွင်း ဦးဆောင်သော အခြေခံကျန်းမာရေး တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်ရန် ရည်မှန်းချက်(Vision)နှင့် အရည်အချင်းပြည့်ဝသော အခြေခံကျန်းမာရေးပညာရှင်များ မွေးထုတ်ရန်၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကို နီးနွှယ်ဌာနများနှင့်ပူးပေါင်း၍ အပြည့်အဝပေးရန်နှင့်အရည်အသွေးရှိသော ပြည်သူအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်ဟူသော လုပ်ငန်းတာဝန်(Mission)သုံးခုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ အခြေခံကျန်းမာရေး တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်သည့် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ ကျန်းမာရေးသိပ္ပံဘွဲ့ရမောင်မယ် ၁၉၇၄ ဦးအပြင် အခြားလက်မှတ်ရသင်တန်းသားများဖြစ်သည့် လက်ထောက်ကျန်းမာရေးမှူး ၁၂၉၈ ဦး၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၁) ၁၄၂၁ ဦးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂) ၃၃၃၂ ဦး၊ စုစုပေါင်း ၆၀၅၁ ဦးတို့ကို လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ဆေးတက္ကသိုလ်(မကွေး)မှ အလုပ်သင်ဆရာဝန် စုစုပေါင်း ၄၁၇၆ ဦးကိုလည်း လူထုကျန်းမာရေးပညာရပ်အတွက် ကွင်းဆင်းလေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာထင်ဇော်စိုးက ထည့်သွင်းပြောကြားသည်။

အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဘွဲ့အပ်နှင်းပွဲအစီအစဉ်များအတိုင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် ယနေ့အခမ်းအနားတွင် ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)ဘွဲ့ရမောင်မယ် ၁၀၉ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



# အင်းစိန် အမက ( ၄ )ကျောင်းတွင် အာဟာရကျွေးမွေးခြင်းနှင့် စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း လှူဒါန်းပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၄)ရှိ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းနှင့် စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ များလှူဒါန်းပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ အလှူရှင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ကျောင်းသားကျောင်းသူများအား ဗလငါးတန်ပြည့်စုံပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အားထားရသည့် အနာဂတ်သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ခွန်အားဖြစ်ဖွယ် အာဟာရနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ဗဟုသုတဖြစ်ဖွယ် စာအုပ်များကို စေတနာ သဒ္ဓါတရားအပြည့်ဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်ကလည်း ယခုလို တိုးတက်ပြောင်းလဲနေသော နည်းပညာကမ္ဘာကြီးတွင် စာပေဗဟုသုတ ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ များစွာလိုအပ်ကြောင်း၊ စာပေကို ကြိုးစားသင်ယူပြီး ဗဟုသုတဖြစ်ဖွယ်စာအုပ်များ ဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြသည်။

ထို့နောက် အလှူရှင် ဒေါက်တာဗိုလ်သံမဏိ (တောင်တွင်းကြီး)က အစိုးရထုတ် ကြေးမုံသတင်းစာတစ်စောင် တစ်နှစ်စာ ဝယ်ယူဖတ်ရှုရန်အတွက် သတင်းစာဖိုးအလှူငွေကျပ် ၃၀၀၀၀ နှင့် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ တန်ဖိုးငွေကျပ် တစ်သိန်းဖိုးခန့်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောစောနိုင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း (အင်းစိန်)**

# ထရန်စဖော်မာနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**စစ်ကွင်း ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စစ်ကွင်းမြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ အုတ်တွင်းအုပ်စု ကျောင်းစုကျေးရွာတွင် ၁၆၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်းနှင့် ၎င်းထရန်စဖော်မာမှ ဓာတ်အားပေးထားသော ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၂၀၀ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးဝင်းဗိုလ် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်တွင် လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအားလုံးပြီးစီးပါက အများပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အကြို မြန်မာစာသတ်ပုံပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၄**

ကျောင်းသား ကျောင်းသူများ မြန်မာစာသတ်ပုံအရေးအသား မှန်ကန်စွာရေးသားနိုင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နိုးကြားလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြည်ထောင်စုနေ့အကြို မြန်မာစာသတ်ပုံပြိုင်ပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

မြန်မာစာသတ်ပုံ အမှား/အမှန်ရွေးချယ်မှုပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ ဟောပြောပွဲကျင်းပရာ ဆရာနန်းဦး(မြန်မာစာ)က ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)က ပြည်ထောင်စုစိတ်ဓာတ်များ ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။ ထို့နောက် မြန်မာစာသတ်ပုံ အမှား/အမှန်ရွေးချယ်မှု ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား စာရေးဆရာများနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးတို့က အသီးသီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်သူများအား အခမဲ့ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ တိုင်းဒေသကြီးနှစ်ခုနှင့် ပြည်နယ်ခုနစ်ခုတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့်လည်းကောင်း၊ မြို့ရွှေမန်းသားလေး ဖိုးချစ်ဇာတ်သဘင်အဖွဲ့က အကအလှများဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက "သီရိဝံသ"ဇာတ်တော်ကြီးဖြင့်လည်းကောင်း ပြည်သူများအား အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးပန်းခင်းအနုပညာပွဲတော် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဇာတ်တိုက်လေ့ကျင့်

**မုံရွာ ဖေဖော်ဝါရီ ၄**

ငြိမ်းချမ်းရေးပန်းခင်းအနုပညာပွဲတော်ကို တိုင်းရင်းသားရိုးရာ အကပဒေသာများနှင့်အတူ ကိုမင်းကိုနိုင် (၈၈ ပွင့်လင်း)၏ သစ်ခွပန်းခူးကဗျာအော်ပရာကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီတွင် မုံရွာမြို့ မြစန္ဒာခန်းမ၌ကျင်းပမည်ဖြစ်ရာ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် တိုင်းရင်းသားအကများကို ဇာတ်တိုက်ကပြလေ့ကျင့်နေကြပြီဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး ကြိုးပမ်းနေသူ ကိုအောင်နေမျိုးထံမှ သိရသည်။

"တိုင်းရင်းသားရိုးရာ အကပဒေသာဆိုတဲ့အတိုင်း ချင်းဝါးညှပ်အက၊ ကချင်ရိုးရာအက၊ ရှမ်းရိုးရာ အိုးစည်အက၊ မြန်မာရိုးရာ အိုးစည်ဒိုးပတ်အကနှင့် သံချပ်အကအလှများ စတာတွေကပြနိုင်ဖို့ အကဇာတ်တိုက်လေ့ကျင့်နေပါပြီ။ ကိုမင်းကိုနိုင်ရဲ့ သစ်ခွပန်းခူးကဗျာအော်ပရာအတွက် မုံရွာမြို့က မိုးဦးပန်း ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူတွေနဲ့ နေ့စဉ် မွန်းတည့် ၁၂နာရီကနေ မွန်းလွဲ ၂ နာရီထိ မိုးဦးပန်းကျောင်းမှာပဲ ဇာတ်တိုက်လေ့ကျင့်နေပါတယ်။ ဖေဖော်ဝါရီ ၆ ရက် မနက်ပိုင်းမှာ ကိုမင်းကိုနိုင်လာရောက်ပြီး အသေးစိတ် ဇာတ်တိုက်လေ့ကျင့်တာကို လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ကိုအောင်နေမျိုးက ပြောပြသည်။

ငြိမ်းချမ်းရေးပန်းခင်း အနုပညာပွဲတော်တွင် တိုင်းရင်းသားရိုးရာ အကပဒေသာများ သစ်ခွပန်းခူးကဗျာအော်ပရာတို့နှင့်အတူ တေးသံရှင်များက TRIANGLE MUSIC BAN ဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ငြိမ်းချမ်းရေးပန်းခင်းအနုပညာပွဲတော်ကို စစ်ဘေးရှောင်ရန်ပုံငွေရရှိရန်အတွက် ကချင်စာပေယဉ်ကျေးမှုအဖွဲ့နှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ပွဲတော်အတွက် လက်မှတ်တစ်စောင် ကျပ် ၅၀၀၀ စသည်ဖြင့် စစ်ဘေးရှောင်ရန်ပုံငွေအတွက် ငြိမ်းချမ်းရေးကို မြတ်နိုးသူများက မုံရွာမြို့အနှံ့လှည့်လည်၍ လက်မှတ်များရောင်းချပေးလျက်ရှိကြောင်း သိရသည်။



**မျိုးဝင်းထွန်း (မုံရွာ)**

■

# YBS ယာဉ်နှစ်စီးတိုက်မိ၊ ပျက်စီးမှုနည်းသော်လည်း ညှိနှိုင်းမရ၍ ယာဉ်ပိတ်မှုနာရီဝက်ကြာမြင့်

**ရန်ကုန် ဖေဖော်ဝါရီ ၄**



မော်တင်(လမ်းသစ်)လူကူးလမ်းဖြတ်ခုံးတံတား၏ မဟာဗန္ဓုလလမ်းအဆင်းလှေကားခြေရင်းအနီး မှတ်တိုင်ရှေ့ လမ်းလယ်ကြောတွင် ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီ ၃၅ မိနစ်က YBS ယာဉ်လိုင်း နှစ်လိုင်းမှ ယာဉ်ကြီး၊ ယာဉ်ငယ် နှစ်စီးတိုက်မှုဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ပွားရာသို့ သက်ဆိုင်ရာမှ ရောက်ရှိညှိနှိုင်းပေးရာတွင် ပြေလည်မှုမရရှိသဖြင့် နာရီဝက်ခန့်ကြာ ယင်းနေရာတွင် ယာဉ်များ ဖယ်ရှားနိုင်ခြင်းမရှိဖြစ်နေသည်။ သို့ဖြစ်ရာ လိုင်းကားယာဉ်များအပါအဝင် ယာဉ်ကြီး၊ ယာဉ်ငယ်များအနေဖြင့် ယင်းလမ်းမကြီး၏လမ်းလယ်တုံးဝါတန်း တစ်ဖက်ခြမ်း ယာဉ်ကြောမှ သွားလာရခြင်း၊ မှတ်တိုင်ဘက်ခြမ်း အစွန်ယာဉ်ကြော တစ်ကြောမှသာ သွားလာရခြင်းများ ကြုံတွေ့ခဲ့ရသည်ဟု ယင်းဖြစ်စဉ်ကို သွားရောက်ကြည့်ရှုသူ ယင်းနေရာအနီး အလုပ်လုပ်ကိုင်နေသူ ဦးတိုးကပြောသည်။

သခင်မြပန်းခြံမှစတင်၍ မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေဘက်သို့ မောင်းနှင်သည့် Rosar မီနီဘတ်ယာဉ်ငယ် 5G/. . . . သည် မှတ်တိုင်တွင် ခရီးသည်တင်၊ ချ ပြုလုပ်ပြီး ယင်းယာဉ်ငယ်ရှေ့တွင် ရပ်ထားသော အခြားယာဉ်ရှိသဖြင့် လမ်းလယ်ကြောဘက်သို့ ဦးတည်ထွက်ချိန်တွင် ကမ်းနားလမ်းဟောင်းမှ မော်တင် (လမ်းသစ်) ကြက်လျှာစွန်းကွေ့ မဟာဗန္ဓုလလမ်း မှတ်တိုင်သို့ ဝင်ရောက်မည့် ထောက်ကြန့်-မော်တင် ခရီးစဉ်ပြေးဆွဲသော HIGER ယာဉ်ကြီး (အဝါရောင်) ယာဉ်အမှတ် 1L/. . . . နှင့် လမ်းလယ်ကြောတွင် တိုက်မိခြင်းဖြစ်သည်။ ယာဉ်ကြီး၏ ရှေ့ပိုင်း နောက်ကြည့်မှန်ပြုတ်၍ ပျက်စီးမှုရှိခဲ့သည်။

ယင်းဖြစ်စဉ်သို့ တာဝန်ရှိသူများက ဖြေရှင်း ညှိနှိုင်းပေးသော်လည်း ပြေလည်ခြင်းမရှိဟု သွားရောက်ကြည့်ရှုသူများက ဆိုသည်။ သို့ဖြစ်ရာ နံနက် ၉ နာရီတွင် ယင်းနေရာမှ အခင်းဖြစ်ပွားသည့် ယာဉ်နှစ်စီးကို ဖယ်ရှားပြီး သက်ဆိုင်ရာမှ အရေးယူဖြေရှင်းနိုင်ရန် ဘုန်းကြီးလမ်း-ပြည်လမ်းအတိုင်း ယာဉ်နှစ်စီးစလုံး မောင်းနှင်သွားသည်ဟု သိရသည်။

မီးပွိုင့်နှင့် ယာဉ်ထိန်းလိုအပ်ချက်ရှိနေသည့် အဆိုပါမော်တင် (ကြက်လျှာစွန်း)နေရာတွင် ယခင်စနစ်ဟောင်း ကာလခရီးသည်စောင့်ဆိုင်းတင်နေသော လိုင်းပေါင်းစုံယာဉ်များဖြင့် ယာဉ်ကြောပိတ်ခြင်း၊ လမ်းလယ်တွင် ခရီးသည်များ ယာဉ်ပေါ်အတက်၊ အဆင်းပြုလုပ်နေရခြင်း၊ ယာဉ်ကြီးဟွန်းသံများဖြင့် ဆူညံနေခြင်းများရှိခဲ့သည်။

YBS ယာဉ်လိုင်းအသစ်ပြေးဆွဲချိန်တွင်မူ မြို့တွင်းပတ် ယာဉ်လိုင်းတစ်လိုင်းနှင့် ထောက်ကြန့်သွားယာဉ်လိုင်း နှစ်လိုင်း၊ ရွှေပြည်သာသွားယာဉ်လိုင်းတစ်လိုင်း၊ အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်)သွား ယာဉ်လိုင်းတစ်လိုင်း စုစုပေါင်း ယာဉ်လိုင်းငါးလိုင်းသာ ယင်းမှတ်တိုင်တွင် ဖြတ်သန်းမှုရှိသည်။

သို့သော် ခရီးသည်များစောင့်ဆိုင်းတင်ဆောင်မှု၊ လိုင်းတူယာဉ်ကြီး၊ ယာဉ်ငယ်များ ပြိုင်တူဝင်ရောက်မှုတို့ကြောင့် ယင်းမှတ်တိုင်နေရာတွင် ယာဉ်ပိတ်ဆို့မှုများ ပြန်လည်ဖြစ်ပေါ်လျက်ရှိသည်။ ယင်းသို့ဖြစ်စဉ်မျိုးရှိလာရာမှ ယာဉ်ချင်းတိုက်မှုဖြစ်လာရာတွင် YBS ယာဉ်လိုင်းအချင်းချင်း အနည်းငယ်ပျက်စီးမှုတွင် ပြေလည်အောင် ညှိနှိုင်းမှုမရ၍ နာရီဝက်ခန့် ကားလမ်းပေါ်တွင် ယာဉ်ပိတ်မှုဖြစ်ပွားရသည်။ ယခင်စနစ်ဟောင်းကဲ့သို့ စည်းကမ်းမဲ့ဖြစ်စဉ်များ ထပ်မံမဖြစ်ပေါ်ရန် အလေးထားစောင့်ကြည့်အရေးယူမှုများ လိုအပ်နေသည့် နံနက်လင်းပိုင်းနှင့် ည ၈ နာရီခွဲဝန်းကျင် ယင်းမှတ်တိုင်တွင် ကြားကားငယ်များ (အထူးသဖြင့် အရပ်အခေါ်) တိုက်လျှော ယာဉ်ငယ်များ မြင်တွေ့နေရဆဲရှိကြောင်း ကမ်းနားလမ်း ညဈေးတန်းတွင် ဈေးရောင်းချသည့် ကိုနေဝင်းထိုက်က ပြောသည်။

**(မောင်စေအောင်)**

# စစ်တွေခရိုင် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်


**စစ်တွေ ဖေဖော်ဝါရီ ၄**

ရှေးခေတ်ကဗျာဆရာကြီးများအား ဂုဏ်ပြုသောအားဖြင့် ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို စစ်တွေခရိုင်ရုံး Community Center ၌ ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စစ်တွေခရိုင် ဦးစီးအရာရှိ ဒေါ်လှပိုမိုက ပြိုင်ပွဲများကျင်းပပေးရခြင်းမှာ နောင်အနာဂတ် ကလေးများအနေဖြင့် ရှေးခေတ်ကဗျာဆရာကြီးများ၏ အမျိုးကိုချစ်စိတ် နိုင်ငံချစ်စိတ်များ ရှင်သန်စေသည့် ကဗျာများ စွဲမြဲစေရေး၊ ကျောင်းသားလူငယ်များအကြား အပြောစွမ်းရည်တိုးတက်စေရေးနှင့် စာဖတ်စွမ်းရည်တိုးတက်စေရေးတို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရရှိသူများအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ပြည်နယ်ပြန်/ဆက် ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ခရိုင်ရုံးစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဆုရရှိသူများနှင့် အခမ်းအနားတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ကလေးများသိမှတ်ဖွယ်ရာ စာအုပ်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ပင်လုံမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**လွိုင်လင် ဖေဖော်ဝါရီ ၄**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်သည် မြန်မာနိုင်ငံ၏ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ပင်ဖြစ်သည်။ ပြည်ထောင်စုနေ့သည်ကား အမိမြန်မာနိုင်ငံတော်ကြီး၏လွတ်လပ်ရေးကြီး ရရှိရန် သန္ဓေတည်မွေးဖွားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ စည်းလုံးညီညွတ်မှုအားနှင့် တောင်တန်း/ပြည်မ ပူးပေါင်းရေးစာချုပ် ချုပ်ဆိုခဲ့သည့် နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များက "ပင်လုံစာချုပ်"ကို လက်မှတ်ရေးထိုးခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ကို မြန်မာနိုင်ငံ၏ ပြည်ထောင်စုနေ့ဟုသတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့သည်မှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် နှစ်ပေါင်း (၇၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့် ပြည်ထောင်စုနေ့ရောက်လေတိုင်း "ပြည်မ/တောင်တန်း ပူးပေါင်းရေး" စာချုပ် "ပင်လုံစာချုပ်" ချုပ်ဆိုခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့လေးတွင် နှစ်စဉ်မပျက် ပြည်ထောင်စုနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

ပြည်ထောင်စုကျောက်တိုင်နှင့် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံကိုတော့ အကျယ်ချဲ့၍မရေးတော့ပါ။ အားလုံးသိရှိပြီးဖြစ်ပါမည်။ ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်အား ၂၀၁၃ ခုနှစ်မှစတင်၍ ကျောက်တိုင်ဝင်းအတွင်း မြက်ခင်းပြင်ပြုပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ကျောက်တိုင်ရင်ပြင်တွင် ဂရင်းနိုက်ကျောက်ပြားခင်းခြင်း၊ ရေကန်တည်ဆောက်ခြင်း၊ မီးအလှဆင်ခြင်းလုပ်ငန်းများကိုလည်းကောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လက်မှတ်ရေးထိုးခဲ့ကြသည့် ကိုယ်စားလှယ် ၂၃ ဦးတို့၏ရုပ်ပုံပါ Monument Background Trees ပန်းရုံတည်ဆောက်ခြင်း၊ ကလေးကစားကွင်းတည်ဆောက်ခြင်း စသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အပိုင်းနှစ်ပိုင်းခွဲကာ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့၊ ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့နှင့် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက်ပြည်ထောင်စုနေ့တို့တွင် ဖွင့်ပွဲအခမ်းအနားများကျင်းပခဲ့သည်။

ယင်းတို့ ကျင်းပခဲ့သည့် သုံးနှစ် တာကာလတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် တက် ရောက်ခဲ့ပြီး ပြည်နယ်အဆင့်အခမ်းအနားကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုကာလမတိုင်ခင်က ခရိုင်အဆင့်သာ ကျင်းပနိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပြည်နယ်အဆင့်ထက်သာလွန်သည့် ထူးထူးခြားခြားခမ်းနား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားဌာနမှလည်း အခမ်းအနားကျင်းပနေပုံများကို တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေ ကြောင်းကြားသိရ၍ ဝမ်းသာပီတိဖြစ်မိပါသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများလည်း မိမိတို့၏ ရိုးရာဓလေ့ဖြစ်သည့် အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်၍ ပင်လုံပြည်ထောင်စုကျောက်တိုင်ဝင်းတွင် ကျင်းပမည့် နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ အခမ်း အနားသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ ဤမြင်ကွင်းမျိုးကို မိမိတို့ဒေသခံများအဖို့ ယခုလို ပြည်ထောင်စုနေ့အခါသမယတွင်သာ မြင်တွေ့ကြရမည် ဖြစ်သည်။



၂၀၁၆ ခုနှစ် ၊ (၆၉) နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ တိုင်းရင်းသားများတက်ရောက်စဉ်

ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံမြို့တွင်ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှသည် နောင်နှစ်ပေါင်းများစွာ ကမ္ဘာတည်သရွေ့ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ပါစေကြောင်း ဆုမွန်တောင်း၍ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ပါသည်။

**မိုးလွင်ဦး(လွိုင်လင်)**

❖ **စာမျက်နှာ ၆ မှ**

နိုင်ငံအတွက် အမှန်တကယ်လိုအပ်နေသည်မှာ Quantity Tourist အစား Quality Tourist ဖြစ်ပါသည်။ ခရီးသွားအရင်းအမြစ်များကို တန်ဖိုးမထားသောခရီးသည်များ၊ ဈေးပေါသော ခရီးသည်များ များများဝင်ရောက်ခြင်းသည် နိုင်ငံ၏ခရီးသွားအရင်းအမြစ်များအား ပျက်စီးဆုံးရှုံးမှုကိုသာ ဖြစ်စေနိုင်သည်ကို သတိချပ်သင့်ပါသည်။

ကမ္ဘာလှည့်ခရီးသည်များတွင် တချို့မှာ အလည်အပတ်၊ ဗဟုသုတရရှိရန် လာကြသူများရှိသလို၊ စီးပွားရေးအလို့ငှာလာသူများ၊ ခရီးသွားအေဂျင်စီများလည်းပါသည်။ စီးပွားရေးသမားများ၊ ခရီးသွားအေဂျင်စီများအနေဖြင့် ထူးခြားသောတိုင်းရင်းသားတို့၏ပုံသဏ္ဍာန်များကို ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးကာ ၎င်းတို့၏လုပ်ငန်းများတွင်အသုံးပြု၍ မြှင့်တင်ကြော်ငြာကြသဖြင့် ကျွန်တော်တို့နိုင်ငံရှိ တိုင်းရင်းသားပုံသဏ္ဍာန်များမှာ ကမ္ဘာ့စာမျက်နှာတွင် ကျယ်ကျယ်ပြန့်ပြန့်ထင်ရှားစွာနေရာရနေကြပြီဖြစ်ပါသည်။ ၎င်းတို့၏အကျိုးအမြတ်က မနည်းလှသော်လည်း တိုင်းရင်းသားတို့ ပြန်လည်ရရှိသည့် ငွေကြေးမှာအနည်းအကျဉ်းမျှသာ ဖြစ်ပါသည်။ ဒါကို အသိအမြင်ကွယ်လာသော တိုင်းရင်းသားများက ဓာတ်ပုံအရိုက်မခံလိုကြတော့သလို တချို့မှာလည်း ရိုးသားမှုအရ ဓာတ်ပုံအရိုက်မခံရဲကြပေ။ ဓာတ်ပုံရိုက်လျှင် ငွေကြေးတောင်းသည်ကို တစ်ဖက်က ငွေကြေးမတောင်းသင့်ဟုမြင်သည်။ တစ်ဖက်ကကြည့်လျှင်လည်း ဒါသူ့အခွင့်အရေးဖြစ်သည်။ ရိုက်ချင်လျှင် ပိုက်ဆံပေး။ ဒါကိုမှန်ကန်မျှတစွာ ဆောင်ရွက်ရန်၊ ဦးစီးဦးဆောင် ဆောင်ရွက်ရန်(သို့) ခရီးသွားလုပ်ငန်းအသိပညာပေးမှုများအား ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးရန် လိုအပ်နေပါသေးသည်။ သို့မဟုတ်ပါက တစ်ဦးချင်း၊ တစ်ယောက်ချင်းရယူခံစားလျှင် တစ်ဦးချင်းသာရရှိမည်ဖြစ်၍ ဒေသ(သို့)ကျေးရွာအတွက် တစ်ဦးချင်းဝင်ငွေမှသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်လူမှုစီးပွားများ တိုးတက်ဖြစ်ထွန်းလာမည်မဟုတ်ပေ။

ဤသို့အသိပညာပေးဖြန့်ဝေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှတာဝန်ရှိသူများ၊ အဆိုပါတိုင်းဒေသကြီးရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ပူးပေါင်းတိုင်ပင်ကာ ကြိုတင်စီစဉ်ဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။ ယခုဆိုလျှင် ခရီးသွားလုပ်ငန်းများအား ဒေသအသီးသီးတွင် စနစ်တကျဖွံ့ဖြိုးတိုးတက်ရန်အတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန် အထက်မြန်မာပြည် မန္တလေးတွင် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး၊ အောက်မြန်မာပြည် ရန်ကုန်တွင် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးကို တာဝန်ပေးအပ်ထားပြီးဖြစ်၍ ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေကာ ယခင်ကထက် ပိုမိုအားကောင်းသော ယန္တရားများ သွက်လက်မြန်ဆန်စွာ လည်ပတ်စေတော့မည်ဖြစ်ပါသည်။

သဘာဝအတိုင်း ပျက်စီးမှုမရှိသေးသော ခရီးသွားအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ခရီးစဉ်ဒေသရှိ တိုင်းရင်းသားများ၏ အသိပညာဖွံ့ဖြိုးရင့်သန်လာစေရန်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက်လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များသော ခရီးစဉ်များအပြင် သွားလာမှုနည်းသော ခရီးစဉ်ဒေသအသစ်များတွင်လည်း ကြိုတင်စီမံဆောင်ရွက်ရန် အချိန်သင့်ပြီဖြစ်သည်ဟု ယူဆပါသည်။

ယခုအခါတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်ကျွန်းစုဒေသခရီးစဉ်မြှင့်တင်ရေး၊ ကယားပြည်နယ်ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးစဉ်ဒေသများတွင် ချဲ့ထွင်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် စီးပွားရေးစွမ်းဆောင်နိုင်မှုမြှင့်တင်ရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသများတွင် စာရင်းအချက်အလက်မှန်ကန်စွာကောက်ယူရေး စသည့် စီမံကိန်းများကို မူချမှတ်ဆောင်ရွက်ကာ စနစ်တကျအကောင်အထည်ဖော်နေပြီဖြစ်ပါသည်။

ကျွန်တော်တို့ သတိမမူခဲ့ကြသဖြင့် ဂူကိုမမြင်ခဲ့ကြ။ ယခုကျွန်တော်တို့သတိမူမှ ဖြစ်တော့မည်။ ဂူကိုလည်း မြင်ကြရပြီ။ အိမ်နီးချင်းနိုင်ငံအချို့တွင် ဂူမြင်ခဲ့သော်လည်း သတိမမူခဲ့ကြသဖြင့် သဘာဝအရင်းအမြစ်များ ပျက်စီးယိုယွင်းဆုံးရှုံးခဲ့ရသည်ကို ၎င်းတို့ကိုယ်တိုင်ဝန်ခံခဲ့ကြပြီ။ ကျွန်တော်တို့ သင်ခန်းစာယူကြရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဆက်နွယ်သူများအားလုံး

သတိမူ၍ ဂူမြင်ကြပါစေ။

ဂူမြင်၍ သတိမူကြပါစေ။

ဆန္ဒမွန်ဖြင့်. . . . . . . . . . . . . ။

## မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန်အသိပေး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | အမှတ်တံဆိပ် ဖော်ပြထား ခြင်းမရှိ | ဖြေဆေးကြီး(၂)(အဝါရောင်နောက်ခံတွင် အဖြူရောင်ခြင်္သေ့ပုံပါ တိုင်းရင်းဘာသာဖြင့် ဖော်ပြထားပါသည်။) | ဆေးတောင့် ငယ်/ဆေးထုပ် | လိပ်စာဖော်ပြထားခြင်း မရှိပါ။ |
| ၂ | နေမင်း | ဂမုန်းနွာ | ဆေးမှုန့်/ ဆေးဘူး | ကိုအောင်ငွေ-မသီတာဦး လိပ်စာဖော်ပြထားခြင်း မရှိပါ။ |
| ၃ | အမှတ်တံဆိပ် ဖော်ပြထား ခြင်းမရှိ | သည်းခြေငန်းဆေး (တိုင်းရင်းသား ဘာသာစကားဖြင့်ဖော်ပြထားပါသည်။) | ဆေးတောင့်/ ဆေးထုပ် | ဆရာဆော၏မြေးများ၊ ရပ်ကွက်(၄)၊စဝ်စံထွန်းလမ်း၊ အမှတ်(၂၆)၊ ပင်လုံမြို့။ |
| ၄ | အမှတ်တံဆိပ် ဖော်ပြထား ခြင်းမရှိ | ဆေးအမည် ဖော်ပြထားခြင်း မရှိ။ (အကိုက်အခဲပျောက်ဆေးအနေဖြင့် လွိုင်လင်ဈေးတွင် ရောင်းချနေသော ပလတ်စတစ်ဇစ်ပါအိတ် (၁ ဒသမ ၅ လက်မ × ၁ ဒသမ ၇ လက်မ)ဖြင့် ထုပ်ပိုးထားသောအထုပ်ငယ်။ | ဆေးမှုန့်/ ဆေးထုပ် | လိပ်စာဖော်ပြထားခြင်း မရှိပါ။ |
| ၅ | အမှတ်တံဆိပ် ဖော်ပြထား ခြင်းမရှိ | ဆေးအမည်ဖော်ပြထားခြင်း မရှိ။ (နှလုံးအားဆေးအနေဖြင့် ပင်လုံဈေးတွင် ရောင်းချနေသောဆေးခဲတောင့်တုံး) | ဆေးခဲတောင့်တုံး (၃ လက်မ × ၀. ၅ လက်မ) | လိပ်စာဖော်ပြထားခြင်း မရှိပါ။ |
| ၆ | မြကလပ် | ဆေးမကျည်း ဝမ်းမှန်လေဆေး | ဆေးပြား-အသေး /ဆေးဘူး (ဆေးဘူးအား ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသည်) | အမှတ်(၃၃)၊ ဓမ္မာရုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီ တိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ သိမ်းဆည်းရမိ



**မောင်တော ဖေဖော်ဝါရီ ၄**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် (၆)မိုင်စစ်ဆေးရေးစခန်း၌ ယနေ့ နံနက်ပိုင်းတွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်ရဲမင်းစိုး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် မောင်တောမြို့နယ် (၆)မိုင်စစ်ဆေးရေးစခန်း၌ မောင်သန်းဝင်း မောင်းနှင်လာသည့် SUPER ANBO တံဆိပ် အဖြူရောင်ဆိုင်ကယ်နှင့် ဇော်မင်းထွန်းမောင်းနှင်ပြီး မသန်းရီ စီးနင်းလိုက်ပါလာသည့် MOLISA တံဆိပ်အနီရောင်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ မောင်သန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်ရှိ အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ ရှာဖွေတွေ့ရှိရပြီး ဇော်မင်းထွန်းမောင်းနှင်ပြီး မသန်းရီ စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ပေါ်ရှိအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ (အလေးချိန် ၁၉ ဒသမ ၅ ကီလို)တို့ကို ရှာဖွေတွေ့ရှိရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများကို မသန်းရီ၏ အစ်ကိုဖြစ်သူ စိုးဝင်း ဆိုသူက ဘူးသီးတောင်မြို့မှ မောင်တောမြို့နယ် မောရဝတီကျေးရွာရှိ ၎င်း၏ နေအိမ်သို့ ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း၊ စိုးဝင်းမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ထို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က စိုးဝင်း(တိမ်းရှောင်)၊ မသန်းရီ၊ မောင်သန်းဝင်းနှင့်ဇော်မင်းထွန်းတို့အား မောင်တောမြို့နယ် ပြင်ဖြူရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်းသိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ(မောင်ဇော်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဇန်နဝါရီလအတွင်း ယာဉ်မတော်တဆမှု ၃၆ မှုဖြစ်ပွား ၁၂ ဦး သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ယာဉ်မတော်တဆမှု ၃၆ မှုဖြစ်ပွားခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်များကြောင့် ဒဏ်ရာရရှိသူ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၆၅ ဦး ရှိခဲ့သည်။ အဆိုပါ သေဆုံးဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းအပိုင် မော်တော်ယာဉ်များဖြင့် နီးစပ်ရာတိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများမှာ ယာဉ်မောင်းများ မဆင်မခြင် ပေါ့ဆစွာမောင်းနှင်မှုများကြောင့် ဖြစ်ရခြင်းဖြစ်ပြီး ၎င်းတို့အား သက်ဆိုင်ရာအပိုင် ရဲစခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထိုကဲ့သို့ အမြန်လမ်းတစ်လျှောက်တွင် ယာဉ်အန္တရာယ်လျော့နည်းရေးအတွက် အရှိန်နှုန်းတိုင်းကိရိယာများနှင့် တိုင်းတာ၍ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူခြင်းကို နေ့ရော ညပါ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ထိုင်ခုံခါးပတ် မပတ်ခြင်း၊ အမြန်လမ်းပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်တွဲယာဉ်များ တက်ရောက်မောင်းနှင်မှုမပြုရေး၊ ကျွဲနွားများ တက်ရောက်မှုမရှိစေရေး စသည်ဖြင့် ပညာပေးလုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိသည်။

ဤကဲ့သို့ ပညာပေးခြင်းအပြင် ဖြစ်စဉ်များကို ပြန်လည်စစ်ဆေးသုံးသပ်လျှင် ဘီးပေါက်၍ အရှိန်မထိန်းနိုင်သော ဖြစ်စဉ်များက အများဆုံးဖြစ်၍ ယာဉ်မောင်းများအနေဖြင့် အမြန်လမ်းပေါ် တက်ရောက်မောင်းနှင်လျှင် မိမိမောင်းမည့်ယာဉ်၏ ဘီးတာယာများကို သေချာစစ်ဆေးပြီးမှသာ တက်ရောက်မောင်းနှင်သင့်ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့မှ ရဲမှူးရန်နိုင်ဝင်းက ပြောကြားသည်။

ထိုကဲ့သို့ ပညာပေးမှုများ ခပ်စိပ်စိပ်လုပ်လာခြင်း၊ ဖမ်းဆီးမှုများ အရှိန်မြှင့်လုပ်ဆောင်ခြင်းများကြောင့် ဇန်နဝါရီ ၂၈ မှ ဖေဖော်ဝါရီ ၄ ရက် ယနေ့အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားမှုမရှိတော့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ဒဂုံမြို့နယ်၌ အမျိုးသားတစ်ဦး နေအိမ်အတွင်း အသတ်ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ယောမင်းကြီးရပ်ကွက်တွင် အမျိုးသားတစ်ဦး နေအိမ်အတွင်း၌ အသတ်ခံရသည့် လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အဆိုပါရပ်ကွက် ရွှေတိဂုံဘုရားလမ်း အမှတ် (၂၉၂/ဘီ)၊ အခန်း(၂၀) လေးလွှာနေအိမ်၌ နေထိုင်သော ဦးထွန်းအောင်လင်း (၆၆)နှစ်သည် နေအိမ်တိုက်ခန်းအတွင်း၌ ထိုးသွင်းဒဏ်ရာဖြင့် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေသည်ကို ၎င်း၏ ဇနီးသည်က တွေ့ရှိသဖြင့် သက်ဆိုင်ရာက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ဦးထွန်းအောင်လင်း (သေဆုံးသူ)သည် ၎င်း၏ ဇနီးဖြစ်သူ ဒေါက်တာဒေါ်ဖွေးဖွေး(အရှေ့ပိုင်းတက္ကသိုလ်-ပါမောက္ခငြိမ်း) အပြင်သွားခိုက် အိမ်တွင် တစ်ဦးတည်း ကျန်ရှိနေစဉ် အသတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါနေအိမ်တွင် ၎င်းတို့ ဇနီးမောင်နှံ နှစ်ဦးသာနေထိုင်လျက်ရှိပြီး သေဆုံးသူမှာ ကုန်သည်တစ်ဦးဖြစ်ကြောင်း၊ သားသမီးများမှာ စင်ကာပူနိုင်ငံတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒဂုံမြို့မရဲစခန်းက ပြစ်မှု ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်လှစ်၍ ကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး(သတင်းစဉ်)**

# တရားမဝင်သစ်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်လေးစီး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်မြို့အနီးတွင် ယနေ့ နံနက် ၆ နာရီခွဲခန့်က တရားမဝင်သစ်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်လေးစီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတောင်မြို့အနီး တပ်မတော်စစ်ကြောင်းသည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဆိုက်ခေါင်ဘက်မှ ကျိုင်းတောင်ဘက်သို့ ယာဉ်မောင်း စိုင်းကျော်၊ စိုးမင်းထွန်း၊ အာတီးနှင့် အိုက်စိုင်းတို့ မောင်းနှင်၍ နောင်ခမ်း၊ ကျော်မင်းထွန်း၊ရှမ်းလေးနှင့် အိုက်လေးတို့ လိုက်ပါလာကြသည့် မော်တော်ယာဉ်လေးစီးအား ကျိုင်းတောင်မြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ၌ ရပ်တန့်စစ်ဆေးရာ ယာဉ်များပေါ်မှ တရားမဝင် ကျွန်းသစ်လုံး ၃၃ လုံး(ခန့်မှန်း ၁၀ တန်ခန့်)ကို တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၊ ယာဉ်များနှင့် သစ်များအား ကျိုင်းတောင်မြို့ ရဲတပ်ဖွဲ့မှူးရုံးနှင့် သစ်တောဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုံရွာမြို့ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံရပ်ကွက်ရှိ ဦးအောင်သန့်ဇင် ပိုင်ဆိုင်သည့် ကြည်နူးစက်သုံးဆီအရောင်းဆိုင်၌ ဖေဖော်ဝါရီ ၃ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်တွင် အောက်တိန်းဓာတ်ဆီများကို ပီပါ တစ်လုံးမှ တစ်လုံးသို့ လဲလှယ်စဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့သဖြင့် ညနေ ၅ နာရီ မိနစ်၄၀ တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အဆောက်အအုံ နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး ငွေကျပ် သိန်း ၉၀ ဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဆိုင်ခန်းပိုင်ရှင်အား မုံရွာမြို့ မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့ချောင်းကျေးရွာ စက်သုံးဆီအရောင်းဆိုင်၌ ငါးဂါလန်ဆံ့ကော်ပုံးထဲဆီထည့်စဉ် မီးလောင်မှုဖြစ်

**ကျောက်တံခါး ဖေဖော်ဝါရီ ၄**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းဈေးတန်း(၁)ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲက ဓာတ်ဆီလာဝယ်သည့် ပုံးထဲသို့ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ ဈေးတန်း(၁)ရပ်ကွက်နေ ဦးဝင်းမောင်(၅၀)နှစ် ဈေးရောင်းသူသည် ၎င်း၏ နေအိမ်ခြံဝင်းအတွင်းရှိ (ဇွန်ဝင့်ဝါ)ဟု အမည်ပေးထားသည့် စက်သုံးဆီဆိုင်တွင် ဆီရောင်းချနေစဉ် အမည်မသိ လူတစ်ဦး ဆီလာဝယ်သဖြင့် ၎င်းယူဆောင်လာသည့် ငါးဂါလန်ဆံ့ပုံး သုံးပုံးမှာ ယခင်က အက်စစ်ထည့်သည့် ပုံးများဖြစ်ကြောင်း မသိဘဲ ဆီထည့်ပေးစဉ် မီးလောင်မှုဖြစ်၍ ဆိုင်အနီးရှိ လူငါးဦးခန့်က မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ ငါးမိနစ်အကြာတွင် မီးငြှိမ်းနိုင်ခဲ့ပြီး မီးလောင်မှုကြောင့် ကော်ပုံး သုံးပုံးနှင့် ဓာတ်ဆီ စုစုပေါင်း သုံးသောင်းဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။



မီးလောင်ရာသို့သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ချောင်း အမြန်လမ်းမီးသတ်ယာဉ်၊ ဖဒိုမီးသတ်ယာဉ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖဒို မြို့ချောင်းရဲစခန်းမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ ရောက်ရှိကာ ဆီဆိုင်ပိုင်ရှင် ဦးဝင်းမောင်အား တရားမဝင် စက်သုံးဆီရောင်းချမှုနှင့် မီးပေါ့ဆမှုတို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၌ အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၌ ယနေ့ညနေ ၃ နာရီတွင် အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့နယ် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးကို ပြုပြင်လျက်ရှိသည့် လမ်းလုပ်သားများက မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းပေးချက်အရ ယနေ့ညနေ ၃ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းရာ မိုင်တိုင်အမှတ် (၂၆၉/၅) အနီးရှိ လမ်းမကြီး၏ အနောက်ဘက် ငါးပေခန့်အကွာ တောင်စောင်း၌ အလျား ရှစ်လက်မ၊ အနံ လေးလက်မခန့်ရှိ ရှေ့ထွက်မိုင်း တစ်လုံး၊ ဒီတိုနေတာ နှစ်ခုနှင့် ဘက်ထရီခြောက်တစ်ခုတို့ကို အဝေးထိန်းစနစ်ဖြင့် ဆက်သွယ်ထားသည့် မိုင်းတစ်လုံးကိုတွေ့ရှိခဲ့ရာ အများပြည်သူ အန္တရာယ်ကင်းရှင်းစေရေးအတွက် သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စီရိုနယ်လ်ဒိုကြောင့် ရီးယဲလ်မက်ဒရစ်အသင်းတွင် ဂျိမ်းရိုဒရီဂွက်ဇ်ဆက်ရှိခဲ့

ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ဇန်နဝါရီဈေးကွက်မတိုင်မီ ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာတော့မယ်လို့ သတင်းတွေ တောက်လျှောက်ထွက်ခဲ့ပေမယ့် တကယ်တမ်းကျ ရီးယဲလ်အသင်းကနေ မထွက်ခွာဖြစ်ပဲ ဆက်ရှိနေခဲ့တာဟာ ရီးယဲလ်စတား စီရိုနယ်လ်ဒိုက ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ဂျိမ်းစ်ကို ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းက လာမယ့်နွေမှာ မဖြစ်မနေခေါ်ယူသွားမှာဖြစ်တယ်လို့ အင်္ဂလန်ကလာတဲ့ သတင်းရင်းမြစ်တွေက ဖော်ပြပါတယ်။ ချယ်လ်ဆီးအသင်းက ဇန်နဝါရီဈေးကွက်ကာလအတွင်း ဂျိမ်းစ်ကို ရရှိဖို့ တောက်လျှောက်အားထုတ်ခဲ့ပေမယ့် ကစားသမားပိတ်ပင်ခံထားရတဲ့ ရီးယဲလ်မက်ဒရစ်အသင်းက ဘယ်ကစားသမားကိုမျှ အသင်းကနေ ထွက်ခွာခွင့်မပေးလိုခဲ့တာဖြစ်ပါတယ်။ရီးယဲလ်အသင်းဟာ ရာသီကုန်အထိ လက်ရှိ လူအင်အားနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် နည်းပြ ဇီဒန်းက ဂျိမ်းစ်ကို မရောင်းချခဲ့တာဖြစ်တယ်လို့ သတင်းတွေထွက်ပေါ်ခဲ့ပေမယ့် ရီးယဲလ်စတား စီရိုနယ်လ်ဒိုရဲ့ တောင်းဆိုချက်ကြောင့် ရီးယဲလ်မှာ ဂျိမ်းစ် ဆက်ရှိနေခဲ့တာလို့ စပိန်သတင်းစာ မာကာကဖော်ပြပါတယ်။ ဂျိမ်းစ်နဲ့ စီရိုနယ်လ်ဒိုနှစ်ဦးက နီးကပ်တဲ့ ဆက်ဆံရေးရှိသူတွေဖြစ်ကြပြီး ဂျိမ်းစ်ကို ချယ်လ်ဆီးကစားသမားအဖြစ် မမြင်တွေ့လိုသူက စီရိုနယ်လ်ဒို ဖြစ်တယ်လို့ သိရပါတယ်။ လာမယ့်နွေဈေးကွက်အတွင်းမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းကနေ ပီပီ၊ ကွန်ထရာအို၊ ဒန်နီလို ၊ ဘင်ဇီမာ၊ မိုရာတာနဲ့အစ္စကိုတို့ ထွက်ခွာဖွယ်ရှိနေပါတယ်။ ပီပီနေရာ ရီးယဲလ်လူငယ်အကယ်ဒမီထွက် လူငယ်ကစားသမား ဗယ်လီဂျို၊ ကွန်ထရာအိုနေရာ ဝုဖ်ဘတ်နောက်ခံလူ ရီကာဒိုရိုဒရီဂွက်ဇ်၊ ဘင်ဇီမာနေရာ ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာ၊ မိုရာတာနေရာ အက်သလက်စတား ဂရစ်ဇ်မန်းတို့နဲ့ အင်အားဖြည့်တင်းဖို့ ဇီဒန်းက စဉ်းစားထားပြီးဖြစ်တယ်လို့ သိရပါတယ်။ သေချာတာကတော့ လာမယ့်နွေမှာ ရီးယဲလ်အသင်း ကစားသမား အဝင်အထွက်ကြမ်းဖို့ ရှိနေတယ်ဆိုတာပါပဲ။

**ရှိုင်ယန်ဟောဒင်**







## အာဆင်နယ်အသင်းကို ချယ်လ်ဆီးအသင်းက ရှုံးကြွေးဆပ်နိုင်ခဲ့ပြီး ပရီမီယာလိဂ်ချန်ပီယံဖြစ်လာမည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာ

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂၄) အဖြစ် အာဆင်နယ်အသင်းအား အိမ်ကွင်း စတမ်းဖို့ဒ်ဘရစ်ချ်၌ ယှဉ်ပြိုင်ကစားခဲ့ရာတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် စက်တင်ဘာလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပထမအကျော့ပွဲစဉ်တွင် အာဆင်နယ်အသင်းအား သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယခုနိုင်ပွဲသည် ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည့်အပြင် ပရီမီယာလိဂ်ချန်ပီယံဖြစ်လာမည့်လမ်းကြောင်းပေါ်သို့လည်း ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ယခုပွဲစဉ်တွင် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ပရီမီယာလိဂ်ဖလားရရှိရေးအတွက် အဖြေတစ်ခုအဖြစ် ယှဉ်ပြိုင်သည့်ပွဲစဉ်တစ်ပွဲအဖြစ် သတ်မှတ်နိုင်ပြီး စပါးအသင်း ပွဲစဉ်(၂၄)မကစားမီအချိန်အထိ ချယ်လ်ဆီးအသင်းက ၁၂ မှတ်အထိဖြတ်ထားနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးများကို မားကို့စ်အလွန်၊ အေဒင်ဟာဇက်နှင့် ဖာဘရီဂတ်စ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းအတွက် ချေပဂိုးကိုမူ တိုက်စစ်မှူး အိုလီဗာဂီရောက်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်အိမ်ကွင်းကိုးပွဲဆက်နိုင်ပွဲဖြစ်လာခဲ့သည်။

**(ငွေကြယ်)**

## ဘာစီလိုနာ၏ နွေဈေးကွက် အလိုရှိသည့် ကစားသမားစာရင်းတွင် အိုဇေးလ်ပါဝင်နေ

ဘာစီလိုနာအသင်းက အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ကိစ္စမပြေမလည်ဖြစ်နေသည့် ဂျာမန်ကွင်းလယ်လူမီဆပ်အိုဇေးလ်ကို နွေဈေးကွက် အလိုရှိသည့် ကစားသမားစာရင်းတွင် ထည့်သွင်းထားကြောင်း မေရာအွန်လိုင်း သတင်းဌာန၏ ဖော်ပြချက်အရသိရသည်။ ဘာစီလိုနာအသင်းသည် အိုဇေးလ်ကို ခေါ်ယူရန် နှစ်ကြိမ်ကြိုးပမ်းခဲ့ဖူးသော အသင်းဖြစ်ပြီး ယခုလည်း အိုဇေးလ်၏ စာချုပ်သစ်ကိစ္စရပ်ကို စိတ်ဝင်တစားစောင့်ကြည့်နေသည်ဟု အဆိုပါ သတင်းဌာနကပင် ဆက်လက်ဖော်ပြသည်။

အိုဇေးလ်သည် လတ်တလော တစ်ပတ်လုပ်ခပေါင်၁၈၀၀၀၀ရရှိနေသည့် အာဆင်နယ်၏ လုပ်ခလစာ အများဆုံး ကစားသမားဖြစ်သည်။ သို့သော် အိုဇေးလ်က စာချုပ်သစ်တွင် တစ်ပတ်လုပ်ခ ပေါင်၂၅၀၀၀၀အထက်ရရှိလိုကြောင်းတောင်းဆိုထားပြီး ဝင်းဂါးနှင့် အာဆင်နယ်အသင်း အနာဂတ်ကို တိတိကျကျ သိရှိပြီးမှသာ စာချုပ်သစ်တွင် လက်မှတ်ရေးထိုးသွားမည်ဟု ပြောကြားခဲ့ဖူးသည်။ အိုဇေးလ်ကို ခေါ်ယူရန် ပြီးခဲ့သည့်နှစ်ကတည်းက ဘာစီလိုနာက ကြိုးပမ်းခဲ့သလို ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်ကလည်း စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

သို့သော် အာဆင်နယ်က အိုဇေးလ်ကို ထုတ်ရောင်းလျှင် အိုဇေးလ်၏ အသင်းဟောင်း ရီးယဲလ်မက်ဒရစ်အသင်းကို အကြောင်းကြားရမည်ဖြစ်သောကြောင့် အကယ်၍ ရီးယဲလ်မက်ဒရစ်အသင်းက လာလီဂါပြိုင်ဘက် ဘာစီလိုနာသို့အိုဇေးလ်မရောက်ရှိရေး တားဆီးလိုလျှင် အရောင်းစာချုပ်ပါ ပြန်လည်ဝယ်ယူခွင့်အချက်ဖြင့် ပြန်လည်ခေါ်ယူနိုင်သည်ဟု ခန့်မှန်းချက်များ ထွက်နေသည်။ ဘာစီလိုနာအသင်းသည် အိုဇေးလ်အပြင် ရီးယဲလ်ကစားသမား အစ္စကိုကိုလည်း ဆက်သွယ်လျက်ရှိကြောင်းသိရသည်။ အိုဇေးလ်နှင့်အတူ အာဆင်နယ်၏ သက်တမ်းတိုးစာချုပ်ကမ်းလှမ်းမှုကို ငြင်းပယ်ထားသည့် ဆန်းချက်ဇ်ကိုလည်း ဂျူဗင်တပ်အသင်းမှ တစ်ပတ်လုပ်ခပေါင်၂၅၀၀၀၀ ပေးမည်ဟု ကမ်းလှမ်းထားသလို ပီအက်စ်ဂျီနှင့် တရုတ်စူပါလိဂ်အသင်းများမှလည်း ချိတ်ဆက်လျက်ရှိသည်။

**မေလဲ့သင်း**

## ၂၀၁၈ခုနှစ်အလွန်ထိ ဘတ်ဖွန် ဘောလုံးဆက်ကစားသွားမည်

အီတလီလက်ရွေးစင်အသင်းနှင့် ဂျူဗင်တပ် အသင်းတို့၏ ဂိုးသမားဖြစ်သူ ဘတ်ဖွန်မှာ ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလား ကာလပြီးဆုံးချိန်အထိ ဂျူဗင်တပ်အသင်းအတွက်သာမက အီတလီအသင်းတွင်ပါ ဆက်လက်ကစားရန်ရှိသည်ဟု ဘတ်ဖွန်၏ အေးဂျင့်ဖြစ်သူမာတီနာက အတည်ပြုကြေညာခဲ့သည်။ ဘတ်ဖွန်သည် ပြီးခဲ့သည့်လတွင် အသက်(၃၉)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း အသက်(၄၀) ကျော်အထိ ဘောလုံးဆက်ကစားရန် ရည်ရွယ်ထားကြောင်း မာတီနာက ယူဆခဲ့သည်။

မာတီနာက“ သူက ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲအထိတော့ ဝင်ရောက်ကစားချင်နေပါတယ်။ ဒါပေမယ့် သူ့ရဲ့ စိတ်ဓာတ်နဲ့ လောလုံး ချစ်မြတ်နိုးမှုကိုကြည့်ပြီး စဉ်းစားရင်တောင် ကမ္ဘာ့ပြီးနောက်ပိုင်းအထိ ဘောလုံးဆက်ကစားဖို့ ရှိနေတယ်လို့ အဖြေထုတ်နိုင်ပါတယ်” ဟု ပြောကြားခဲ့သည်။

ဂျူဗင်တပ်ဂန္ထဝင်ဂိုးသမား ဒီနိုဇော့ဖ်သည် အသက်(၄၀)အရွယ်ရောက်မှ ၁၉၈၂ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံဆုကို အီတလီအသင်းအတွက် ဆွတ်ခူးပေးနိုင်ခဲ့သည်။

**မေလဲ့သင်း**




## မန်ယူကစားသမားအချို့သက်သောင့်သက်သာအနေအထားရှိလွန်းခဲ့ဟု မော်ရင်ဟို ယူဆ

မန်ယူကစားသမားအချို့မှာသက်သောင့်သက်သာ အနေအထားရှိလွန်းနေကြပြီး ကစားသမားအားလုံး နိုင်ပွဲရအောင် ဘယ်လို ကစားရမည်ဆိုသည်ကို မဖြစ်မနေသင်ကြားဖို့ လိုအပ်နေပြီဟု နည်းပြမော်ရင်ဟိုက ပြောကြားလိုက်ပြီဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းကပင် မန်ယူကစားသမာဟောင်း ဖာဒီနန်က ပေါ့ဘာနှင့် ဂျက်စီလင်းဂတ်တို့ ကခုန်နေသည့် ဓာတ်ပုံများနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ပြီးနောက် ရက်သတ္တပတ်မပြည့်မီမှာပင် မော်ရင်ဟို၏ မန်ယူကစားသမားများအပေါ် ဝေဖန်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဟားလ်စီးတီးနှင့် သရေသာ ကစားနိုင်ပြီးနောက် ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ပင်မရရှိနိုင်ဟူသော ယူဆချက်များလည်း တရစပ်ထွက်လာခဲ့သည်။ အဆိုပါ သရေပွဲသည် မန်ယူအသင်းအတွက် ယခုနှစ်ဘောလုံးရာသီ နဝမမြောက် သရေပွဲလည်းဖြစ်ခဲ့သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်၂၃ပွဲမှ ဂိုးပေါက်ခြိမ်းခြောက်မှု ၃၉၁ကြိမ်အထိ ရှိခဲ့သော်လည်း သွင်းဂိုး ၃၃ဂိုးသာ ရရှိခဲ့ရာ ယင်းအခြေအနေက မန်ယူသည် ဟားလ်စီးတီးနှင့် ဆောက်သမ်တန် အသင်းတို့ထက်သာ ဂိုးသွင်းနှုန်းပိုကောင်းသည့်အသင်းအဖြစ် ညွှန်းဆိုရာရောက်သည်။ ပရီမီယာလိဂ်ဟု အမည်ပြောင်းလဲပြီးနောက် မန်ယူအသင်းအတွက် ဒုတိယ အဆိုးဆုံး ရာသီတစ်ခုလည်းဖြစ်ခဲ့သည်။ မန်ယူအသင်းသည် ယနေ့(ဖေဖော်ဝါရီ ၅ရက်)တွင် ယမန်နှစ် ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်းကို ရင်ဆိုင်ရမည်ဖြစ်သည်။

မော်ရင်ဟိုက မိမိတို့အသင်း အနိုင်ရနေသည့်တိုင်ပွဲချိန်ပြီးဆုံးသည်အထိ အာရုံစိုက်ကစားရန်လိုသလို နိုင်ပွဲအတွက် အမြဲဆာလောင် သည့်စိတ်ထားမျိုးရှိရန်လည်း လိုအပ်ကြောင်း ကစားသမားများကို သတိပေးမှုပြုခဲ့သည်။မန်ယူပရိသတ်များက မော်ရင်ဟိုလက်ထက်တွင်လည်း မန်ယူအသင်း တိုးတက်လာမှုကို မြင်တွေ့ရသေးခြင်းမရှိကြောင်း ဝေဖန်မှုအပေါ်တွင်လည်း မော်ရင်ဟိုက ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

**ရှိုင်ယန်ဟောဒင်**

## ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြော



**မအူပင် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် မအူပင်မြို့ မအူပင်တက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုအန္တရာယ် ရှောင်ရှားနိုင်ရေး၊ မှုခင်းကျဆင်းရေးနှင့် သတ်မှတ်ဥပဒေများ သိရှိလိုက်နာနိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မအူပင်တက္ကသိုလ်ပင်မဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မအူပင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီဦးက အဖွင့်အမှာစကားပြောကြားပြီး မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒေါ်နန်းအေးမြင့်၊ အမှတ် (၄၉) မူးယစ်တပ်ဖွဲ့စု (ပုသိမ်) ဒုရဲမှူး သန်းဝင်းရွှေ၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးဇော်ဝင်းအောင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာယုယုဝေနှင့် အမှတ် (၈၂) မအူပင်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်စိုးနိုင်တို့က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မအူပင်ခရိုင်(ပြန်/ဆက်)**

## ဓာတုပိုးသတ်ဆေးများ၏ ဓာတ်ကြွင်းအာနိသင် အန္တရာယ်အကြောင်း အသိပညာပေး

**မိုးမိတ် ဖေဖော်ဝါရီ ၄**

ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ကြောင့် လူတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် စိုက်ပျိုးရေးပညာပေး ဝန်ထမ်းများက ကွင်းထဲအရောက် အသိပညာပေးခြင်းအပြင် ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိသားစုဝင်များအား ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင် အန္တရာယ်အကြောင်းကို လက်ဆင့်ကမ်းသိရှိစေရန် ရည်ရွယ်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် လက်ခုပ်တန်း အထက်တန်းကျောင်းခွဲတို့၌ ဖေဖော်ဝါရီ ၁ ရက်က ဓာတုပိုးသတ်ဆေးများ၏ ဓာတ်ကြွင်းအာနိသင် အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြတ်မွန်၊ မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်လွင်နှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်မျိုးဝင်းတို့က စားသောက်ကုန်များတွင် ဓာတုဗေဒဓာတ်ကြွင်းအာနိသင် ပါဝင်မှုလျော့နည်းစေရန်အတွက် တောင်သူများအား ပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ကြောင့် အန္တရာယ်ဖြစ်မှုမှ ကာကွယ်ရန်နှင့် ပြုမူနေထိုင်စားသုံးရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## အခြေခံပညာကျောင်းများရှိကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ပုလဲ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးသမ္ဘားကျေးရွာ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် သစ္စာစီမံချက်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယင်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုလဲမြို့နယ်ဦးစီးဌာနမှူးရုံး ဦးစီးအရာရှိ ဦးအောင်ထွန်းမြင့်က ပုလဲမြို့နယ် ကျေးသမ္ဘားကျေးရွာ အ-လ-က ( ခွဲ ) ကျောင်းရှိကျောင်းသား၊ ကျောင်းသူ ၇၀ ၊ ကံကြီးကျေးရွာ အ-လ-က(ခွဲ) ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး၊ ကံသစ်ကျေးရွာ အ-လ-က(ခွဲ) ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၆၃ ဦးနှင့် ဇီးရင်းကျေးရွာ၊ အ-လ-က(ခွဲ)ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၆၈ ဦး စုစုပေါင်း ၂၆၂ ဦးအတွက် အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၆၂ ကတ်ကို ပေးအပ်ခဲ့ကြောင်း ပြောသည်။

ယင်းနောက် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော အသက် (၁၀ ) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်များနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပုလဲမြို့နယ်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အခြေခံပညာကျောင်း ၂၅ ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၇၅၀ အား အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## မြစ်သားမြို့နွားလျှာရိုးကျေးရွာတွင် အခမဲ့ မျက်စိစမ်းသပ်ကုသပေး

**မြစ်သား ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် နွားလျှာရိုးကျေးရွာတွင် စဉ့်ကိုင်မြို့နယ် မျက်စိဆေးရုံအုပ်ကြီး ဦးဆောင်သော အဖွဲ့နှင့်ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) နောက်ဆုံးနှစ် သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတို့က မျက်စိဝေဒနာရှင်များကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁ရက်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ မျက်စိစမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

ယင်းသို့မျက်စိကုသပေးရာတွင် နွားလျှာရိုးကျေးရွာနှင့် ဘေးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ညောင်ကျစ်၊ လက်ပံဆိပ်၊ စီပင် ကျေးရွာများမှ လူနာပေါင်း ၁၀၀ ကျော်လာရောက်ကုသပြီး၊ မျက်စိပါရဂူဆရာဝန်ကြီး ဒေါက်တာရီလင်း ဦးဆောင်သောအဖွဲ့က အသိပညာပေးဟောပြောခြင်း၊ အခမဲ့မျက်စိစမ်းသပ်ခြင်း၊ မျက်တောင်စိုက်ခြင်း၊ မျက်စဉ်းခပ်ခြင်းနှင့် မျက်စဉ်းခတ်ဆေးများ အခမဲ့ပေးဝေကာ ဆင်းရဲနွမ်းပါးသော အတွင်းတိမ်၊ ရေတိမ်မျက်စိဝေဒနာရှင်များကို စဉ့်ကိုင်မျက်စိဆေးရုံတွင် ဆေးကုသပေးခဲ့သည်။

**ရဲဝင်းထွန်း(မြစ်သား)**



## ပေါက်မြို့နယ်တွင် လျှပ်စစ်ဗို့အား တိုးတက်ကောင်းမွန်စွာရရှိ

**မကွေး ဖေဖော်ဝါရီ ၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်တွင် ယခင်က ပခုက္ကူမြို့နယ် ကမ္ဘမြို့ရှိ (၆၆/၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် (၁၁) ကေဗွီ ဓာတ်အားလိုင်း မိုင်(၃၀)တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာတွင် ယခုအခါ ပေါက်မြို့တွင် (၆၆/၁၁) ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ် တည်ဆောက်ပြီးစီးပြီဖြစ်သည်။ ယင်းခွဲရုံမှ (၁၁)ကေဗွီ ဓာတ်အားလိုင်း (၄)မိုင် တည်ဆောက်၍ လက်ရှိ (၁၁) ကေဗွီလိုင်းနှင့် ချိတ်ဆက်ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃၁ ရက်တွင် ပေါက်မြို့နယ်အတွင်း စတင်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ ယခင်ကမ္ဘဓာတ်အားခွဲရုံမှ ဓာတ်အားရယူစဉ် မြို့ပေါ် (၁၁/သုည ဒသမ၄) ကေဗွီ ထရန်စဖော်မာများ၏ ၄၀၀ ဗို့ (Three Phase) လိုင်းတွင် Phase to Phase (၃၃၅) ဗို့ မှ ယခုအခါ Phase to Phase (၃၈၅) ဗို့ထိရှိလာပြီး ဗို့အားကျဆင်းမှုအား လျှော့ချနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပေါက်မြို့နယ်အတွင်း ဗို့အားတိုးတက်ကောင်းမွန်လာပြီဖြစ်၍ ဓာတ်အားပြတ်တောက်မှုများနှင့် ယူနစ်ပျောက်ဆုံးမှု များပြားခြင်းတို့ကို လျှော့ချနိုင်တော့မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို အပြည့်အဝဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာတစ်ဦးကပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မှုခင်းကျဆင်းရေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၂၆ ရက်က အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်စိုးက မှုခင်းအသိပညာပေးဟောပြောပွဲ ပြုလုပ်ရာ (၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်နှင့် ရပ်ကွက်နေပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ပြီး မှုခင်းဖြစ်ပွားရခြင်းအကြောင်းများအား ပြည်သူများ သိရှိနားလည်စေရန် မှုခင်းအသိပညာပေးဟောပြောခြင်း၊ Community Based Police လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ မှုခင်းဖြစ်ပွားမှု လျော့နည်းစေရန်အတွက် ရပ်ရွာအခြေပြုရဲလုပ်ငန်းစနစ်အား ရပ်ကွက်များအတွင်းရှိ ရပ်မိရပ်ဖများ၊ လမ်းသာယာရေးကော်မတီဝင်များ၊ ဆယ်အိမ်စုမှူးများ၊ တက်ကြွလူငယ်များ လုံခြုံရေးစောင့်ကြပ်သည့်စနစ်ဖြင့် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

**(ကြေးမုံ)**





uc;ifynf , Aefarmf½lt wif;armfwmf, mOfrm; , mOf tE&Å , fvrf; tE&Å , f uif;&Sapa&; twuf, mOfarmif;rm; t&uf opmaomuf;rm;rESf t jcm;owfrSwf c;uf rm; jynfpkd&Sr&Sv0efSfl rm; u ppfaq;aqmif uf v;uf&Sh Zef0;&D aemuf qkjwfvif Aefarmf SEÅ v;okd uf rnfu&Donfwif, mOfrm; tm; ukf vrf;ydkqmif a&; ñef um;r0pD mer Svm0ef&Sfl rm;u ppfaq;rlrm;jy vkf cdhumif;fo&donf "mwfyk(c½lifyefqu)


## သာစည်မြို့နယ်တွင် အမှတ်(၂၆) စက်မှုလယ်ယာ စခန်းမှ ထွန်ယက်ရေးသရုပ်ပြသ


**သာစည် ဖေဖော်ဝါရီ ၄**


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရာတွင် တောင်သူများ စက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန်ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၂၆) စက်မှုလယ်ယာစခန်းသာစည်မြို့မှ စက်ကိရိယာများဖြင့် ထွန်ယက်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ရွာမွန်သာကျေးရွာကွင်းအမှတ် (၁၈၄၅) တောင်သူဦးထွေးမြင့်၏ အကွက်၌ ထွန်ယက်ပြသခဲ့ကြောင်းသိရသည်။


သရုပ်ပြပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးမှူးဦးဆန်းညွန့်ဦးက တောင်သူများ စိုက်ပျိုးထွန်ယက်ရာတွင် စက်ကိရိယာများအသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာပြီး လုပ်ငန်းတွင်ကျယ်ကာ တောင်သူများ စက်ကိရိယာပိုင်ဆိုင်ရေးအတွက် ဌာနမှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနမှဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများအား စက်ကိရိယာများဖြင့် လက်တွေ့ထွန်ယက်ပြသခဲ့သည်။


အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အတွင်းရေးမှူး၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်သူနှင့် ဝန်ထမ်းများ၊ ကျေးရွာခနေတောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**








ရွှေဆံရစ်





# ကျေးတောရွာ သာသလေ့ ပျော်မွေ့စွနေရာ

ကို ရင်ဩ

ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှုန်းဖြင့် စီးပွားရေးတိုးတက်နေသော အိန္ဒိယနိုင်ငံ၏ ၂၀၁၇ ခုနှစ် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)ကို ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်ဟု 'အင်ဒီးယန်းတိုင်း' သတင်းစာကြီးက ရေးသားဖော်ပြထားလေရာ ကျွန်ုပ်တို့၏ အိမ်နီးချင်းနိုင်ငံကြီးလည်းဖြစ်၊ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးလည်းဖြစ်သော ယင်းနိုင်ငံ၏ အများပြည်သူဆိုင်ရာ ဘဏ္ဍာရေး အစီအစဉ်များကို အစိုးရအဖွဲ့က မည်သို့မည်ပုံ တလုံလုံတလဲလဲ ဖွင့်ချထားပါသနည်းဟု တပြောင်းပြန်ပြန် အဖန်ဖန် ရှုလျက် သုံးသပ်လေ့လာမိလေ၏။

ဧပြီ ၁ ရက်မှ စတင်မည့် ဘဏ္ဍာရေးနှစ်အတွက် အိန္ဒိယအစိုးရအဖွဲ့က အကောင်အထည်ဖော်မည့် ဘဏ္ဍာရေးအစီအစဉ်များသည် မည်သူတို့ကို ပြုံးစေ၍ မည်သူတို့ကို မဲ့စေမည်နည်းဟု စောကြောလေ့လာလိုရင်းဖြစ်လေသည်။

**ဘတ်ဂျက်ဟူသည်ကား**

'ဘတ်ဂျက်' ဟူသည်ကား အစိုးရအဖွဲ့နှစ်စဉ် မူကြမ်းရေးဆွဲ၍ ပါလီမန်သို့တင်ပြကာ အတည်ပြုချက်ရယူရလေ့ရှိ၏။ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ဘတ်ဂျက်ရေးဆွဲလေ့ရှိပြီး ဘဏ္ဍာရေးဝန်ကြီးက ပါလီမန်ထံတင်ပြကာ အတည်ပြုချက်ရယူရလေ့ရှိသည်။

အိန္ဒိယနိုင်ငံသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံနည်းတူ လယ်ယာစီးပွားအပေါ် အခြေခံသည့် စီးပွားရေးကို တည်ဆောက်လျက်ရှိရာ ကောက်ပဲသီးနှံများ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တို့နှင့် အံဝင်ခွင်ကျရှိစေရေးအတွက် ဘဏ္ဍာရေးနှစ်ကို ဧပြီ ၁ ရက်မှ စတင်လေ့ရှိပေသည်။

ဘတ်ဂျက်၏ ပင်မခက်ဖြာနှစ်ရပ်သည်ကား ဝင်ငွေနှင့် အသုံးစရိတ်တို့ပေတည်း။ ဘတ်ဂျက်ဥပဒေ၌ ဝင်ငွေ၊ ရငွေများနှင့် အသုံးစရိတ်များကို မည်သို့မည်ပုံ စီမံခန့်ခွဲမည်ကို ဖော်ပြပါရှိလေသည်။

ဒီမိုကရေစီနိုင်ငံများ၌ နိုင်ငံတော်ဘတ်ဂျက်ကို ပြည်သူတို့သိအောင် ဖွင့်ဟကြေညာရခြင်းမှာ အစိုးရ၏ တာဝန် တစ်ရပ်ဖြစ်၏။ အာဏာရှင်အစိုးရများမှာမူ ဘတ်ဂျက်နှင့်ပတ်သက်၍ ပြည်သူတို့အား ပွင့်ပွင့်လင်းလင်း အသိပေးလေ့မရှိ။ နိုင်ငံတော်၏ ဝင်ငွေမည်မျှ၊ နိုင်ငံတော်၏ ကြွေးမြီမည်ပုံ၊ ဝန်ကြီးဌာန၏ ခွဲတမ်းဘတ်ဂျက်မည်နှုယ်စသည့် အကြောင်းခြင်းရာတို့မှာ ပြည်သူတို့ သိအပ်လှပြီး ယင်းသို့ သိမှသာ ပြည်သူတို့ကိုယ်တိုင် အကဲဖြတ်သုံးသပ်နိုင်ပေလိမ့်မည်။

အိန္ဒိယအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သော ဘတ်ဂျက်၏ ထူးခြားချက်များကို လေ့လာစေ့ငုသည့်အခါ ဦးစွာသတိမူမိသည်မှာ ကျေးလက်ဒေသ လူနေမှုဘဝမြင့်မားရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် အထူးအလေးပေးထားသည်ကို တွေ့မြင်ရလေသည်။

**ဆင်းရဲမှုမှ ရုန်းထွက်**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အစိုးရက အသုံးစရိတ်များကို မြှင့်တင်ပေးခြင်းကြောင့် ပြည်သူတို့မှာ ဆင်းရဲမွဲတေသည့်ဘဝသံသရာမှ ပိုမိုရုန်းထွက်လာနိုင်မည်ဟု ရှုမြင်ရ၏။

အိန္ဒိယနိုင်ငံ၌ မကြာသေးမီက တန်ဖိုးကြီးငွေစက္ကူများကို လှည့်ပတ်သုံးစွဲငွေအဖြစ်မှ ရုပ်သိမ်းခဲ့ခြင်းကြောင့် လယ်သမားများမှာ အထိအနာဆုံးဖြစ်ခဲ့ရသည်။ ငွေမည်းတိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရပါသည်ဟု အစိုးရက ကာကွယ်ပြောကြားခဲ့လင့်ကစား ပြည်သူတို့မှာ ငွေစက္ကူအနွမ်းအဟောင်းလေးများကို ကိုင်ဆောင်ရင်း ငွေစက္ကူသစ်နှင့် ပြန်လည်လဲလှယ်ခွင့်ရရေးအတွက် ဘဏ်များတွင် ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းခဲ့ကြရသည့် မြင်ကွင်းကိုလည်း မမေ့နိုင်ကြသေး။

ယခုအချိန်တွင်မူ ကျေးလက်များ၌ ဆည်မြောင်းတမံများ၊ လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အားပေးရေးစခန်းများ၊ မိလ္လာရေဆိုးနုတ်စနစ်များကို တည်ဆောက်ပေးရန်အတွက် ရန်ပုံငွေများ ခွဲဝေသတ်မှတ်ပေးထားပါသည်ဟူ၍ ဘဏ္ဍာရေးဝန်ကြီး အေရွန်ဂျိတ်လီက ပြောကြားလိုက်ရာ တောသူတောင်သား ပြည်သူများမှာ နှစ်လိုစဖွယ် တင့်တယ်စွာသော အခင်းအကျင်းများကို ကိုယ်တိုင် ထုတ်ချောက် ထင်လင်းမြင်သည်ဖြစ်ရာ၏ဟု ကျွန်ုပ် နိမိတ်ပုံဖော်မိလေသည်။

၂၀၁၈ ခုနှစ် မတ်လတွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်၏ တစ်နှစ်တာကာလပတ်လုံး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ချေးငွေရူပီး ၁၀ ထရီလီယံအထိ စံချိန်တင် ငွေကြေးပမာဏကို သုံးစွဲဆောင်ရွက်မည်ဟု အစိုးရက ကတိပြုလိုက်ရာ တောင်သူလယ်သမားများမှာ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေများရရှိရန် ပိုမိုအခွင့်သာချေပြီဟု ဆိုနိုင်ပေ၏။

**အာမခံ**

ကျေးလက်ဒေသ အလုပ်အကိုင်နေရာများ ဖန်တီးပေးရေးအစီအစဉ်နှင့် ကျေးလက်ဒေသ မီးလင်းရေး အစီအစဉ်တို့အတွက် အစိုးရက ရူပီးဘီလီယံ ၄၈၀ အထိ ကျခံသုံးစွဲဆောင်ရွက်မည်ဆိုသည်။

ကျေးလက်ဒေသ အိမ်ထောင်စုတိုင်းသည် တစ်နှစ်လျှင် ရက်ပေါင်း ၁၀၀ အထိ အလုပ်လုပ်ကိုင်ခွင့် သေချာပေါက်ရရှိစေမည်ဟု အစိုးရက အာမခံလျက် ရန်ပုံငွေခွဲဝေချထားပေးလေသည်။

လာမည့်ငါးနှစ်တာ ကာလပတ်လုံး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူများ ဝင်ငွေနှစ်ဆတိုးလာစေရေး အစီအစဉ်နှင့်အညီ ကျေးလက်ဒေသနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးရေး အသုံးစရိတ်ကို ၂၄ ရာခိုင်နှုန်းခန့် တိုးမြှင့်ပေးရန် အစိုးရက လျာထားလေသည်။

**အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု**

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး နောက်ခံသမိုင်းအကျဉ်းကို တင်ပြလို၏။

အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် 'အိန္ဒု မြစ်ဝှမ်း ယဉ်ကျေးမှု' နှင့်အတူ စတင်ခဲ့သည်ဟု ဆိုရလောက်အောင် ကာလသမနိရှည်ကြာခဲ့လေပြီ။

ယနေ့ကာလ အိန္ဒိယ အနောက်မြောက်ပိုင်းဒေသနှင့် ပါကစ္စတန်တို့ တည်ရာ နယ်မြေပေါ်အခြေစိုက်လျက် ရှေးဟောင်းယဉ်ကျေးမှုတစ်ရပ် သမိုင်းတွင်ရစ်၏။

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်မှသည် ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း ၁၅၀၀ ခန့်အတွင်း အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု အဓွန့်ရှည်ခဲ့သည်။

ရှေးဟောင်းအိန္ဒိယစာပေ အထောက်အထားများအရ အိန္ဒုမြစ်ကို သက္ကတဘာသာဖြင့် 'သိန္ဒု' ဟုခေါ်ဝေါ်သည်။ အိန္ဒိယဟူသော အမည်သည် အိန္ဒုမြစ်ကို အစွဲပြုကာခေါ်ဝေါ်ခြင်းဖြစ်သည်ဟုဆိုကြသည်။

အိန္ဒုမြစ်သည် တရုတ်နိုင်ငံ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မန်ဆာရိုဗာကန်၏ ဝန်းကျင်မှ မြစ်ဖျားခံပြီး ဂျမ်မူးနှင့် ကက်ရှ်မီးယားပြည်နယ် လာဒက်ရှ်ဒေသကို ဖြတ်သန်းစီးဆင်းကာ ပါကစ္စတန်နိုင်ငံမြောက်ပိုင်းဒေသမှ စတင်၍ နိုင်ငံအတွင်းသို့ စီးဝင်သည်။

အိန္ဒုမြစ်ဝှမ်းတစ်လျှောက် ဆည်များဆောက်၍ တူးမြောင်းများသွယ်ကာ လယ်ယာများသို့ ရေသွင်းစိုက်ပျိုးခြင်းကို အကြီးအကျယ်ပြုလုပ်ခဲ့ကြသည်။

ယဉ်ကျေးစခေတ်က စိုက်ပျိုးရေးသည် အဓိကလုပ်ငန်းဖြစ်ပေရာ စိုက်ပျိုးရေးဖြစ်ထွန်းသော မြစ်ဝှမ်းဒေသများ၌ ယဉ်ကျေးမှုတို့ စတင်ပေါက်ပွားခဲ့သည်။

အိန္ဒုမြစ်ဝှမ်းဒေသသည် ထိုခေတ်အခါက ကြွယ်ဝဖွံ့ဖြိုး၍ အီဂျစ်၊ မက်ဆိုပိုတေးမီးယားတို့နှင့်ပင် ကုန်သွယ်ဆက်ဆံမှုရှိခဲ့လေသည်။

**ဘတ်ဂျက်အခင်းအကျင်း**

ဘတ်ဂျက်သစ်သည် အိန္ဒိယ လူလတ်တန်းလွှာတို့အတွက် ဝင်ငွေခွန် နှုန်းထားများကို ၁၀ ရာခိုင်နှုန်းခန့်မှ ၅ ရာခိုင်နှုန်းအထိ ထက်ဝက်လျှော့ချပေးရန် လျာထားပေရာ ရူပီး ၂၅၀,၀၀၀ (ဒေါ်လာ ၃၇၀၀) မှ ရူပီး ၅၀၀,၀၀၀ အထိ နှစ်စဉ် ဝင်ငွေရရှိသူများ အကျိုးကျေးဇူးရရှိကြပေလိမ့်မည်။ ကွင်းဆက်အနေဖြင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သူများနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်သူများ ရောင်းအား တက်လာနိုင်သည်။

ဘတ်ဂျက်သစ်သည် တန်ဖိုးနည်း အိမ်ရာစီမံကိန်းကို နောက်ထပ်ငါးနှစ်သက်တမ်းတိုးချဲ့ရန် အဆိုပြုထားရာ အိမ်ရာခြံမြေလုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများ ပွင့်လန်းလာနိုင်ပေသည်။

ဘတ်ဂျက်သစ်အရ အစိုးရက နိုင်ငံပိုင်ဘဏ်တိုက်များအား ရူပီးဘီလီယံ ၁၀၀ ထက်မနည်းကို ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် ဘဏ်ချေးငွေများကို ပိုမိုထုတ်ချေးပေးလာနိုင်လိမ့်မည်။

ဘတ်ဂျက်သစ်တွင် ဖန်မျှင်ကြေးနန်းဆက်သွယ်ရေး ကွန်ရက်ဖြန့်ကြက်နိုင်ရေးအတွက် ရူပီးဘီလီယံ ၁၀၀ ခွဲဝေချထားပေးမည်ဖြစ်ပေရာ ကျေးရွာပေါင်း ၁၅၀,၀၀၀ အထိ ကွန်ပျူတာကွန်ရက်အင်တာနက်နှင့် ချိတ်ဆက်လာနိုင်ရန် လမ်းပွင့်သွားပေမည်။

ကျေးလက်ဒေသပြည်သူတို့အပေါ် ပိုမိုအာရုံစိုက်သည့် ဘတ်ဂျက်တွင် ဆေးဝါးများ၏ ဈေးနှုန်းလျှော့ချပေးရေး၊ ပြည်သူတို့ တတ်နိုင်သည့် ငွေကြေးဘောင်ထဲမှ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေးတို့အတွက် ဥပဒေစည်းမျဉ်းများကို ပြင်ဆင်ရန် အစိုးရက အဆိုပြုထားလေသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ကဏ္ဍအတွက် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဖော်ဆောင်ရာတွင် စိုက်ပျိုးရေးထွက်ကုန် ဈေးကွက်တင်ပို့မှု မြှင့်တင်နိုင်ရေးအတွက် ဥပဒေများကို ပြင်ဆင်ရေးဆွဲ လျက်ရှိပြီး အမျိုးသား လယ်ယာစိုက်ပျိုးရေး ဈေးကွက်ကို ကုန်စည်များ ဈေးကွက်နှင့် ချိတ်ဆက်ခြင်းဖြင့် လယ်ယာထွက်ကုန်များအတွက် ဈေးကောင်းရရှိနိုင်သည့် အကျိုးကျေးဇူးကို တောင်သူလယ်သမားများ ရရှိခံစားနိုင်ပေမည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် အိန္ဒိယအမျိုးသား စီးပွားရေးတိုးတက်ရေး အတွက် အခြေခံအကျဆုံးဖြစ်သည်။ အိန္ဒိယပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး၏ ငါးပုံတစ်ပုံခန့်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှဖြစ်သဖြင့် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်များကို အစိုးရအဖွဲ့က အကောင်အထည်ဖော်လျက်ရှိလေသည်။

သို့ရာတွင် အစိုးရက ရန်ပုံငွေများ တိုးမြှင့်သုံးစွဲနေလင့်ကစား ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆက်နွှယ်နေသော ပြဿနာများရှိနေဆဲဖြစ်၏။ လမ်းပန်းဆက်သွယ်မှု ညံ့ဖျင်းခြင်း၊ လျှပ်စစ်ဓာတ်အားမရခြင်း၊ ရေကောင်းရေသန့်မရခြင်း၊ အမျိုးသမီးများ ပညာသင်ယူခွင့်နည်းပါးခြင်း၊ ဆင်းရဲမွဲတေခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ လယ်ယာမြေ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ နှေးကွေးခြင်း၊ သန့်ရှင်းမှုမရှိခြင်း စသည့် ပြဿနာများဖြစ်၏။

အိန္ဒိယ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေ ပြည်သူတို့ဖြစ်ပြီး စက်မှုလုပ်ငန်းများ၌ အသုံးပြုသော ကုန်ကြမ်းပစ္စည်းများမှာ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်အများစုဖြစ်သဖြင့် ကျေးလက်ဖွံ့ဖြိုးရေးမှာ ပဓာနကျလှပေသည်။ သို့ရာတွင် ကျေးလက်နေပြည်သူတို့မှာ ဆင်းရဲမွဲတေစွာရှိနေကြဆဲဖြစ်လေသည်။

သို့တစေ အိန္ဒိယအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကျေးလက်နေပြည်သူတို့မှာ သဘာဝကပေးစွမ်းသော ဝတ္ထုကာမတို့၌သာ တင်းတိမ်ရောင့်ရဲကြသဖြင့် လူ့အဆောက်အအုံကို ဖျက်ဆီးတတ်သော ဝိသမလောဘမှ ကင်းဝေးသည်ဟု ဆိုနိုင်ပေလိမ့်မည်။

မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ရောင့်ရဲမှုဖြင့် နေထိုင်ကြသည့် သဘာဝမှာ ကျေးလက်လူနေမှုစနစ်တွင်သာ ထွန်းကားသည်ကို တွေးတောမိရင်း **"ကျေးတောရွာ သာသလေ့ ပျော်မွေ့စွနေရာ"** ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



ဓာတ်ပုံ- www.humanosphere.org

# ရှူခင်းအလှ ရောင်စုံဓာတ်ပုံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**မော်လမြိုင် ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ်အစိုးရအဖွဲ့မှဦးစီး၍ မွန်ပြည်နယ် ဟိုတယ်ဆိုင်ရာလုပ်ငန်းများအသင်းက အဓိကကူညီပံ့ပိုးပြီး မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် မွန်ပြည်နယ်အလှရှုခင်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မွန်ပြည်နယ်ရှုခင်းအလှခေါင်းစဉ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

"မွန်ပြည်နယ်မှာရှိတဲ့ သမိုင်းဝင်ကျေးမှုအမွေအနှစ်နဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကိုဖော်ထုတ်ပြသနိုင်ဖို့ သဘာဝအလှအပတရားတွေကို ချပြတဲ့သဘောဖြစ်ပါတယ်။ နိုင်ငံခြားသားတွေ သွားရင်းလာရင်းနဲ့သိသွားအောင် ရည်ရွယ်ပြီး အဓိကကတော့ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပြသတာနဲ့အတူတူပါပဲ" ဟု ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးစိုးပိုင်က ပြောသည်။

ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပြိုင်ပွဲဝင်ပုံစံများကို မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများနှင့် ရတနာမြိုင်-ရုပ်သံ/ရုပ်ရှင်/တေးဖြန့်ချိရေး၊ ဗီဒီယို/ဓာတ်ပုံရိုက်ကူးရေးနှင့် စတူဒီယို၊ မော်လမြိုင်မြို့တွင် ထုတ်ယူနိုင်ပြီး ပြိုင်ပွဲဝင်ပုံများကို ၂၀၁၇ ခုနှစ် မတ်လ ၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ၇ သိန်း၊ တတိယဆု ၅ သိန်း၊ အထူးဆု ကျပ် ၂ သိန်းနှင့် နှစ်သိမ့်ဆု ကျပ် ၁ သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုပေးပွဲအား ပြည်နယ်ခန်းမတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# မြေအောက်ရေအသုံးပြု၍ စိုက်ပျိုးထားသည့် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ညောင်ဦး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာမှ ဒေသခံတောင်သူများသည် မြေယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။ ယခုနှစ်တွင် တောင်သူများ မြေအောက်ရေဖြင့်စိုက်ပျိုးသည့် ပြောင်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါစိုက်ခင်းများမှထွက်ရှိသည့် ပြောင်းဖူးများကိုလည်း စီးပွားရေးလုပ်ငန်းရှင်များနှင့် လက်လီရောင်းချမည့်ဈေးသည်များက နေ့စဉ်လာရောက်ဝယ်ယူနေကြခြင်းကြောင့် ပြောင်းစိုက်တောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ သစ်ထောင့်ကျေးရွာက တောင်သူတွေဟာ မြေယာစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ သီးနှံများစိုက်ပျိုးရာတဲ့အခါမှာလည်း မိုးရေအပြင် အခုလို မိုးကုန်တဲ့အချိန်မှာ ကိုယ်ပိုင်တူးဖော်ထားတဲ့ အဝီစိတွင်းက မြေအောက်ရေကိုအသုံးပြုပြီး စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ရွာကတောင်သူတွေ မြေအောက်ရေနဲ့စိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းမှန်သမျှ အကုန်အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ နောက်ပြီး ပြောင်းစိုက်ခင်းက စိုက်ပျိုးချိန် နှစ်လခွဲလောက်ပဲကြာမြင့်တာဖြစ်လို့ တောင်သူတိုင်း ပြောင်းသီးနှံကို အားထားစိုက်ပျိုးကြပါတယ်။ အခုဆိုရင် တောင်သူတွေစိုက်ပျိုးတဲ့ ပြောင်းစိုက်ခင်းတွေဟာ ပြောင်းဖူးတွေ ဆွတ်ခူးရောင်းချနေရပါပြီ။ ပြောင်းဖူးတွေကအဖူးလှတော့ လာဝယ်တဲ့သူတွေ များပါတယ်။ အများဆုံးလာဝယ်ကြတာကတော့ ညောင်ဦး၊ ပခုက္ကူ၊ မြင်းခြံနဲ့ ငါ့သရောက်မြို့တွေက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အနီးဝန်းကျင်ကျေးရွာတွေက လက်လီရောင်းချတဲ့ဈေးသည်တွေ လာဝယ်ကြတာများပါတယ်" ဟု ဒေသခံပြောင်းစိုက်တောင်သူ ဦးဇော်လွင်က ပြောသည်။

ပြောင်းဖူးတစ်ဖူးကို ငွေကျပ် ၁၀၀ ဖြင့်ရောင်းချလျက်ရှိပြီး အများဈေးဖြင့် ဝယ်ယူလျှင် ၁၀ ဖူးကို ငွေကျပ် ၈၀၀ ဖြင့်ရောင်းချပေးကာ ပြောင်းဖူးကို လူကြိုက်များသည့်အတွက် တောင်သူများ အရှုံးမရှိဘဲ စီးပွားရေးတွက်ခြေကိုက်လျက်ရှိနေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြစ်သားမြို့ အရှေ့သပြေသာနှင့် ညောင်ကျစ်ကျေးရွာများတွင် ထရန်စဖော်မာများ တပ်ဆင်



**မြစ်သား ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အရှေ့သပြေသာနှင့် ညောင်ကျစ်ကျေးရွာများတွင် 200KVA နှင့် 315 KVA ထရန်စဖော်မာများအား ဖေဖော်ဝါရီ ၂ ရက်က တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြစ်သားလျှပ်စစ်မန်နေဂျာ ဦးတင်မျိုးဝင်း၊ ကူမဲလျှပ်စစ်မန်နေဂျာ ဦးဥက္ကာမျိုးတို့ဦးစီး၍ ကျေးရွာဒေသခံများနှင့်ပူးပေါင်းကာ 200KVA နှင့် 315 KVA ထရန်စဖော်မာများအား တပ်ဆင်ပြီးစီးကြောင်း သိရသည်။ ထိုသို့တပ်ဆင်ပေးနိုင်ခြင်းကြောင့် ကျေးရွာအတွင်းရှိဒေသခံပြည်သူများသည် လျှပ်စစ်ဓာတ်အားကို ၂၄ နာရီအပြည့် သုံးစွဲနိုင်တော့မည်ဖြစ်သည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ကျွန်းစုမြို့နယ်၌ တောင်သူများအား အသိပညာပေးဆွေးနွေး

**ကျွန်းစု ဖေဖော်ဝါရီ ၄**

ကျွန်းစုမြို့နယ် မောင်းလော့်ကျေးရွာ၌ တောင်သူပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီခန့်က ၄င်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင်ပြုလုပ်ရာ မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျွန်းစုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာတို့က ကျေးရွာအတွင်းရှိတောင်သူများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးရာတွင် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးသန္တာစိုးက စပါးသီးနှံတွင်ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် ပိုးမွှားရောဂါကျရောက်သည့် လက္ခဏာများကို ဆွေးနွေးကာ ရောဂါပိုးကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများ၊ ပိုးသတ်ဆေးနှင့် ဆေးဖျန်းကိရိယာများအန္တရာယ်ကင်းရှင်းစွာကိုင်တွယ်ခြင်း၊ စနစ်တကျထားသိုခြင်း၊ စွန့်ပစ်ခြင်းနည်းလမ်းများကို ပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် မြေအသုံးချရေးတာဝန်ခံ ဒေါ်မေဖြိုးဝေက မြေဆီလွှာပြဿနာများ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာဖြည့်တင်းပေးသင့်သည့် အမျိုးအစားများ၊ အချိုးအစားများကို တောင်သူများအား အသိပညာပေးဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းကိုက စပါးပင်များကြီးထွားမှုအဆင့်ဆင့်နှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်းနည်းစနစ်များကို ရှင်းလင်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရန်နိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်အသင်းများ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Wilson Hotel ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးမြို့သည် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အချက်အချာကျသော မြို့ဖြစ်ကြောင်း၊ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်လျှင် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ SME လုပ်ငန်းများဖွံ့ဖြိုးရေးငွေရေးကြေးရေးအခက်အခဲများကြုံတွေ့နေရကြောင်း၊ အခက်အခဲများကိုပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ စီးပွားရေးဆိုင်ရာအသင်းများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ရွှေလုပ်ငန်းရှင်များအသင်း၊ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ကုန်တင်ရေယာဉ်ပိုင်ရှင်များအသင်း၊ ကျောက်မျက်လက်ဝတ်ရတနာလုပ်ငန်းရှင်များအသင်း၊ လူသုံးကုန်အလှကုန်ထုတ်လုပ်ရောင်းဝယ်သူများအသင်းအပါအဝင် စီးပွားရေးလုပ်ငန်းရှင်အသင်း ၁၅ သင်းတို့မှ တာဝန်ရှိသူများက မိမိတို့အသင်းများ၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းအခက်အခဲများအား အကြံပြုဆွေးနွေးတင်ပြကြကာ ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဒေသ ကျေးရွာများတွင် စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၄**

ဂန့်ဂေါမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဒေသရှိ ကျေးရွာများဖြစ်သော စပယ်နှင့် စင်ပုံကျေးရွာများတွင် ဖေဖော်ဝါရီ ၂ ရက်က စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာနေ တောင်သူများတွေ့ဆုံ၍ စိုက်ပျိုးရေးနည်းပညာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆွေးနွေးရာတွင် ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေဆန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မာအေးတို့က ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းစနစ်များ၊ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများ အရည်အသွေးပြည့်မီရေး၊ အန္တရာယ်ကင်းရှင်းရေး၊ သဘာဝမြေဆွေးပုံများ ပြုလုပ်သုံးစွဲရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ စနစ်တကျကိုင်တွယ်သုံးစွဲရေးတို့နှင့် စိုက်ပျိုးရေးနည်းပညာများ၊ မြေဆီလွှာပြဿနာများကို ဆွေးနွေးခဲ့သည်။

မြစ်သာရေလှောင်တမံစီမံကိန်းဒေသ ရေဝပ်ဧရိယာအတွင်းကျရောက်ခဲ့သည့် ကျေးရွာနေပြည်သူများအတွက် မြေဧကများဖော်ထုတ်ထားရာ အသစ်ဖော်ထုတ်သည့် မြေနေရာများတွင် ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စံပြစိုက်ကွက်များ စမ်းသပ်စိုက်ပျိုးခဲ့သည်။ ထိုသို့ စမ်းသပ်စိုက်ပျိုးသည့် သီးနှံများအနက် မြေပဲနှင့် နေကြာ သီးညှပ်စိုက်ခင်းတွင် ဇန်နဝါရီ ၂၇ ရက်ကပြုလုပ်သည့် စံကွက်ရိတ်သိမ်းမှုမှတ်တမ်းများအရ မကွေး ၁၆ မြေပဲမှာ တစ်ဧကအထွက်နှုန်း ၅၁ ဒသမ ၂၀ တင်းထွက်ရှိ၍ သီးညှပ်အဖြစ်စိုက်ပျိုးသည့် ရေဆင်းစပ်မျိုး နေကြာမှာ ၁၂ ဒသမ ၆၀ တင်း ထွက်ရှိကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**



ကြေးမုံ



# ထားဝယ်မြို့ သီတဂူအာရောဂျံဆေးရုံတွင် အထွေထွေရောဂါများ အခမဲ့ခွဲစိတ်ကုသပေး

**ထားဝယ် ဖေဖော်ဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုမွော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအတွင်းရှိ သီတဂူအာရောဂျံဒါနဆေးရုံတော်တွင် (၁၁)ကြိမ်မြောက် ကျန်းမာရေးအလှူတော်အပြင် သီတဂူဆရာတော်ကြီး၏ အစီအစဉ်ဖြင့် စစ်ကိုင်းသီတဂူဇီဝိတဒါန ဆေးရုံအုပ်ကြီးဒေါက်တာခင်မောင်ဇော်၊ ခွဲစိတ်အထူးကုသမားတော်ကြီး ဒေါက်တာမြသိန်းဟန်အဖွဲ့ နှင့် အမေရိကန်နိုင်ငံမှ Aloha Medical Mission အဖွဲ့ မှ Dr.Carl.MD ခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးဆောင်သော ၁၇ ဦးပါ ခွဲစိတ်အဖွဲ့ နှင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များပူးပေါင်းကာ အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြောင်းသိရသည်။

စစ်ကိုင်းသီတဂူဇီဝိတဒါနဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဇော်နှင့် ခွဲစိတ်အထူးကုဆရာဝန်များအဖွဲ့ မှ ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ဘာသာလူမျိုးမရွေးကုသနိုင်ကြောင်းသိရှိရကာ အထွေထွေရောဂါဝေဒနာရှင် ၃၅၀ ဦး လာရောက်စာရင်းပေးထားကြောင်း သီတဂူ အာရောဂျံဒါနဆေးရုံတော်မှ သိရသည်။

စမ်းသပ်ခွဲစိတ်ကုသပေးမည့်အထွေထွေရောဂါများမှာ လည်ပင်းကြီးရောဂါ၊ မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်ရှိ အကျိတ်အဖုအလုံးများခွဲစိပ်ပေးမည်ဖြစ်ပြီး အူကျရောဂါ၊ မုတ်ရောဂါ၊ လိပ်ခေါင်းရောဂါ၊ အူအတက်ရောဂါ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါများ၊ နှလုံး၊ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်ရောဂါများကို အမေရိကန်အထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်(ပြန်/ဆက်)**



## ဆံတော်ရှင် ကျိုက်ကမော့စေတီတော် လမ်းဖွင့်ပွဲပြုလုပ်

**မုဒုံ ဖေဖော်ဝါရီ ၄**

မုဒုံမြို့နယ် ကမာဝက်မြို့ရှိ ဆံတော်ရှင် ကျိုက်ကမော့စေတီတော်သို့ တက်ရောက်ဖူးမြော်နိုင်သည့် တောင်တက်ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီခွဲခန့်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းထွန်းသောင်းက တောင်တက်လမ်းဖောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသ၊ ဝန်ကြီးချုပ်ဦးမင်းမင်းဦး၊ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့် ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ တောင်တက်ကတ္တရာလမ်းသည် အကျယ် ၁၂ ပေ၊ အရှည် ၃ မိုင် ၁ ဖာလုံရှိကြောင်း သိရသည်။

ယင်းနောက် ကမာဝက်မြို့ မော်လမြိုင်-သံဖြူဇရပ် ကားလမ်းဘေးရှိ စတုဒိသာဇရပ်အနီးတွင် တည်ထားကိုးကွယ်မည့် ဆံတော်ရှင်ကျိုက်ကမော့စေတီတော်ပုံတူ ကိုးတောင်ပြည့်စေတီတော် အုတ်မြစ်ချပွဲအား ဆက်လက်ပြုလုပ်ရာ ဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသ၊ ဝန်ကြီးချုပ်ဦးမင်းမင်းဦး၊ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့် ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းတို့က ကျိုက်ကမော့ပုံတူစေတီတော်အား ရတနာရွှေအုတ်၊ ငွေအုတ်များဖြင့် အုတ်မြစ်ချပေးခဲ့ကြောင်း သိရသည်။

**မင်းထက်(မုဒုံ)**

## စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိ



**မိတ္ထီလာ ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ရာသီမရွေး စိုက်ပျိုးရေအလုံအလောက်ရရှိစေရန် ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ကြီးကြပ်၍ ရတနာရွှေလက်ကုမ္ပဏီက တာဝန်ယူပြီး ဇန်နဝါရီ ၂၆ ရက်မှစတင်၍ စက်ရေတွင်းများကို တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အေးက ပြောကြားခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ကြီးကြပ်ပြီး ရတနာရွှေလက်ကုမ္ပဏီက တာဝန်ယူ၍ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်တွင် စက်ရေတွင်း ၂၀၊ မလှိုင်မြို့နယ်တွင် ၂၀ တွင်း၊ သာစည်မြို့နယ်တွင် ၅၅ တွင်းနှင့် ဝမ်းတွင်းမြို့နယ်တွင် ၅၀ တွင်း စုစုပေါင်း ၁၄၅ တွင်းကို တင်ဒါစနစ်ဖြင့် ခေါ်ယူပြီး ဇန်နဝါရီ ၂၆ ရက်မှစတင်၍ စက်ရေတွင်းများကို တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းစက်ရေတွင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ခရိုင်အတွင်း၌ စက်ရေတွင်းပေါင်း ၂၈၂၇ တွင်း တူးဖော်ပေးပြီးဖြစ်သည်။

အဆိုပါစက်ရေတွင်းများ တူးဖော်ပြီးစီးပါက စပါး၊ နှမ်း၊ ကြက်သွန်၊ ဝါ၊ ငရုတ်၊ ပဲအမျိုးမျိုး သီးနှံများအား ဖြည့်စွက်ရေဖြင့်အသုံးပြုကာ စိုက်ဧကတိုးချဲ့လာနိုင်၍ အထွက်နှုန်းတိုးတက်လာနိုင်ခြင်းကြောင့် ဒေသခံတောင်သူများဝင်ငွေတိုးတက်ကာ စီးပွားရေးအဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## လက်ရာမြောက် ရွှေချည်ထိုးပန်းချီကားအသစ်များ စိတ်ဝင်စားမှုများပြား

**မန္တလေး ဖေဖော်ဝါရီ ၄**

မြန်မာမှုလက်ရာများတွင် နိုင်ငံခြားသားများ နှစ်သက်သောပစ္စည်းများအနက် ရွှေချည်ထိုးပန်းချီကားများလည်း ပါဝင်သည်။ နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ရွှေချည်ထိုးပစ္စည်းအဟောင်းများထက် လက်ရာမြောက်ရွှေချည်ထိုးပန်းချီကားများကို ပိုမိုစိတ်ဝင်စားကြောင်း သိရသည်။ ရွှေချည်ထိုးပန်းချီကားများမှာ မြန်မာ့လက်မှုအနုပညာစစ်စစ်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုနှင့်ဆက်စပ်နေသော သဘာဝကျသည့်ပန်းချီကားများကို ပြုလုပ်လေ့ရှိသည်။ ရွှေချည်ထိုးပန်းချီကားတစ်ချပ်ဖြစ်ပေါ်လာရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ရသည်။ ပထမဦးစွာ ပိတ်စကိုချုပ်ကာ ပေါင်ကြပ်ရသည်။ ပေါင်ကြပ်ပြီးသားပေါ်တွင် လိုအပ်သည့်ပုံများကို ပန်းချီဆွဲပေးရသည်။ ပန်းချီဆွဲပြီးသည်နှင့် ရွှေကြိုး၊ ငွေကြိုး၊ ပုလဲ၊ သဒ္ဒါစေ့၊ ကြယ်ပြား၊ ကြယ်ခုံး၊ ရွှေလုံး၊ ငွေလုံးကြိုးများမှအစ ရွှေချည်ထိုးပစ္စည်းများကို အပ်ချည်ဖြင့် သီချုပ်ပေးရသည်။

ရွှေချည်ထိုးပြီးသည်နှင့် ခွင်ချခြင်းများပြုလုပ်ပြီး ခွင်အတွင်း ရွှေချည်ထိုးပန်းချီကားကိုကပ်ကာ ချုပ်ပေးခြင်း၊ ဖောင်းကြွဖြစ်စေရန် ဂွမ်းထိုးခြင်းနောက်ပိတ်ပိတ်ခြင်းမှအစ အနုစိပ်လုပ်ဆောင်ရသည်။

ရွှေချည်ထိုးပန်းချီကားများကို နိုင်ငံခြားဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အနုစိပ်ဒီဇိုင်းများကို ရွေးချယ်ပြုလုပ်လာသည်။ လက်ရှိကာလတွင် အများစုအော်ဒါမှာယူသော ပန်းချီကားအမျိုးအစားလေးဆယ်ခန့် ပြုလုပ်ပေးရသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများမှ သက်ဆိုင်ရာနိုင်ငံအထိမ်းအမှတ်ပုံဒီဇိုင်းများကိုပါ အော်ဒါမှာသည်လည်းရှိသည်။

လက်ရှိကာလ၌ တွင်ကျယ်စွာပြုလုပ်နေရသော ရွှေချည်ထိုးပန်းချီကားများမှာ ရွှေတိဂုံပုံ၊ မြန်မာ့ဆိုင်းဝိုင်းပုံ၊ ဒေါင်းပုံ၊ မြန်မာ့နွားလှည်းပုံ၊ ကရဝိတ်ပုံ၊ ကိန္နရီကိန္နရာပုံ၊ ဆွမ်းခံကြွပုံ၊ ရှင်လောင်းလှည့်ပုံ၊ အိုးစည်ဒိုးပတ်ပုံ၊ သမင်အုပ်ပုံ၊ ရုပ်သေးပုံ၊ နှစ်ပါးသွားပုံ၊ ရှုခင်းပုံများနှင့် အခြားအမျိုးအစားများစွာကို တစ်နှစ်ပတ်လုံး ပြုလုပ်တင်သွင်းပေးရသည်။ မြန်မာ့ရွှေချည်ထိုးအဓိကဈေးကွက်မှာ ရန်ကုန်မြို့ပင်ဖြစ်ပြီး နယ်အရောင်းဆိုင်ကလေးများတွင်လည်း ရောင်းချကြသည်။ ရွှေချည်ထိုးပန်းချီကားများမှာ မြန်မာမှုပန်းချီများကို ရသပါအောင်အနုစိပ်ဖန်တီးမှုကြောင့် ပိုမိုသဘောကျလာသည်။ ရွှေချည်ထိုးပန်းချီကားများကို အသက်ဝင်လှပပြီး စိတ်ဝင်စားဖွယ်ဖြစ်အောင် အထူးလုပ်ဆောင်လာကြသည်။

ရွှေချည်ထိုးပန်းချီကားများကို အသေးအလျား ၂၅ လက်မ၊ အနံ ၁၉ လက်မအရွယ်နှင့် အကြီး အလျား ၃၉ လက်မ၊ အနံ ၂၈ လက်မအရွယ်များကို အများဆုံးပြုလုပ်ကြသည်။ လှပသောရွှေချည်ထိုးပန်းချီကားများကို လက်ဆောင်ပေးခြင်း၊ ဧည့်ခန်းအလှဆင်ခြင်းများတွင် အသုံးများသည်။ မန္တလေးမြို့သို့ လာရောက်သော သံအမတ်များ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် မန္တလေးကျုံး ရွှေချည်ထိုးပန်းချီကားများကို အလေးထားလက်ဆောင်ပေးကြသည်။ သီးသန့်မှာယူမှုများကိုလည်း စိတ်ကြိုက်လုပ်ဆောင်ပေးလျက်ရှိသည်။ ရွှေချည်ထိုးပန်းချီကားအသေးတစ်ကားလျှင် ဖောက်သည်ဈေးငွေကျပ် ၂၀၀၀၀ ကျော်ပေးရပြီး ရွှေချည်ထိုးပန်းချီကားအကြီးတစ်ချပ်လျှင် ၅၀၀၀၀ ပေးရသည်။ မှန်ပေါင်ထည့်ပေးခြင်းများကိုလည်း အထူးသီးသန့်ပြုလုပ်ပေးသည်။ လက်ရှိကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ရွှေချည်ထိုးပစ္စည်းအဟောင်းများထက် ရွှေချည်ထိုးလက်ရာမြောက် ရွှေချည်ထိုးပန်းချီကားသစ်များကို စိတ်ဝင်စားမှုပိုမိုကြောင်း သိရသည်။

**တိမ်တမန်**

## စာဖတ်ရိုန်မြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ကလေး ဖေဖော်ဝါရီ ၄**

ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရိုန်မြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးကွင်းဆင်းဟောပြောခြင်းနှင့် ပြန်/ဆက်ဦးစီးဌာနက နိုင်ငံတော်အကြီးအကဲများတိုင်းကျိုးပြည်ပြုမှတ်တမ်းဓာတ်ပုံများ ပြသခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီခွဲက အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း (အခြေခံပညာအထက်တန်းကျောင်းခွဲ) ၌ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းက ရွေးချယ်စားသောက်သည့်အခါတွင် ရက်စွဲလွန်စားသောက်ကုန်များ၊ FDA မှ ခွင့်ပြုချက်မပါသောထုတ်ကုန်များ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်မပါသော စားသောက်ကုန်များ၊ စားသုံးရန်ခွင့်မပြု ဓာတုဆိုးဆေးများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်များ၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက် ဖော်ပြထားရှိခြင်းမရှိသော စားသောက်ကုန်များကို အထူးသတိပြု၍ ဖတ်ရှုပြီးမှသာသုံးစွဲသင့်-မသင့် ဆုံးဖြတ်တတ်ရန်လိုကြောင်း၊ မှန်ကန်သောစားသောက်ကုန်များကို ရွေးချယ်အသုံးပြုပြီး နိုင်ငံ၏ ကျန်းမာသန်စွမ်းသော၊ ဉာဏ်ပညာမြင့်မားပြီး အားထားရသောသားကောင်း၊ သမီးကောင်းရတနာများပေါ်ထွန်းလာစေရေးအတွက်ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက အရက်နှင့် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းယာဝါးခြင်းတို့ကြောင့်ရရှိနိုင်သည့်ရောဂါများ၊ ဓာတုဆိုးဆေးများ၊ ပိုးသတ်ဆေးတို့၏ အန္တရာယ်များအကြောင်း၊ မြန်မာပြည်သည် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ကမ္ဘာပေါ်တွင် အဆင့်(၂) နေရာဖြစ်သွားရသည့်အတွက် ယင်းပြဿနာကို တစ်မျိုးသားလုံး လှုပ်ရှားမှုကြီးတစ်ခုအနေဖြင့် တိုက်ဖျက်ရန် စားသောက်ဆိုင်တိုင်း၊ မိသားစုတိုင်း၊ ချက်ပြုတ်ထုတ်လုပ်သူတိုင်း လိုက်နာရမည့်အချက်များအကြောင်းကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး စာပေ၏အကျိုးကျေးဇူးကို လက်တွေ့ခံစားကာ စာဖတ်ရိုန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က စာဖတ်ကြပြီး အသိပညာ၊ အတတ်ပညာဗဟုသုတရှိမှသာ အတွေးအခေါ်ရှင်သန်၍ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်သော နိုင်ငံတော်၏အနာဂတ်သားကောင်း၊ သမီးကောင်းရတနာမျိုးဆက်သစ်ကြယ်ပွင့်လေးများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောပြီးနောက် ပြည်သူများ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဂျိုးနက်**

## ရှော့ခ်တိုက် ငါးနှင့် ငါးရှဉ့်ဖမ်းသူများကို ထိရောက်စွာအရေးယူပေးနိုင်ရေး တောင်သူများလိုလားလျက်ရှိ

**ရေတာရှည် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း တရားမဝင်ရှော့ခ်တိုက်၍ ငါးနှင့် ငါးရှဉ့်ဖမ်းသူများအား အရေးယူဆောင်ရွက်မှုနည်းပါး၍ ယခုအခါ ဆွာချောင်းဆည်မှ နွေစပါးစိုက်ပျိုးရန် ရေများလွှတ်ပေးလျက်ရှိရာ နေ့ရောညပါ ကျဉ်စက်ဖြင့် စီးပွားဖြစ်ရှော့ခ်တိုက်သူများ အဆမတန် များပြားလာလျက်ရှိကြောင်း သိရသည်။ တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်၌ စိုက်ပျိုးပြီးသည့်စပါးခင်းများနှင့် စိုက်ပျိုးရန်ရေသွင်းထားသော လယ်ကွက်များအတွင်း ကျဉ်စက်ထိုးသူများကြောင့် စပါးပင်ပေါက်များ နင်းခြေခြင်းအပြင် လယ်ယာသုံးပစ္စည်းကိရိယာများကို အဆိုပါကျဉ်စက်သမားများကြောင့် တောထဲတွင်ထားခဲ့၍မရတော့ကြောင်း တောင်သူတစ်ဦးကပြောသည်။

"ညပိုင်းဆို ငှက်ပစ်တဲ့လူတွေကော ကျဉ်စက်ထိုးတဲ့သူတွေကော မီးတွေထိန်ထိန်လင်းနေတာပဲ တောင်သူသုံးပစ္စည်းတွေဆို တောထဲမှာ မထားခဲ့ရဘူး။ ခဏခဏပျောက်ကြတယ်။ လယ်ယာမြေလုံခြုံရေးအတွက် အရေးယူဆောင်ရွက်သင့်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ရှော့ခ်တိုက်၍ ငါးနှင့်ငါးရှဉ့်ဖမ်းဆီးသူများမှာ အုပ်စုလိုက် ညလုံးပေါက် ဖမ်းဆီးကြသူများရှိသလို ယခုနောက်ပိုင်း ဆိုင်ကယ်များဖြင့် တစ်နေရာမှတစ်နေရာကို အလွယ်တကူသွားလာနိုင်ကြသည့်အတွက် သားငါးပြုန်းတီးမှုများ ပိုမိုဆိုးရွားလျက်ရှိကြောင်း သုံးသပ်ပြောကြားမှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

# ဘေးအန္တရာယ်ဖြစ်ပွားမှု သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ရယူ ကြည့်ရှုနိုင်သည့် Mobile Application များ သထုံတွင် မိတ်ဆက်ရှင်းလင်း

**သထုံ ဖေဖော်ဝါရီ ၄**
မွန်ပြည်နယ် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးအုပ်ချုပ်ရေးမှူးနှင့် စာရေးများအား မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးရှိ ဘေးအန္တရာယ်ဖြစ်ပွားမှု သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ပေးပို့နိုင်ပြီး သတင်းများရယူကြည့်ရှုနိုင်မည့် Mobile Application များ မိတ်ဆက်ခြင်းနှင့် အသုံးပြုပုံများကို တာဝန်ရှိသူတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကျရောက်လာပါက အချိန်မီသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်စေရန်နှင့် အရေးပေါ် တုံ့ပြန်မှုများပြုလုပ်နိုင်စေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Mobile Application များကို စီစဉ်ရေးဆွဲထားခြင်းဖြစ်ကြောင်း သထုံခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ပြောသည်။

"ဒီ Mobile Application လေးကိုသုံးပြီး သဘာဝဘေးနဲ့ဆိုင်တဲ့ ကနဦးသတင်းကို မည်သူမဆို ပေးပို့နိုင်မယ်။ အဲဒီသတင်းတွေကို အတည်ပြုပြီး ပြည်သူတွေအမြန်ဆုံးသိအောင် ထုတ်ပြန်တာပေါ့။ သဘာဝဘေးဖြစ်တဲ့အခါမှာ မြန်မြန်သိ မြန်မြန်ကူညီကယ်ဆယ်နိုင်ရင် ထိခိုက်မှုနည်းမယ်။ ဒီမှာတော့ ဒေသတွင်း သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းတွေမှာ အဓိကလုပ်နေတဲ့ အဖွဲ့အစည်းကလူတွေကို အသုံးပြုပုံသင်ပေးတာပါ။ ရပ်ကျေးအုပ်ချုပ်ရေးမှူးနဲ့ စာရေးဝန်ထမ်းဆိုတာတွေကလည်း ပြည်သူတွေနဲ့ အနီးစပ်ဆုံးနေရတဲ့သူတွေဖြစ်တာကြောင့် သူတို့ကမှတစ်ဆင့် ပြန်ပြီးဆင့်ပွားပေးကြဖို့လည်း အကူအညီတောင်းထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှင်းလင်းပွဲတွင် သဘာဝဘေးဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်များကို အချိန်တိုအတွင်းပေးပို့နိုင်သည့် KOBO Collect Application နှင့် သဘာဝဘေးနှင့်သက်ဆိုင်သည့် ပုံမှန်သတင်းနှင့် အရေးကြီးသတင်းများ၊ မိုးလေဝသ သတင်းများ၊ ဘေးအန္တရာယ် လျှော့ပါးရေးဆောင်ရွက်ချက်များ၊ အရေးပေါ်ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များ၊ ပညာပေးလက်ကမ်းစာစောင်များ စသည့်တို့ပါဝင်သည့် DAN Application တို့၏ အသုံးပြုပုံများကို ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## စည်ပင်သာယာရေးအဖွဲ့ပိုင် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များရောင်းချ

**သာစည် ဖေဖော်ဝါရီ ၄**
သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်အခွင့်အရေးလုပ်ငန်းလိုင်စင် ၂၄ ခုအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလ အပိုင်းအခြားအတွက် အများပြည်သူများရှေ့မှောက်တွင် ထင်သာမြင်သာ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရောင်းချပွဲအခမ်းအနားတွင် မြို့နယ်လေလံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး လေလံရောင်းချမှုကော်မတီဥက္ကဋ္ဌ အမှုဆောင်အရာရှိက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အိတ်ဖွင့်လေလံစနစ်ဖြင့် အခွင့်အရေးလုပ်ငန်းလိုင်စင် ၂၄ ခုဖြစ်သည့် မြို့မဈေး၊ လမ်းဘေးဈေး၊ လှိုင်းတက်ဈေး၊ ဘုရားငါးဆူဈေး၊ ဟံဇားဈေး၊ ပြည်ညောင်ဈေး၊ ညောင်ရမ်းဈေး၊ ယင်းမာပင်ဈေး၊ သာစည်နွားပွဲဈေး၊ လှိုင်းတက်နွားပွဲဈေး စသည့်ဈေးကောက်လိုင်စင်များ သာစည်နွားပွဲဈေး၊ လှိုင်းတက်နွားပွဲဈေး စက်ဘီးအပ်နှံခကောက်လိုင်စင်များ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၃)ရပ်ကွက်၊ အမှတ် (၄)ရပ်ကွက်၊ အမှတ် (၅)ရပ်ကွက်၊ အမှတ် (၇)ရပ်ကွက်၊ ဟံဇားကျေးရွာ၊ ဘုရားငါးဆူကျေးရွာ၊ လှိုင်းတက်ကျေးရွာ၊ ယင်းမာပင်ကျေးရွာ စသည့်အပေါင်လုပ်ငန်းလိုင်စင် ၂၂ ခုတို့ကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပြီး အမှတ် (၆)ရပ်ကွက် အပေါင်လိုင်စင်နှင့် ညောင်ရမ်းကျေးရွာ အပေါင်လိုင်စင်နှစ်ခုတို့မှာမူ ရောင်းချမှုမအောင်မြင်ခဲ့ကြောင်းသိရပြီး အောင်မြင်စွာရောင်းချနိုင်ခဲ့သည့် လုပ်ငန်းလိုင်စင် ၂၂ ခုတို့မှ ရောင်းချရမှုငွေမှာ ကျပ်သန်းပေါင်း ၁၆၄ ဒသမ ၇၅၀ ကျပ်သန်းဖြစ်ကြောင်းသိရသည်။

**မောင်ကို(သာစည်)**

## စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်းဖွင့်လှစ်



**မိုးမိတ် ဖေဖော်ဝါရီ ၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း အမှတ်စဉ် (၃၄) ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ယှဉ်ပြိုင်မှုစွမ်းရည်မြင့်မားသော လုပ်သားအင်အားစုနှင့် အဆင့်မြင့်နည်းပညာများကို ဆက်လက်လေ့လာသင်ယူနိုင်မှုရှိသော ကျွမ်းကျင်ပညာရှင်များ နိုင်ငံအနှံ့ ပိုမိုမွေးထုတ်ပေးနိုင်ရန်နှင့် မိုးမိတ်ခရိုင်အတွင်းရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်သူက ပြောကြားခဲ့သည်။

ဆက်လက်၍ မိုးမိတ်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းက အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက အခြေခံလျှပ်စစ်သင်တန်း လက်တွေ့သင်ကြားနိုင်ရန်အတွက် ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် အပတ်စဉ်အလိုက် ဖွင့်လှစ်ပို့ချမှုမှတ်တမ်းများအား ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါသင်တန်းကို အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)က တာဝန်ယူပို့ချခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသအရောက် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းများ (၃၃) ကြိမ်တိုင်တိုင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ရွေ့လျားသင်တန်းများမှ လူငယ် ၂၀၃၉ ဦးကို စက်မှုပညာရပ်များ သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ယခုသင်တန်းသို့ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တို့မှ သင်တန်းသား ၈၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော



**ထီးလင်း ဖေဖော်ဝါရီ ၄**
ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ထီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ နောက်ဆုံးပတ်က ထီးလင်းမြို့နယ် ရေမျက်နီရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရေမျက်နီ အ. ထ. က ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထက်အောင်က မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောကာ ဌာနဝန်ထမ်းများက မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြရှင်းလင်းပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာနေပြည်သူများအား မီးဘေးကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းနှင့် တက်ရောက်လာကြသူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ပြသသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဓာတ်ပုံပြခန်းကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(၄၆၅)**

## မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးညှိနှိုင်းဆွေးနွေး

**ကျောက်ကုန်း ဖေဖော်ဝါရီ ၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့တွင်းသန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ကျောင်းကုန်းမြို့နယ်တွင် ဈေးရောင်းချသူများ စည်းကမ်းမဲ့စွာ လူသွားလမ်းပလက်ဖောင်းကိုကျော်လွန်ပြီး ဈေးရောင်းချနေကြောင်း၊ မြို့တွင်းလမ်းများတွင် SLOWDOWN များပြားနေမှုအပေါ် သုံးသပ်အဖြေရှာပေးစေလိုကြောင်း၊ နွေရာသီရောက်ရှိတော့မည်ဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဝိုင်းဝန်းအကြံပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ အမှတ် (၁၊ ၂၊ ၃) သစ်ဆိမ့်ကုန်း၊ အိုးဘို အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက မှူခင်းအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

မှူခင်းအသိပညာပေးဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦး၊ အမှတ် (၃၄) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူး ရဲဝင်းစိုးတို့အဖွဲ့က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောမှုများပြုလုပ်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုနိုင်ပြီဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၁ ရက်တွင်ကျင်းပမည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းရွေးချယ်ရန်နေရာအတွက် အသက် ၁၈ နှစ်နှင့်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို အများပြည်သူ လာရောက်ကြည့်ရှုနိုင်ရန်အတွက် နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီအထိ (၉၄) ရပ်ကွက်မဲစာရင်းရုံးခန်း၌ ကြေညာထားရှိကြောင်း သိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံပေါင်း ၁၀၈ ရုံရှိရာ အသက် ၁၈ နှစ်နှင့်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၈၆၃၄၃ ရှိကြောင်း မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြင့်၏ပြောကြားချက်အရ သိရသည်။

**ကျင်မောင်**

# ကောလာဟလတွေကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

**ယခုသီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလီဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ရွေးချယ် တင်ပြလိုက်ပါတယ်။**

## အချစ်ရေးအတွက် တေလာဆွစ်ကို အကြံဉာဏ်တောင်းသတဲ့လား



ဗြိတိန်ပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony"ကနေ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့တဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလိုက သူ့ရဲ့လူမှုဆက်ဆံရေးနဲ့ ပတ်သက်တဲ့ အချို့သောကိစ္စရပ်တွေအတွက် ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ကို မေးမြန်းအကြံဉာဏ်တောင်းခံခဲ့တာတွေရှိခဲ့ကြောင်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟလာခဲ့ပါတယ်။

လတ်တလောမှာ တစ်ကိုယ်တော်တေးဂီတလှုပ်ရှားမှုတွေကို စတင်နေပြီဖြစ်တဲ့ ဉာဏ်ကမ်မီလာကပ်ဘဲလိုဟာ တေလာဆွစ်နဲ့လည်း ရင်းနှီးတဲ့ ဆက်ဆံရေးရှိနေတဲ့အပေါ် ဗြိတိန်သတင်းစာတစ်စောင်ဖြစ်တဲ့ သည်ဆန်းက အင်တာဗျူးမေးမြန်းခဲ့ရာမှာ ကမ်မီလာကပ်ဘဲလိုက သူတို့နှစ်ဦးအတူရှိနေချိန်တွေမှာ အချစ်ရေးနဲ့ပတ်သက်တာတွေကို အများဆုံးဆွေးနွေးဖြစ်ကြပြီး အခြားလူမှုရေးနဲ့ပတ်သက်တာတွေကို သိလိုပါကလည်း တေးလာဆွစ်ကို မေးမြန်းလေ့ရှိကြောင်း ဖြေကြားခဲ့ပါတယ်။

လတ်တလောမှာ အသက် (၁၉)နှစ်ရှိပြီဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုက ငါးနှစ်ကြာ လက်တွဲလာခဲ့တဲ့ တေးဂီတအဖွဲ့ကနုတ်ထွက်ခဲ့ရတဲ့အကြောင်း အရင်းနဲ့ပတ်သက်ပြီး သူ့ရဲ့ နှလုံးသားက စေစားရာနောက်ကို လိုက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ သူ့ရဲ့ ရင်ထဲမှာရှိနေတဲ့ ခံစားချက်တွေအတိုင်း ဖန်တီးခွင့်ရနိုင်ဖို့အတွက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်ဖို့ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆိုပါတယ်။

## ဂရမ်မီဆုပေးပွဲမှာ အမွှာလေးတွေနဲ့အတူ ပါဝင်ဖျော်ဖြေမယ့် ဘီယွန်းဆေး

လတ်တလောမှာ အမွှာရင်သွေးလေးတွေကို ကိုယ်ဝန်လွယ်ထားရတဲ့ ပေ့ါပ်အဆိုတော် ဘီယွန်းဆေးဟာ မကြာမီ ကျင်းပတော့မယ့် ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ် ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျင်းပသွားမယ့် (၅၉)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေဖို့အတွက် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂ ရက်မှာ ဘီယွန်းဆေးဟာ တေးသီချင်းတွေကို ကြိုတင်လေ့ကျင့်နေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

ယခုနှစ်ဂရမ်မီဆုပေးပွဲကြီးမှာ ဘီယွန်းဆေးဟာ ဆုအရေအတွက် အများဆုံး လျာထားခံထားရတဲ့ တေးသံရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် "Lemonade"ဟာ အကောင်းဆုံးတေးအယ်လ်ဘမ်ဆုရဲ့ ဆန်ခါတင်စာရင်းမှာပါဝင်ခဲ့ပြီး တစ်နှစ်တာရဲ့အကောင်းဆုံးတေးသီချင်းအဖြစ် ရွေးချယ်ဖော်ပြခြင်းခံထားရတဲ့ တေးသီချင်းတွေထဲမှာလည်း ဘီယွန်းဆေးရဲ့ တေးသီချင်း "Form ation" ပါဝင်နေတာဖြစ်ပါတယ်။ ယခုနှစ်ဆုပေးပွဲကြီးမှာ ဆုပေါင်းရှစ်ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ ဘီယွန်းဆေးဟာ သူ့ရဲ့ ဂီတသက်တမ်းတစ်လျှောက် ဂရမ်မီဆုပေါင်း ၂၀ ဆုကို ပိုင်ဆိုင်ထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။





## လူမှုကွန်ရက်မီဒီယာပေါ်မှာ တရားဝင်ကြေညာလိုက်ပြီ

ပြီးခဲ့တဲ့ လအတွင်းက စတင်ပြီး ချစ်သူတွေအဖြစ် ပေါ်ပေါ်ထင်ထင်တွဲလာကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ လတ်တလောမှာတော့ သူတို့ရဲ့ နှစ်ဦးကြားဆက်ဆံရေးနဲ့ပတ်သက်ပြီး လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေကို ဖော်ပြခဲ့ပြီး ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပေ့ါပ်ကြယ်ပွင့်ဆယ်လီနာဂိုမက်ဇ်က မကြာသေးမီက သွားရောက်ခဲ့တဲ့ အီတလီခရီးစဉ်အတွင်း ဗင်းနစ်မြို့မှာ လှေစီးနေစဉ် ရိုက်ကူးထားတဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ ပုံရိပ်တွေပါဝင်တဲ့ ဗီဒီယိုဖိုင်တစ်ခုကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး မကြာမီမှာ ပြန်လည်ဖျက်ပစ်ခဲ့ပါတယ်။ သယ်ဝိခ်ကန်းဒ်ကတော့ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ချစ်သူသစ်လေး ဆယ်လီနာရဲ့ ဓာတ်ပုံကို ဖော်ပြခဲ့တာဖြစ်ပါတယ်။

အဆိုပါကြယ်ပွင့်စုံတွဲဟာ မြန်ဆန်လွန်းတဲ့ ဆက်ဆံရေးအခြေအနေတွေကြောင့် ဝေဖန်မှုတွေလည်း အတော်ခံခဲ့ရပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာ သယ်ဝိခ်ကန်းဒ်ကို အသုံးချဖို့သက်သက် လက်တွဲခဲ့တာဖြစ်ကြောင်း ဝေဖန်သံတွေလည်း ပေါ်ထွက်ခဲ့ပြီး သယ်ဝိခ်ကန်းဒ်ကိုလည်း ချစ်သူဟောင်း ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ် ဘယ်လာဟတ်ဒီနဲ့လမ်းခွဲပြီး နှစ်လခန့်အကြာမှာ ဆယ်လီနာနဲ့ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့တဲ့အပေါ် ဝေဖန်ခဲ့ကြပါတယ်။ ဒီလိုဝေဖန်သံတွေရဲ့အကြားမှာ ဂီတကြယ်ပွင့်နှစ်ဦးကတော့ သူတို့ရဲ့အချစ်ခရီးကို ပျော်ပျော်ရွှင်ရွှင် ရှေ့ဆက်လျှက်ရှိနေတာဖြစ်ပါတယ်။

**အေးပြည့်-စုစည်းရေးသားသည်**



## အကနည်းပြတစ်ဦးဖြစ်လာတဲ့ မင်ဇီ

တောင်ကိုရီးယားတေးဂီတအဖွဲ့ "2NE1"ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ မင်ဇီဟာ မကြသေးမီက ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာတော့ တေးဂီတအဖွဲ့တစ်ဖွဲ့ကို နည်းပြအဖြစ် ပါဝင်ကူညီခဲ့တာကို တွေ့မြင်ခဲ့ကြရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မင်ဇီဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၁ ရက်က ထုတ်လွှင့်ပြသခဲ့တဲ့ MBC ရုပ်သံလိုင်းရဲ့ တေးဂီတအစီအစဉ်တစ်ခုမှာ လတ်တလောမှာ လေ့ကျင့်နေဆဲ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "MYTEEN"အတွက် အကနဲ့ပတ်သက်တဲ့ လမ်းညွှန်မှုတွေနဲ့ အကူအညီတွေကို ပေးခဲ့တာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါအစီအစဉ်မှာ မင်ဇီက ဧည့်သည်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ရာ အကပညာနဲ့ပတ်သက်တဲ့ အကြံဉာဏ်တွေကို ပေးခဲ့ကာ တေးဂီတအဖွဲ့ကောင်းတစ်ဖွဲ့ဖြစ်ဖို့အတွက် လိုအပ်တဲ့အချက်တွေကိုလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မင်ဇီက ပရိသတ်ရှေ့မှာ ဖျော်ဖြေတင်ဆက်မှုတွေကို လုပ်ဆောင်လာတာနဲ့အညီ တဖြည်းဖြည်း ဖျော်ဖြေရတာနဲ့ပတ်သက်ပြီး ကျင့်သားရလာမှာဖြစ်ကြောင်း၊ အရေးအကြီးဆုံးအချက်ကတော့ ကကွက်တွေကို အလွတ်ရသည်အထိ လေ့ကျင့်ထားဖို့လိုအပ်ကြောင်းနဲ့ ပရိသတ်ကို အကောင်းဆုံးဖျော်ဖြေမှုကို ပေးရန်လိုအပ်ကြောင်း အဆိုပါအစီအစဉ်မှာ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် အဆိုပါအစီအစဉ်မှာ "MYTEEN "ကို ကပြစေပြီး သူတို့ရဲ့ ဖျော်ဖြေမှုအပေါ် လမ်းညွှန်မှုတွေကို လက်တွေ့လုပ်ဆောင်ပေးခဲ့ကြောင်းလည်း သိရပါတယ်။



## ချစ်သူတွေဖြစ်နေကြတယ်ဆိုတာ ကောလာဟလတွေပါ

လတ်တလောမှာ မကြာခဏဆိုသလို အတူတွဲရလေ့ရှိတဲ့အတွက် ချစ်သူတွေဖြစ်နေကြောင်း ဒေသတွင်းမီဒီယာအချို့က ဝေဖန်ခဲ့တဲ့အပေါ် ဟာရာနဲ့ G-Dragonတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက အဆိုပါကောလာဟလတွေဟာ မမှန်ကန်ကြောင်း ပြန်လည်ငြင်းဆိုလိုက်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "Kara"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟာရာနဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"မှ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ G-Dragon တို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်လာပြီးတဲ့နောက် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၃ ရက်မှာတော့ ဟာရာရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က သူတို့နှစ်ဦးချစ်သူတွေမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

မကြာသေးမီက ပြင်သစ်မှာကျင်းပခဲ့တဲ့ ပါတီပွဲတစ်ပွဲကို ဂိုဟာရာနဲ့ G-Dragon တို့နှစ်ဦး အတူဆင်နွှဲခဲ့ကြပြီး အဆိုပါပါတီပွဲမှာ အခြားသော သူငယ်ချင်းတွေလည်း ပါဝင်နေတာ တွေ့ခဲ့ရပါတယ်။ လတ်တလောမှာတော့ တောင်ကိုရီးယားမှာရှိတဲ့ အပမ်းဖြေပန်းခြံတစ်ခုအတွင်း အတူရိုက်ကူးထားတဲ့ G-Dragon နဲ့ ဟာရာတို့ရဲ့ဓာတ်ပုံတွေ ပေါ်ထွက်လာပြီးတဲ့နောက် ယခုလို ကောလာဟလတွေ ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။ အဆိုပါပန်းခြံအတွင်း ရိုက်ကူးထားတဲ့ဓာတ်ပုံမှာ သူတို့နှစ်ဦးအပြင် အခြားသောသူငယ်ချင်းတွေဖြစ်ကြတဲ့ စူလီနဲ့ ဂါအင်တို့လည်း ပါဝင်နေတာတွေ့ရပါတယ်။ ဟာရာရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေဖြစ်ကြတဲ့ ဆူလီနဲ့ ဂါအင်တို့နှစ်ဦးစလုံးဟာ လတ်တလောမှာ ချစ်သူတွေကိုယ်စီရှိနေကြတဲ့အတွက် သူတို့တွေနဲ့အတူ G-Dragon ကိုပါ အတူလည်ပတ်စေခဲ့ခြင်းက ဟာရာနဲ့ G-Dragon တို့အကြား ထူးခြားတဲ့ ဆက်ဆံရေးရှိနေတာဖြစ်နိုင်ကြောင်း မီဒီယာတွေက ဝေဖန်ခဲ့ကြပါတယ်။

သာသနာအကျိုးတော်ဆောင်
**ခင်ထွန်းနွဲ့ခေါင်** ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ် - ပစ -၀၂၅၀

* (၁၅)ရက် ခရီးစဉ် - ဖွား၊ ပွင့်၊ ဟော၊ စံ၊ သံဝေဇနီယ လေးဌာန ဘုရားဖူးခရီးစဉ်၊ နေရာအစုံ
* (၁၁)သိန်း - အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၊ ကမ္ဘာ့သမိုင်းဝင် တပ်ချ်မဟာ၊ နီပေါ၊ ဒေလီမြို့တော်၌ (ဟိုတယ်အိပ်၊ ဟိုတယ်စား)

တစ်လတစ်ကြိမ် ဘုရားဖူးခရီးစဉ်ရှိပါသည်။ ၂၁-၃-၂၀၁၇ နေ့ထွက်သော ခရီးစဉ်သည် ဆယ်တန်းစာမေးပွဲအပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများအတွက် အထူးအစီအစဉ် ဖြစ်ပါသည်။ တစ်နှစ်တာ မောပန်းခဲ့သည့်အတွက် တရားဓမ္မကို ရှာဖွေရင်း ဘဝအမောတွေပြေပြီး ငြိမ်းချမ်းမှုထံသို့ အရောက်ပို့ဆောင်ပေးသော ခရီးစဉ်ဖြစ်ပါသည်။ ဤခရီးစဉ်အတွက် လူဦးရေကန့်သတ်ထားပါ၍ စရံ(၂)သိန်း ပေးသွင်း၍ ကြိုတင်အကြောင်းကြားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (၁၆)ဦး လူစုလျှင် (၁)ဦး အခမဲ့လိုက်ပါ၍ ရပါသည်။

စေတနာများစွာဖြင့် **ခင်ထွန်းနွဲ့ခေါင်**

Ph: 09 43082511, 09 964082511, 09 781313103, 09 5506981, 09 799944779
တိုက် (၁၉)၊ အခန်း (၂၀၅)၊ ဇေတိကလမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**Min San Eain** Travel & Tours Co., Ltd. 09-5044271, 09-259259153, 09-259259154
ထွက်မည့်ရက် - Feb 10, 17, 24 Mar 3, 10, 17, 24
- တောင်ကြီး-အင်းလေး-ပင်းတယ Hotel (2)N -150000/-
- မန္တလေး-ပြင်ဦးလွင်-ဒီးဒုတ်ရေပြောအိုင် Hotel (1)N -100000/-
- ပုဂံ (ရွှယ်တော်လေးဆူ)-ညောင်ဦး-ပုပ္ပါး Hotel (1)N -100000/-
- အလောင်းတော်ကဿပခရီးစဉ်-မုံရွာ Hotel (2)N -150000/-
- ထားဝယ်(ရှင်ကိုးရှင်)-မောင်းမကန် Hotel (2)N -170000/-
- ငပလီကမ်းခြေခရီးစဉ် Guest (1)N - 75000/-, (2)N -100000/-

Car Rental Service (45, 33, 14, 7) Seaters

**ရွှေမိုးသား တန်မှတန်ခရီးစဉ်များ**
ကျိုက်(၅)ကျိုက် ဘုရားစုံ Package(35000)
Package(40000)
Package(45000)
Package(55000)
Package(60000)
Package(85000)
Ph:09425334456,09252606649,0949323965

**TOP STAR**
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(သောကြာ)
ကျိုက်ထီးရိုး 10000/- ကားစီးလုံး ငှားစီစဉ်ပေးသည်
ချောင်းသာ နေ့စဉ်
09-43179331,448544658

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
ဖြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**IMPACT** Skill Development Center



Young Leaners Courses
IELTS & TOEFL Courses
Intensive English Courses
Business English Courses
Co-operate Training Courses
0925857778
0925857779
www.impact-isdc.com
ImpactSkillDevelopmentCenter
No.270, 3rd Floor, Anawratha Road, Corner of 28th Street, Pabedan Township, Yangon.

**စကားပြန်ခြင်းအနုပညာ**
The Art of INTERPRETATION ထွက်ပြီ
ဒေါက်တာမြတ်ကလျာ (Ph.D)
ဖြန့်ချိရေး - အမှတ် (၈/၁၀)၊ ပထမထပ် (စ-၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၇၀၈ ၇၆၄၊ ၀၁ ၈၆၀ ၄၃၆၁

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

Organized by UMTA

3rd Myanmar International Travel Mart, **MITM 2017**
**တတိယအကြိမ်မြောက် နိုင်ငံတကာခရီးသွားပြပွဲ**



SPECIAL PROMOTION
"ROSE GARDEN HOTEL"
"ကမ္ဘာတစ်လွှား ခရီးသွားဖို့ MITM ခရီးသွားပွဲကို သွားကြစို့"

Supported by ကမ္ဘာ့ခရီး TOURISM FEDERATION
MITM YANGON
MYANMAR INTERNATIONAL TRAVEL MART 11th / 12th February 2017

Diamond Sponsor: AGDBANK
Gold Sponsor: FMI Air
Silver Sponsors: nice style, Kandawgyi Towers
Broadcasting Partner: 4, MRTV-4, Channel7

11-12 / February / 2017
(9:00 am to 6:00 pm)
ROSE GARDEN HOTEL
YANGON

**ရွှေနဂါး** ပလက်တီနမ် နှင့် ရွှေဆိုင်



ဆိုင်အမှတ်(၁)
ဆိုင်အမှတ်(၂)

1-2-2017 မှ 31-7-2017အထိ (၆) လအတွင်း ပါဝင်ကံစမ်းနိုင်မည့် အခွင့်အရေးကောင်း



ပရိုမိုးရှင်းကာလ (၆) လအတွင်း လစဉ်လတိုင်း KENBO မော်တော်ဆိုင်ကယ် အသစ်(၂)စီး



ပရိုမိုးရှင်းကာလ (၆) လပြည့်လျှင် ထပ်မံကံထူးနိုင်မည့် HONDA CIVIC 2012 MODEL ကား(၁)စီး



**Valentine's Day** မှာ
"တူစုံဝတ်လို့ လန်းကြမယ်"
SPECIAL PROMOTION FEB (12,13,14)
Feb 1 - Feb 14
CHERRY OO
https://www.facebook.com/cherryoowatchgallery,
CALL US TO PURCHASE! 09-73022248

# KABARAYE CONDOMINIUM

No.300,Kabaraye Pagoda Road,Mayangone Township,Yangon





**နေရာ** ရန်ကုန်မြို့၏ အချက်အခြာ ကမ္ဘာအေးစေတီအနီး၊ ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်တွင် တည်ရှိသည်။

**ဈေးနှုန်း** ကာလပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြစ်ပြီး
တစ် စတုရန်းပေလျှင် ၁၇၅,၀၀၀/- နှုန်းဖြင့် ရောင်းချပေးသွားပါမည်။

**အခန်းပြင်ဆင်ထားရှိမှု** Mitsubishi Air-Conditioner များ တပ်ဆင်ပေးထားပြီး
Lighting Fixture များ၊ TV၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ ပြည့်စုံစွာပါဝင်၍
Export Quality ကျွန်းလျှာထိုး ကြမ်းခင်းပေးထားပါသည်။
အချိန်ပြည့် အသုံးပြုနိုင်သည့် ဓာတ်လှေကား (၂) စင်း ပါရှိပါသည်။

**အကျယ်အဝန်း** (၁၆၀၀) စတုရန်းပေ မှ (၁၈၅၀) စတုရန်းပေ အထိ ကျယ်ဝန်းသည့် အခန်းများဖြစ်ပြီး
အရေအတွက် (အနည်းငယ်သာ) ကျန်ရှိပါသည်။

**အချိန်ကာလ** ငွေချေပြီး အသင့်တက်ရောက် နေနိုင်ပါသည်။ နိုင်ငံခြားသားများ ကြိုက်နှစ်သက်သည့်
အခန်းများဖြစ်ပြီး ချက်ခြင်း အငှားချထား၍ လစဉ် ပုံမှန်ဝင်ငွေ ရရှိနိုင်ပါသည်။

LAST STOCK SALE!







**DEVELOPER-**
ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ ဗားကရာလမ်း
(ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL: 01-524963,01-526928,
01-516533~6

---

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးဘာဘာရှိန်-ဒေါ်မာမာဝေတို့၏သားကြီး

**မောင်ပြည့်ဖြိုးအောင်**
B.E(Marine Engineering)
Director(Falcon Engineering Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်နေ
ဦးဇော်မင်း-ဒေါ်ချိုချိုခိုင်တို့၏သမီးငယ်

**မအိမွန်ဟန်**
B.Sc(Engg:)IT,B.A(Business Management)
Diploma in Accounting and Business Studies(UK)
Senior Officer (Finance Team)JO of MPT&KSGM

တို့၏ ၁၅-၁-၂၀၁၇ရက်တွင် Novotel Yangon Max Hotel(Yangon Ballroom ခန်းမ) ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များတက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးခိုင်မြဲသာ၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော ရီရီသန့်နှင့် မြန်မာမှုတေးဂီတအဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်းချီးမြှင့်ပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလုံးတို့အား ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**မောင်ပြည့်ဖြိုးအောင်-မအိမွန်ဟန်**

---

**စက်ချုပ်**
ဝန်ထမ်းအလိုရှိသည်
ပုဇွန်တောင်မြို့နယ်
ဖုန်း-၀၉-၉၆၀၀၁၁၄၁၄

---

စွန့်ပစ်စက္ကူ (Recycle Paper)အမျိုးမျိုးဝယ်ယူလိုပါသည်
စွန့်ပစ်စက္ကူ (Recycle Paper) အမျိုးမျိုးအားဈေးကောင်းပေး ဝယ်ယူလိုပါသည်။
ဆက်သွယ်စုံစမ်းရန်ဖုန်း 09972545565 / 097627230665
09252605430 / 09762723066 / 09762723067

---




ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စိန်ပလောင်မှ အမြဲတမ်းရှိ၊ တရားမျှ အစဉ်အောင်ရေး
SPL SEIN PALAUNG

**နိုင်ငံကျော်**

**စိန်ပလောင်မှ ပထမဦးဆုံးထူးခြားဆန်းသစ်သော "လက်ဖက်စိမ့်မွကြော်" ထုတ်လုပ်ရောင်းချနေပါပြီ**

**ထူးခြားသောအရသာ**

**"လက်ဖက်စိမ့်မွကြော်"** ပါးစပ်ထဲမှာ စိမ့်မွပြီး လျှာပေါ်တွင် ပျော်သွားပါသဖြင့် အလွန်ကြိုက်နှစ်သက်စရာကောင်းသော မြန်မာအစားအစာတစ်ခုဖြစ်ပါသည်။ မိတ်ဆွေနဲ့ဆွေမျိုးများကို နိုင်ငံကျော် စိန်ပလောင်မှ ထူးခြားသော လက်ဖက်စိမ့်မွကြော်ကို လက်ဆောင်ပေးခြင်းဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ပါပြီ။

**နိုင်ငံကျော်**
စိန်ပလောင်လက်ဖက်ညှန့်နှပ်နှင့် ပဲနှစ်မြိန်ကြော်(ရောင်းဝယ်ရေး)
ဆိုင်-၁၊ ဆိုင်-၂ ★ ၃၀×၃၁လမ်းကြား၊ ၇၈လမ်း၊ ဘူတာကြီး။
ဆိုင်-၃ ★ ၃၄လမ်း၊ ၇၇လမ်းထောင့်၊ ရတနာပုံဈေး၊ မန္တလေးမြို့။

ဖုန်း -၀၉-၉၁၀၂၆၆၆၇
-၀၉-၄၃၁၁၇၉၂၉
-၀၉-၂၁၅၀၉၃၁



YGN : (01) 551795-6, 543926, 548452, 450396-7 MDY : (02) 72753, (09) 43060423, (09) 2053042 NPT: (067) 433134-5 horizon.com.mm

**ခြံ၊ မြေရောင်းမည်**
ရန်ကုန်၊ ပဲခူးမင်းလမ်းမဘေး၊ လှည်းကူးပညာရေးကောလိပ်အနီး၊ နှစ် ၃၀ ဂရန်ကျပြီး၊ 100KVA ထရန်စဖော်မာအပါအဝင် မြေ ၁ ကေခန့် အကျယ်အဝန်းရှိသည့် ခြံ၊ မြေ ရောင်းရန် ရှိသည်။
**ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၇၉၄၃၂၂၄၃၀၊ ၀၉-၃၁၃၄၁၄၈၈၊ ၀၉-၄၃၁၆၈၄၁၁၊ ၀၉-၇၉၅၃၃၁၂၅၂**

**AA ယာဉ်မောင်းသင်တန်း**
အလွယ်တကူ ကားမောင်းတတ်လိုလျှင် တစ်နေ့ (၁)နာရီသာ အချိန်ပေးပါ အိမ်အရောက်သင်ပေးမည်။
09-43158300,09-254051326
09-782793551

(1966 ခုနှစ်မှ 2013 ခုနှစ်အထိ ထုတ်ဝေသည့် စီရင်ထုံးများ၏ အနှစ်ချုပ် သုံးသပ်ချက်)



**မြေယာ၊ အဆောက်အဦးနှင့် ငွေကြေးဆိုင်ရာ ပြန်လည် ရရှိရန်ဆောင်ရွက်ရမည့် တရားမဓာရီမှုခင်းများ**

ဦးသိန်းကိုကို
(ပြည်နယ်တရားလွှတ်တော်တရားသူကြီး)

မြေယာဥပဒေများ နှင့် လုပ်ထုံးလုပ်နည်းများ၊ မြေယာလုပ်ငန်းအကြောင်း သိမှတ်ဖွယ်ရာ မှတ်စု၊ 1966 မှ 2013 ခုနှစ်အထိ စီရင်ထုံးများ၏ အနှစ်ချုပ် သုံးသပ်ချက်များ၊ မြေယာနှင့် ပတ်သက်သော တရားမဓာရီမှုခင်းများအကြောင်း
ထွက်ပြီ မနောဖြူစာပေ - Tel : 09-73246980, 09 73043873, 09 450017070

PUN HLAING SILOAM HOSPITALS



"လူကြီးနှင့် ကလေးများ၏ နှလုံးရောဂါအမျိုးမျိုးအား အဆင့်မြင့်ဆေးပညာရပ်များဖြင့် ခွဲစိတ်ကုသမှု ပေးနိုင်သော နိုင်ငံခြားမှ နှလုံးခွဲစိတ်ပါရဂူကြီးသည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်ပါမည်"

**Dr. Balram**
MBBS, M.Ch, M.S
Fellowship In Paediatric Cardiac Surgery Children's Hospital at Westmead, Sydney, NSW, Australia. Fellowship In Paediatric cardiac Surgery, Lady Cilento Children's Hospital, Brisbane, Australia

- နှလုံးမရပ်ဘဲ ခွဲစိတ်ကုသခြင်း
- နှလုံးသွေးကြော ခွဲစိတ်ခြင်း
- နှလုံးအဆို့ရှင်နှင့် နှလုံးသွေးကြော အစားထိုးလဲလှယ်ခြင်း
- အကြီးစားရင်ဘတ်ဖွင့် နှလုံးခွဲစိတ်မှုအစား အပေါက်ငယ်လေးသာ ဖောက်ပြီး မှန်ပြောင်းဖြင့် နှလုံးခွဲစိတ်ခြင်း

စသည့် ခက်ခဲနက်နဲသည့် နှလုံးခွဲစိတ်မှု အမျိုးမျိုးကို ကျွမ်းကျင် ပိုင်နိုင်စွာ ခွဲစိတ်ပေးနေသည့် ဆရာဝန်ကြီးဖြစ်ပါသည်။

**၂၀၁၇ ဖေဖော်ဝါရီလ (၁၈ - ၁၉) ရက် တွင် ပြသနိုင်ပါပြီ**

**Pun Hlaing Siloam Hospitals**
Pun Hlaing Golf Estate Avenue,Hlaing Tharyar Township,
Yangon, Myanmar.

ဆက်သွယ်စာရင်းပေးသွင်းရန်- **၀၁-၆၈၄၄ ၃၃**
နံနက်(၈း၀၀) နာရီမှ ညနေ(၅း၀၀) နာရီအတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်

**မိခင်အမည်မှန်**
မြိတ်မြို့၊ အထက(၁) ပဉ္စမတန်း(ဂ)မှ မဇင်ဇင်ဖူး၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်မိုးမိုးခိုင်ဖြစ်ပါကြောင်း။
**ဒေါ်မိုးမိုးခိုင်**
**[၆/မအရ(နိုင်)၁၀၅၃၁၅]**

**★STAR★**
ဒုံပုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330



**ရွှေပုန်းမြင့်** အမှတ်တံဆိပ်



**အကြောပြေ မျက်စိကြည်ဆေး**
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၀၃

**အိမ်ငှားမည် (ပွဲစားမလိုပါ)**
၁။ စီးပွားရေးလုပ်ငန်းလုပ်ရန်ကောင်းမွန်သော အင်းစိန်(လမ်းသစ်လမ်း)ပေါ် နေရာကောင်း အိပ်ခန်း(၅)၊ဘုရားခန်း(၁)၊ ဧည့်ခန်း(၁)
အပေါ်ထပ် - ဘုရားခန်း(၁) ၊အိပ်ခန်း(၄)၊ ရေချိုးခန်း၊ အိမ်သာ၊
အောက်ထပ် - ဧည့်ခန်း (၁)၊ TVခန်း (၁)၊ အိပ်ခန်း (၁)၊ ကားဂိုဒေါင် ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုချောင်၊
၂။ စီးပွားရေးလုပ်ငန်းလုပ်ရန် ကောင်းမွန်သော တောင်ဥက္ကလာ၊ ဝေဇယန္တာလမ်းမပေါ် (၁၂)ပေ (၆၀)ပေ နှစ်ထပ်
အပေါ်ထပ် - အိပ်ခန်း (၂)ခန်း၊ ရေချိုးခန်း၊ အိမ်သာ
အောက်ထပ် - ရေချိုးခန်း၊ အိမ်သာ
ဆက်သွယ်ရန်-09-5176575,09-5176573

Yaung Chi Thit Lin Moving Service Co.,Ltd
YCT **ရောင်ခြည်သစ်** (ထင်း)
**အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ**
**(မြို့တွင်း/နယ်ဝေး)**
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773










သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကြော်ငြာ











**သီဟလင်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

**တက်နေဝန်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


**ပြင်ဆင်ဖတ်ရှုပါရန်**

၃-၁၁-၂၀၁၆ရက်ကြေးမုံသတင်းစာ၏ စာမျက်နှာ(၇)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ ဦးထွန်းရီ၏ ဂရန်သစ်တွင် မြေတိုင်းရပ်ကွက်(၁၄၄/စက်မှုဇုန်) အစား(၁၄၄/အသံအနံ့စက်မှုဇုန်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။


**ညှိနှိုင်းဈေးဖြင့်ရောင်းပါမည်**

သံလျှင်မြို့နယ်ရှိစင်အနီး၊ အမှတ်ထမ်းရပ်ကွက် ယုဇနလမ်းမကြီးပေါ် (၄၂×၆၅ပေ)၊၃/ခကျပြီး မီတာပါ၊ခြံစည်းရိုးမျက်နှာစာအလှဆင်ပြီး
ဖုန်း....09 420023070 - 09 799459935

**ရေမင်းသားကုမ္ပဏီလီမိတက်**

ရေကြည်ရေသန့်စက်ကန်နှင့် သောက်ရေသန့်စက်




ရေတွင်ပါဝင်သော မကောင်းသော အရောင်၊ အနံ့၊ သံချေး၊ ထုံးချေး၊ ဆားချေး၊ သဲ၊ ရွှံ့ နွံ့ နှင့် ရေတွင်ပါဝင်သောအညစ်အကြေးများကိုစစ်ထုတ်ဖယ်ရှားပေးပြီးရေကြည်ရေသန့်အဖြစ်သို့ရောက်ရှိစေပါသည်။ ရေကိုလုံလောက်စွာ အသုံးပြုနိုင်စေရန်အတွက်နှင့် နှစ်ပေါင်းများစွာ ကြာသည်အထိ ဆွေးမြေ့ပေါက်ပြဲမှုမရှိစေရန်ရေစစ်ကန်ကိုတည်ဆောက်ထားပါသည်။ စီးပွားရေးသုံး ရေစစ်ကန်များ၊ အိမ်သုံးရေစစ်ရေကန်များနှင့်တစ်ဆင့်ခံအသုံးပြုနိုင်သောရေကြည်ရေသန့်စစ်ကန်အရွယ်အစား အမျိုးမျိုးကို ရရှိနိုင်ပါပြီ။ မှတ်ချက်—ရေနမူနာယူခဲ့ပါ။ သည်ပဲရေစစ်ပါ။

- အမှတ်(၈၂)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေးဆေးခန်းဘေး၊ ရန်ကုန်မြို့။
01-240308, 387793, 09-420051513~4
- အမှတ်(၁၀၆)၊ ရွှေခင်းသာလမ်းမကြီး၊ မီးသွေးရုံမှတ်တိုင်ရှေ့ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
01-9190321, 09-5079406, 09-420051513~4

## (၄)နှစ်ပြည့်သတိရအမှျပေးဝေခြင်း

## ဦးတင်ယု

**အကယ်ဒမီဒါရိုက်တာ(မြန်န္တာရုပ်ရှင်ထုတ်လုပ်ရေး)**

**ဝိဇ္ဇာပညာထူးချွန်ဆု၊ တစ်သက်တာဆု**

**မြို့မကျောင်းသားဟောင်း**

ဒါရိုက်တာဦးတင်ယု၊ သတိရအမှျပေးဝေခြင်းအား မဟာသုခါရာမ ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဦးဝိရောစန (ဒွိပိဋကဓရ)အား အမှူးထား၍ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းသော ကုသိုလ်ကောင်းမှု အစုစုအား အမျှပေးဝေပါသည်။

**ဇနီး-ဒေါ်မြင့်မြင့်ရီ မိသားစု**

---

### ဦးအောင်ချမ်း

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တိုက်(၄/၁)၊ အခန်း(၁၄)၊ (၃)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၄)၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းတင်-ဒေါ်မြသင်)တို့၏ သား၊ (ဦးကိုကိုကြီး)-ဒေါ်လှလှ တို့၏ သားသမက်၊ ဒေါ်ဖြူဖြူကို၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ထွန်း) - ဒေါ်ခင်ခင်မြင့်၊ ဦးအောင်နိုင်ဦး-ဒေါ်မေတိုး တို့၏ အစ်ကို၊ (မောင်ကျော်ဖုန်းဝင်း)၊ မောင်ပြည့်ဝန်းဦး-မနုနုအောင် တို့၏ ဖခင်၊ မသန္တိနုမောင် ၏အဘိုးသည် ၃-၂-၂၀၁၇ (သောကြာနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၂-၂၀၁၇ (ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝေါင်ရှုရှာ(ခ)မွှေးမွှေး

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ရထားရပ်ကွက်၊ တိုက်အမှတ်(၁၇၁)၊ အခန်း(၇)၊ ဗိုလ်မင်းရောင်လမ်းနေ (ဦးဝေါင်ကင်လျှံ-ဒေါ်ပေါက်ကျန်)တို့၏ သမီး၊ ဦးသိန်းအောင်၊ (ဦးအလီကို)၊ ဒေါ်ဝေါင်ညွန့်ဟာ၊ ဦးသိန်းစိုး တို့၏ ညီမ၊ ဦးသိန်းဝင်း၏ အစ်မ၊ ဦးရဲဆွေ၏ ဇနီး၊ ကိုကျော်မင်းဦး၊ မတင်တင်ဝင်း၊ ကိုအောင်ထွန်းလေး၊ မအေးသီတာထွန်း တို့၏ မွေးသမိခင်သည် ၂-၂-၂၀၁၇ (ကြာသပတေးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (မင်္ဂလာတောင်ညွန့် နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄မြောက်၊ မြေကွက်အမှတ်-၇၄/က၊ မြေကွက်တည်နေရာအမှတ်-၇၄/က၊ ၄-မြောက် (တိုးချဲ့)ရပ်ကွက်၊ မြို့မ(၁၃)လမ်း၊ သာကေတမြို့နယ်၊ ဦးစောထွန်းအောင် YNG-၀၈၂၅၇၆[၁၂/ကတတ(နိုင်)၀၁၈၁၅၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဒေါ်တင်တင်ညိုမှ ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆ဖြင့် ဦးစောထွန်းအောင်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၉-၁၁-၂၀၁၆ရက် စီရင်ချက်၊ အနိုင်ဒီကရီနှင့် ၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၈ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သင်းသင်းလှိုင်[၁၂/ဒလန(နိုင်)၀၃၆၉၄၄]မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တရားနိုင်ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## မီး သတိပြု

---

### အထူးကျေးဇူးတင်ရှိခြင်း

**ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့် (ငြိမ်း)**

**အသက် (၇၈)နှစ်**

**ခေတ္တရာအသင်းနာယကကြီး**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၀၊ အခန်း(၁)နေ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)၊ စစ်တက္ကသိုလ်အပတ်စဉ်(၃) သည် ၃၀-၁-၂၀၁၇ ရက်နေ့ နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဈာပန အခမ်းအနားနှင့် ရေဝေးသုသာန်သို့ တက်ရောက်လိုက်ပါပို့ဆောင်ကြသော စစ်တက္ကသိုလ်ကျောင်းဆင်းအရာရှိကြီးများ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ ရပ်ကွက်သူရပ်ကွက်သားများ၊ ခွဲစိတ်ကုသမှုခံယူစဉ် အဘက်ဘက်မှ လိုလေသေးမရှိ ကူညီပေးခဲ့ကြသော အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မင်္ဂလာဒုံမှ တပ်မှူးကြီးနှင့်တကွ ခွဲစိတ်ကုသဆောင်အမှတ်(၁)မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု အရာရှိများ ဆရာ/ဆရာမများ အစစအရာရာ ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဝမ်းနည်းကြောင်း ဖုန်း၊ မက်ဆေ့ပေးပို့ခဲ့သူများနှင့် တကွ မျက်မှောက်မျက်ကွယ်မှ ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးတင်ရွှေ**

**အသက်(၇၁)နှစ်**

**ဒုတိယဝန်ကြီး(ငြိမ်း)**

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန**

မဟာဒုက်မြသပိတ်ဆွမ်းလောင်းအသင်း၊(၁၁)လမ်းမိသားစု၏ နာယကကြီးဖြစ်သော ဒေါက်တာဦးတင်ရွှေသည် ၃၁-၁-၂၀၁၇ (အင်္ဂါနေ့) ည ၈း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာဒုက်မြသပိတ်ဆွမ်းလောင်းအသင်း**
**(၁၁)လမ်းမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးတင်ရွှေ**

**အသက်(၇၁)နှစ်**

**ဒုတိယဝန်ကြီး(ငြိမ်း)**

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန**

(ဦးအကောက်)-ဒေါ်တင်တင်မြမိသားစု၊ အမှတ်(၃၇)၊ (၁၁)လမ်း မိသားစု၏နာယကကြီးဖြစ်သော ဒေါက်တာဦးတင်ရွှေသည် ၃၁-၁-၂၀၁၇ (အင်္ဂါနေ့) ည ၈း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ဦးအကောက်)-ဒေါ်တင်တင်မြမိသားစု၊**
**အမှတ်(၃၇)၊ (၁၁)လမ်းမိသားစု**

---

### ဦးအောင်ဇော်လတ်[၁၂/သဃက(နိုင်)၁၃၉၆၆၂]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအနောက် (၃)လမ်း၊ အမှတ်-၃၅/ခ နေ ဦးဝင်းအောင်[၁၂/သကတ(နိုင်)၀၉၇၀၀၄]မြေရှင်နှင့် အခန်းဝယ်ယူသူများ ဦးလှဦး၊ ဦးသိုင်းဝင်းနှင့်ဦးအောင်ဇော်လတ်တို့ ချုပ်ဆိုခဲ့ကြသော ၁၁-၉-၂၀၁၆ ရက်စွဲပါ “၆ ထပ်တိုက်ဆောက်လုပ်ရာတွင် အခန်းဝယ်ယူသူတို့နှင့်မြေရှင်တို့အကြား တိုက်ဆောက်လုပ်ကုန်ကျစရိတ်ကိုမျှဝေစိုက်ထုတ်အကုန်အကျခံဆောက်လုပ်ခြင်း ဝန်ခံကတိစာချုပ်”၏ အပိုဒ်(၇)တွင် ပါရှိသည့် “ဤစာချုပ်ပါစည်းကမ်းချက်များ ဝန်ခံကတိပြုချက်များအား ဖောက်ဖျက်သောအခန်းပိုင်ရှင်သည် မိမိအခန်းနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း အောက်ပါအသိသက်သေများရှေ့တွင် မိမိတို့၏သဘောဆန္ဒဖြင့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးကြပါသည်။”ဟု ဝန်ခံကတိပြုချက်ရှိသော်လည်း ဦးအောင်ဇော်လတ်သည် ဖော်ပြခဲ့သော ဝန်ခံကတိစာချုပ်ပါ ပေးရန်ငွေများကို သတ်မှတ်ရက်တွင် ပေးအပ်ခြင်း မပြုဘဲ ဝန်ခံကတိပဋိညာဉ်ကို ချိုးဖောက်နေလျက်ရှိပါသည်။ ဦးဝင်းအောင်၏ ရှေ့နေများက ဦးအောင်ဇော်လတ်ထံ ၉-၁၁-၂၀၁၆ ရက်စွဲဖြင့် နို့တစ်စာပေးပို့ အကြောင်းကြားတောင်းဆိုခြင်းကိုလည်း လိုက်နာဆောင်ရွက်မှု မရှိပါ၍ ဖော်ပြခဲ့သောဝန်ခံကတိစာချုပ်၏အပိုဒ်(၇)ပါ ဝန်ခံကတိပြုချက်အရ မြေညီထပ်အခန်းမှာ ဝန်ခံကတိ ပဋိညာဉ်ဖောက်ဖျက်သူ ဦးအောင်ဇော်လတ်နှင့်လုံးဝ မသက်ဆိုင်တော့ပါကြောင်း ဦးအောင်ဇော်လတ်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းအောင်[၁၂/သကတ(နိုင်)၀၉၇၀၀၄]၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးမျိုးကျော်ကျော်ဦး LL.B | ဦးကျော်ဆန်းနိုင် BA(Law),LL.B,D.B.L,D.I.L,D.M.L,D.A.Psy, |
| အထက်တန်းရှေ့နေ | Dip In English, M.A(Business Law) |
| (စဉ်-၄၈၂၀၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၉/၈၀) |
| | ဖုန်း-၀၉-၅၀၂၆၈၃၃၊ ၀၉-၇၇၃၆၀၆၈၁၄ |

ရုံးအမှတ်-၉/၁၁၊ အခန်း(၀၀၄)မြေညီထပ်၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။

---

### ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ခင်သန်းမြင့်**

**အသက် (၇၄)နှစ်**

ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်-ဒေါ်မို့မို့တို့၏မိခင် ဒေါ်ခင်သန်းမြင့် (၇၄)နှစ်သည် ၂-၂-၂၀၁၇ ရက် (ကြာသပတေးနေ့) ညနေ ၄း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်စိုး(ညွှန်ကြားရေးမှူးချုပ်)-ဒေါ်သီရိဝင်းမိသားစုနှင့်**
**ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်းဦးဟန်ထွန်း(မန်နေဂျာ၊ သစ်ထုတ်လုပ်ရေး-ငြိမ်း) အသက် (၈၇)နှစ်သည် ၃၁-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းရှင်-ဒေါ်ခင်မမလေးမိသားစု**
**၆၂/၆၄ သစ်တောကျောင်းသားများ**

---

### ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဟန်ထွန်း (မန်နေဂျာ၊ သစ်ထုတ်လုပ်ရေး-ငြိမ်း) (၈၃)နှစ်**

ဦးသိန်းနိုင်ထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-(ဒေါ်စန္ဒာမြင့်)တို့၏ချစ်လှစွာသောဖခင် ဦးဟန်ထွန်းသည် ၃၁-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးဦးမျိုးနိုင်ဆွေနှင့် ဝန်ထမ်းမိသားစု**
**ရှမ်းပြည်နယ်ရုံး**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောလှရွှေ**

**အသက် (၇၅)နှစ်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကြာအင်းရွာနေ ဒေါ်ပိုက်မူး၏ချစ်လှစွာသောခင်ပွန်း၊ ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးဗိုလ်မှူးကြီးစောချစ်သူ-နန်းခင်လှသူ၊ ဒေါ်နန်းမဝင်းရွှေ-ဦးစောဖဲ့မီးတောက်၊ ဒေါ်နန်းကံချို-ဦးစောဘိုနီ၊ ဒေါ်နန်းကု-ဦးစောကျော်မင်းလွင်၊ နန်းယှုဖောင်-စောမောင်မောင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးစောလှရွှေသည် ၃၀-၁-၂၀၁၇ ရက် (တနင်္လာနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောလှရွှေ**

**အသက် (၇၅)နှစ်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကြာအင်းရွာနေ ဒေါ်ပိုက်မူး၏ချစ်လှစွာသောခင်ပွန်း၊ ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးဗိုလ်မှူးကြီးစောချစ်သူ-နန်းခင်လှသူ၊ ဒေါ်နန်းမဝင်းရွှေ-ဦးစောဖဲ့မီးတောက်၊ ဒေါ်နန်းကံချို-ဦးစောဘိုနီ၊ ဒေါ်နန်းကု-ဦးစောကျော်မင်းလွင်၊ နန်းယှုဖောင်-စောမောင်မောင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးစောလှရွှေသည် ၃၀-၁-၂၀၁၇ ရက် (တနင်္လာနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်(၁၀၀၆)နယ်ခြားစောင့်တပ်မိသားစုများ**
**(ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောလှရွှေ**

**အသက် (၇၅)နှစ်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကြာအင်းရွာနေ ဒေါ်ပိုက်မူး၏ချစ်လှစွာသောခင်ပွန်း၊ ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးဗိုလ်မှူးကြီးစောချစ်သူ-နန်းခင်လှသူ၊ ဒေါ်နန်းမဝင်းရွှေ-ဦးစောဖဲ့မီးတောက်၊ ဒေါ်နန်းကံချို-ဦးစောဘိုနီ၊ ဒေါ်နန်းကု-ဦးစောကျော်မင်းလွင်၊ နန်းယှုဖောင်-စောမောင်မောင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးစောလှရွှေသည် ၃၀-၁-၂၀၁၇ ရက် (တနင်္လာနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပန်ဆေးဒေသပြည်သူ့စစ်မိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောလှရွှေ**

**အသက် (၇၅)နှစ်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကြာအင်းရွာနေ ဒေါ်ပိုက်မူး၏ချစ်လှစွာသောခင်ပွန်း၊ ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးဗိုလ်မှူးကြီးစောချစ်သူ-နန်းခင်လှသူ၊ ဒေါ်နန်းမဝင်းရွှေ-ဦးစောဖဲ့မီးတောက်၊ ဒေါ်နန်းကံချို-ဦးစောဘိုနီ၊ ဒေါ်နန်းကု-ဦးစောကျော်မင်းလွင်၊ နန်းယှုဖောင်-စောမောင်မောင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးဖြစ်သူ ဦးစောလှရွှေသည် ၃၀-၁-၂၀၁၇ ရက် (တနင်္လာနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကရင်ပြည်နယ် နယ်ခြားစောင့်တပ်အရာရှိ၊ အရာခံ၊ အကြပ်၊**
**စစ်သည်မိသားစုများ**

---

### ဦးအောင်စိန် (ခ) ယပ်ယုဝှက်

**အသက် (၈၂)နှစ်**

**(သမာဓိ-ကားပစ္စည်းဆိုင်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့၊ ရွာမအရှေ့ရပ်ကွက်၊ အမှတ်(၈၂၃)နေ (ဦးဖိုးဟန်-ဒေါ်ကျင်စိန်)တို့၏ သား၊ ကိုကျော်သွင်အောင်-မလင်းပြည့်နိုင်၊ ဗိုလ်ကြီးအောင်သူ(ငြိမ်း)-မအိအိမွန်၊ ကိုမျိုးကျော်အောင်(ခ)ဖြိုးလေ-မပန်းနွေဦး တို့၏ မွေးသဖခင်၊ မြေးလေးယောက် တို့၏ အဘိုး ဒေါ်ရီ ၏ ခင်ပွန်း ဦးအောင်စိန်(ခ) ယပ်ယုဝှက်သည် ၃-၂-၂၀၁၇ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ဟသ်ာတမြို့ကြက်သွန်ရိုး တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းရှင် (မြေပုံ၊ စစ်တွေ) (ရွှေပြည်တန်)

**ဗုဒ္ဓဂယာ ဘုရားဖူးအပတ်စဉ် (၇၆)**

**အသက် (၈၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၁၂)၊ (ပ)ထပ်နေ (ဦးစောလှအောင်-ဒေါ်မစိန်နု)၊ (မြေပုံမြို့)တို့၏ သမီးလတ်၊ (ဦးအောင်ရွှေသာ-ဒေါ်သတင်းဖြူ)၊ (မြေပုံမြို့)တို့၏သမီးချွေးမ၊ (ဦးလှထွန်းဦး)၏ဇနီး၊ ဒေါ်ခင်လှသိန်း-ဦးသန်းထွန်း၊ ဦးထွန်းလွင်-ဒေါ်ခင်မေအုန်း၊ ဒေါ်ရည်မေ-ဦးအေးကျော်၊ ဦးမြင့်စိုး-ဒေါ်စောဝင်းမော်၊ ဦးသိန်းစိုး-ဒေါ်နုလှသန္တာ၊ ဒေါ်အေးအေးခိုင်-ဦးသိန်းဟန်၊ ဒေါ်ဝင်းဝင်းခိုင်-ဦးကျော်ထွန်း၊ ဒေါ်မျိုးမျိုးခိုင်-ဦးညီညီလွင်၊ ဦးမျိုးခိုင်-ဒေါ်မီးချယ်ရီ၊ ဦးကြည်စိုး-ဒေါ်ဇင်မာအောင်၊ ဦးမျိုးမင်းကျော်-ဒေါက်တာခင်ခင်ဇော် တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ်တစ်ယောက် တို့၏ အဘောင်ရှင်သည် ၃-၂-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### မသန်းနုလွင် (၄၂)နှစ်

**(မအူပင်/ပန်းတနော်)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်(၉၃)၊ အခန်း(၃၀၄)နေ ဦးရွှေဝင်း-ဒေါ်သန်းသန်းနွဲ့တို့၏သမီးကြီး၊ ပန်းတနော်မြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်၊ အမှတ်(၄၅)၊ သီဟလမ်းနေ ဦးအေးသောင်း(ခ) ဦးကောက်-ဒေါ်စိုးတင့်တို့၏သမီးချွေးမ၊ ကိုဟန်ထွန်းအောင်၏ဇနီး၊ မောင်အာကာမိုး(ခ)လုံးလုံး၊ မောင်ဟန်သူမိုး(ခ)တိုးတိုးတို့၏မိခင်၊ ကိုစိုးညွန့်နိုင်-မမြမြသင်းတို့၏ညီမ၊ မခိုင်ဆွေဦး၊ မောင်ကျော်သူထွန်း-မခင်မမ၊ မကေသွယ်အောင်၊ ကိုကြည်ဝင်း-မရီရီခိုင်၊ ကိုမြင့်လှိုင်-မလဲ့လဲ့ခိုင်၊ ကိုသက်နိုင်ဦး-မမိုးမိုးခိုင်တို့၏ အစ်မသည် ၃-၂-၂၀၁၇ (သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်မြို့၊ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ပန်းတနော်မြို့နေအိမ်မှ ပန်းတနော်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ကိုဇော်မင်းနိုင် (၃၁)နှစ်

**စွမ်းဆောင်စက်မှုကုန်ကြမ်းကော်ဖြတ်စက်ရုံ**
**ရွှေပေါက္ကံစက်မှုဇုန်**

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ရွှေပေါက္ကံစက်မှုဇုန်နေ(ဦးစန်မူဂမ်း-ဒေါ်အေး)၊ ဦးစောမောင်-(ဒေါ်မြ)တို့၏မြေး၊ ဦးရာဂျူး-ဒေါ်မြင့်မြင့်အေး (စွမ်းဆောင်စက်မှုကုန်ကြမ်းရောင်းဝယ်ရေး)တို့၏သားကြီး၊ ဦးဆန်နီ-ဒေါ်ကြင်သန်းတို့၏သားသမက်၊ ကိုမျိုးမင်းနိုင်-မဟေမာစိုး(စွမ်းဆောင်စက်မှု ကုန်ကြမ်း စော်ဘွားကြီးကုန်း)၊ ကိုဘိုဘို(ခ)ကိုစန်းမင်းနိုင်-မရည်မွန်ဦး(အောင်တံခွန်-သံထည်အမျိုးမျိုးရောင်းဝယ်ရေး၊ တောင်ဒဂုံစက်မှုဇုန်-၃)တို့၏ အစ်ကို၊ မယုယုဆွေ၏ခင်ပွန်း၊ မခင်သီတာဇော်၊ မောင်ရဲသီဟဇော်တို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၁-၂-၂၀၁၇ ရက် မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နာရေးလိုက်ပါပို့ဆောင်သူများနှင့် နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား ကျေးဇူးတင်ရှိပါသည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၁၇)နေ ဦးလတောင်-ဒေါက်တာLဂျာယုံတို့၏ ဖခင် ဦးဇော်ဘောက် (၇၂)နှစ်သည် ၃-၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကလေးနှလုံးကုသဆောင်**
**ရန်ကင်းကလေးဆေးရုံကြီး**

---

### (၁)နှစ် (၁)လပြည့် လွမ်းဆွတ်သတိရခြင်း

**ဦးကျော်ကျော်နိုင်(ပုသိမ်)**

ကျေးဇူးရှင်ဖေဖေကွယ်လွန်ခဲ့သည်မှာ ၃-၂-၂၀၁၇ ရက်တွင် (၁)နှစ် (၁)လပြည့်ခဲ့ပါပြီ၊ နေ့စဉ်လွမ်းဆွတ်သတိရနေဆဲပါ။

ဖေဖေ့ကို ရည်စူးပြီး ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ဇေတဝန်ပရဟိတကျောင်းနှင့် ပုသိမ်မြို့တာဝတိံသာ အရှေ့ကျောင်းတိုက်၏ ဦးစီးပဓာနဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အာလောကသာရ (ပြည်တွင်းပြည်ပသာသနာပြု) Austilla အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး တာဝတိံသာ အရှေ့ကျောင်းတိုက်ပြုပြင်တည်ဆောက်ရန် ငွေကျပ်(၂၅)သိန်း လှူဒါန်းခဲ့ပါသည်။

ဖေဖေ့ကို ရည်စူးပြုလုပ်ပေးနေသော ကုသိုလ်ကောင်းမှုများအား မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်မော်မော်စန်း**
**သမီးကြီး ခင်စန္ဒီကျော်နိုင်**
**သမီးငယ် ခင်ရတနာကျော်နိုင်**
**(၅၇)၊ မရမ်းချိုလမ်းမကြီး၊ ပုသိမ်မြို့။**





တွန်းဇန်မြို့နယ်နှင့် ကျီခါးမြို့နယ်အား ဆက်သွယ်ပေးမည့် မဏိပူရမြစ်ကူးတံတား(နတ်ဇန်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုလုပ်ငန်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့နံနက်ပိုင်းက ချင်းပြည်နယ်သို့ရောက်ရှိပြီး ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တွန်းဇန်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြကာ ဆေးရုံလူနာတင်ယာဉ်အားကြည့်ရှုပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက ဆေးရုံ၏ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အားနှင့် ဆေးဝါးကုသပေးမှု၊ တွန်းဇန်မြို့နယ်အတွင်း အဖြစ်များသည့်ရောဂါများနှင့် ဆေးဝါးများ သိုလှောင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် တွန်းဇန်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တွန်းဇန်မြို့နယ်နှင့် ကျီခါးမြို့နယ်အား ဆက်သွယ်ပေးမည့် မဏိပူရမြစ်ကူးတံတား(နတ်ဇန်)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချင်းပြည်နယ်အတွင်း ဆောင်ရွက်ဆဲ တံတားစီမံကိန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယသမ္မတက ဒေသများဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါကြောင်း၊ မဖွံ့ဖြိုးသေးသည့်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုမြန်ဆန်လာမည်ဖြစ်ပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

## ဆန်းဒေးကာတွန်း



စာမျက်နှာ - ၁၆၊ ၁၇

# ပထမပိုင်းသွင်းဂိုးများဖြင့် ရှမ်းယူနိုက်တက်အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

**ရှမ်းယူနိုက်တက် - နှစ်ဂိုး**

**ချင်းယူနိုက်တက် - ဂိုးမရှိ**

နာမည်ကြီး ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ပထမပိုင်း သွင်းဂိုးများဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ယခုရာသီတွင် ရလဒ်ကောင်းများရထားသည့် ချင်းယူနိုက်တက်အသင်းသည် အဓိကကစားသမားဆောင်လမန်မပါနိုင်ခြင်းနှင့်အတူ အားပျော့ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကို ယှဉ်မကစားနိုင်ဘဲ အရှုံးပေးခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရရှိရေးအတွက် တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး နောက်ခံလူပက်ထရစ်ကို အနားပေးကာ ခရစ္စတိုဖာ၊ ကင်မ်နှင့် မက်ဆီမင်ကို တစ်ပြိုင်နက်တည်း အသုံးပြုခဲ့သည်။ တင်ဝင်းအောင်နှင့် မက်ဆီမင်တို့မှာ ရှမ်းယူနိုက်တက်ကွင်းလယ်မှနေ၍ ပွဲကိုစိုးမိုးနိုင်ခဲ့ပြီး ပွဲစကတည်းက ချင်းယူနိုက်တက်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၃၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ခရစ္စတိုဖာ၏ ဖန်တီးပေးမှုကို ကင်မ်က ပိတ်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နှစ်မိနစ်အကြာတွင် ရှမ်းယူနိုက်တက် ဒုတိယဂိုးရခဲ့ပြီး ခရစ္စတိုဖာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ချင်းယူနိုက်တက်အသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းကသာ ဂိုးရနိုင်သည့် အခွင့်အရေးများ ထပ်မံရရှိခဲ့သည်။ တိုက်စစ်မှူး **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂**

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ အချပ်ပိုပါရှိ**



# မျိုးဆက်သစ်စာပေပြင်

ကြေးမုံ
အထူးဂဏ္ဍ
ဖေဖော်ဝါရီ ၅၊ ၂၀၁၇ (တနင်္ဂနွေနေ့)



မောင်စိုးဝေ(မြို့သာ)

"ဂိန်. . . ဂိန်. . ဂိန်"ဟူ၍ ခွေးငယ်လေး၏ နာကျင်စွာ အော်လိုက်သံကြောင့် အသံလာရာဘက်ဆီသို့ ကျွန်တော်လှမ်းကြည့်မိသောအခါ အမေ့မောင်အရင်းဖြစ်သူ ကျွန်တော့်ဦးလေးအိမ်ဘက်မှဖြစ်ကြောင်း သိလိုက်ရ၏။ ဦးလေး၏လက်ထဲတွင် ကြက်ပေါက်စအသေကောင်ကို ကိုင်ထားပြီး ကြိုးချည်ထားသောခွေးငယ်ကလေးကို ဝါးခြမ်းပြား အသေးဖြင့် ခပ်ဆတ်ဆတ်ရိုက်နေသည်ကို တွေ့ရ၏။ ခွေးချစ်တတ်သောဦးလေးက ဤခွေးငယ်လေးကို ဘာကြောင့်ရိုက်သနည်းဟု သိလိုလှသဖြင့် ဦးလေးထံသွား၍ "ဦးလေး ခွေးလေးကိုမရိုက်စဖူးရိုက်နေပါလားဗျ" ဟု ကျွန်တော်မေးမိသည်။ ကျွန်တော့်အမေးကို ဦးလေးက "ကြက်ကို ကိုက်နေလို့ ငါ့တူရ၊ ကြက်ပေါက်စလေးတွေ ခွေးစာခွက်ကိုနှိုက်စားရာကနေ ကိုက်ပြီးချီသွားလို့၊ အဲဒါကြီးသွားရင်အကျင့်ပါမှာစိုးလို့ ငယ်တုန်းကတည်းက ရိုက်ဆုံးမပေးနေတာ"ဟု ပြန်လည်ရှင်းပြ၏။ ထိုအခါ ကျွန်တော်က "ရလို့လား ဦးလေးရာ၊ ခွေးဆိုတာ အညှီကြိုက်တဲ့ တိရစ္ဆာန်မျိုးပဲ။ နောင်လည်း ထပ်စားမှာပေါ့" ဟု ပြန်မေးလိုက်သည်။ ဦးလေးက "ငါ့တူရယ်. . အညှီကြိုက်တဲ့ တိရစ္ဆာန်ဆိုပေမယ့် လူနဲ့နေရင် အသိဉာဏ်ရိုက်ထည့်ပေးလို့ ရပါတယ်ကွာ။ အခုကြည့်ပါလား၊ ခွေးကိုချော့ခေါ်ပြီး ကြိုးချည်၊ သူကိုက်ထားတဲ့ ကြက်သေကိုပြ၊ သူ့နှုတ်သီးနဲ့အဟပ်မှာ ရိုက်၊ သုံးခါလောက်ရိုက်ရသေးတယ်။ ဟပ်ကိုမဟပ်ရဲတော့ဘူး။ နောက်ကျရင် စောင့်ကြည့်လိုက်၊ သည်ကောင် ကြက်ကိုက်ရဲတဲ့အကျင့်ရှိသေးလားလို့။ မကောင်းတဲ့အကျင့်ဆိုတာ နုနယ်စဉ်ကတည်းက ဖျက်ဆီးထားရင် ပျောက်ပျက်သွားတတ်တာသဘာဝပါပဲကွာ"ဟု ရှည်လျားစွာရှင်းပြပါတော့သည်။

မကောင်းသည့်အကျင့်များသည် နုနယ်သည့်ကာလကတည်းကပင် ဖျက်ဆီးခဲ့လျှင် ပျောက်ပျက်သွားတတ်သည်ဟူသောစကားကို ကျွန်တော်နှစ်သက်မိသည်။ တစ်ဆက်တည်းမှာပင် နေပြည်တော်မှ ကျွန်တော့်မိတ်ဆွေ ဉာဏ်ဝင်းပြောခဲ့သောစကားများကို နားတွင်ပြန်လည်ကြားယောင်မိပါသည်။ ဉာဏ်ဝင်းမှာ လက်ဖက်ရည်ဆိုင်ဖွင့်ထားသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်၏။သူနှင့်ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားဘဝကပင် ခင်မင်ရင်းနှီးခဲ့သူဖြစ်၏။ ကျောင်းပြီးသောအခါ အိမ်ထောင်ကျ၍ ဇာတိရပ်ရွာမှာပင် လက်ဖက်ရည်ဆိုင်ဖွင့်ထား၏။ စီးပွားရေးအခြေအနေကောင်းမွန်၍ အိမ်ထောင်ရေး အဆင်ပြေလှသော်လည်း သူသည် အိမ်ထောင်သက် ရှစ်နှစ်ခန့်၊ သူ၏ တစ်ဦးတည်းသောသမီးငယ် ဒုတိယတန်းတက်နေချိန်တွင် အရက်၊ ဘီယာကို အပေါင်းအသင်းကဏ္ဍဖြင့် လိုက်ပါဧည့်ခံရင်း သောက်တတ်သွားလေသည်။ သူ၏ ဇနီးက သူ့ခင်ပွန်း အရက်သောက်တတ်နေကြောင်း ကျွန်တော့်ကို ဖုန်းဆက်၏။ မွေးထားသည်မှာ သမီးလေးဖြစ်၍ အရက်မသောက်ရန်တားမြစ်ပေးစေလိုကြောင်းလည်း ပြော၏။ ဉာဏ်ဝင်းနှင့် ကျွန်တော်၏ ရင်းနှီးမှုသည် ညီအစ်ကိုအရင်းတမျှဖြစ်သောကြောင့် အရက်မသောက်ရန် မကြာခဏ ဖုန်းဖြင့်ပြောဆိုခြင်းပြုဖြစ်၏။ သို့သော်လည်း မရ။ သူ၏အကြောင်းပြချက်များဖြစ်သည့် စီးပွားရေးကဏ္ဍ၊ အပေါင်းအသင်းကဏ္ဍများ၏အဓိပ္ပာယ်ကို ကျွန်တော့်စကားက မထိုးဖောက်နိုင်ခဲ့။ ယခုစာသင်နှစ်၏ နှစ်အစတွင်တော့ ဉာဏ်ဝင်းက ကျွန်တော့်ကိုဖုန်းဆက်၍ သူ၏သတိစိတ်ပြန်ဝင်ခဲ့ပုံကို ရင်ဖွင့်၏။ သူ၏သတိစိတ်ဝင်ရသည့်အကြောင်းအရင်းကလည်း အံ့ဩဂုဏ်ယူဖွယ်ကောင်းလှသည်။ သမီးဖြစ်သူကို စာပြပေးရင်း တတိယတန်း မြန်မာဖတ်စာမှ "ဆရာရသေ့၏ တမာရွက်ဥပမာ" ကို ဖတ်မိရင်း သတိတရားပြန်ဝင်ခဲ့သည်ဆို၏။ ထိုသင်ခန်းစာပါအကြောင်းအရာမှာ တိုင်းပြည်တစ်ပြည်တွင် ရှင်ဘုရင်၏သားတော်တစ်ပါးသည် အလွန်ရုန့်ရင်းကြမ်းတမ်း၏။ ထို့ကြောင့် ဘုရင်ဖြစ်သူသည် သားတော်ကို ဆုံးမပေးပါရန် ဆရာရသေ့ထံအပ်နှံလေသည်။ ဆရာရသေ့သည် မင်းသားငယ်ကို ဥယျာဉ်အတွင်းသို့ ခေါ်သွား၍ တမာပင်ငယ်မှ တမာရွက်ကိုခူး၍ ဝါးစားစေသည်။ မင်းသားငယ်သည်တမာရွက်ကို ဝါးစားမိသောအခါ ခါးလွန်းလှသဖြင့် တမာပင်ငယ်ကို ဆွဲနုတ်ပစ်လေ၏။ ထိုအခါမှ ဆရာရသေ့သည် မင်းသားငယ်ကို တမာပင်ငယ်နှင့် ဥပမာပြု၍ ငယ်စဉ်ကတည်းက ခါးသက်ပါက ကြီးရင့်လာလျှင် အဘယ်ဆိုဖွယ်ရှိအံ့နည်းဟူ၍ လိမ္မာယဉ်ကျေးအောင် ဆိုဆုံးမသည့်အကြောင်းအရာပင် ဖြစ်ပေသည်။ သေရည်သေရက်အသောက်အစားပြုနေသော မိမိ၏အမှားကို တမာပင်ငယ်နှင့် နှိုင်းယှဉ်တွေးတောရင်း မကြီးရင့်မီကပင် နုတ်ပယ်ရမည်ဟူသည့်အသိဝင်ကာ အရက်ဖြတ်ခဲ့ကြောင်း ဉာဏ်ဝင်းကပြောပါသည်။ ကျောင်းသင်ခန်းစာမှ အကြောင်းအရာအပေါ် တွေးတောခံစားရင်း ပြုပြင်လိုသည့်သတိစိတ်ဝင်ခဲ့သည့် မိတ်ဆွေဖြစ်သူ၏ စိတ်ဓာတ်ကိုလည်း ဂုဏ်ယူမိပါသည်။

> **မီးတောက်သည်**
> **မည်မျှပင်သေးငယ်ပါစေ**
> **အချိန်မီမငြိမ်းသတ်နိုင်ပါက**
> **တစ်ရွာလုံး၊ တစ်မြို့လုံးကို**
> **လောင်ကျွမ်းစေနိုင်သည်။**
> **သံသယမီးတောက်၊ မာန်မာန**
> **မီးတောက်၊ ဒေါသမီးတောက်၊**
> **လောဘမီးတောက်နှင့် အာឃာတ**
> **မီးတောက်များကား ပို၍ဆိုးရွား**
> **လှပါသည်။ သေးငယ်စဉ်အချိန်ကသာ**
> **မငြိမ်းသတ်နိုင်ပါလျှင်. . .**

ဟုတ်ပေသည်။ မကောင်းသောအမူအကျင့်များသည် ကျွန်တော်တို့၏ဘဝထဲသို့ သေးရာမှကြီးလာတတ်သည်ကို သတိပြုသင့်ပေသည်။ မဆင်မခြင်စွန့်ပစ်လိုက်သော ဆေးလိပ်မီးသည် တစ်ရွာလုံးမီးလောင်ပြာကျစေနိုင်သည်။ ကျေးငှက်များချီလာသော ညောင်စေ့ငယ်တစ်စေ့သည် အဆောက်အအုံပေါ် ကျရောက်၍ အပင်ပေါက်လာပါက အဆောက်အအုံကို ပြိုပျက်နိုင်စေ၏။ ထိုညောင်စေ့ငယ်သည် အခြားသောသစ်ပင်များပေါ်ကို ကျရောက်လျှင်လည်း ထိုသစ်ပင်တို့ကို ဝါးမျိုနိုင်ပါသည်။ ခြုံငုံတွေးတောသုံးသပ်ပါက မကောင်းမှုဗီဇမျိုးစေ့များကို သေးငယ်သည့်အရွယ်ကပင် အမြစ်ဖြတ်ရှင်းလင်းသင့်ပါ၏။ ဤယနေ့သည် ကျွန်တော့်အတွက်တွေးတောစရာများ ဆင့်ပွားရရှိခဲ့သောနေ့တစ်နေ့ပင်တည်း။ ကြက်ကိုကိုက်သဖြင့် ဆုံးမထားသော ခွေးငယ်၊ တမာရွက်ဥပမာကြောင့် အရက်ဖြတ်ခဲ့သူ သူငယ်ချင်း၊ ပမာဏသေးငယ်လှသော်လည်း ရှင်သန်ကြီးထွားခွင့်ပြုပါက အဆောက်အအုံများကိုပင် ပျက်စီးစေနိုင်သောညောင်စေ့ငယ် စသည်တို့ကို ဆက်စပ်တွေးတောရင်း မကောင်းမှု၏ဆိုးကျိုးများကို ပိုမြင်လာမိ၏။ မီးတောက်သည် မည်မျှပင်သေးငယ်ပါစေ အချိန်မီ မငြိမ်းသတ်နိုင်ပါက တစ်ရွာလုံး၊ တစ်မြို့လုံး လောင်ကျွမ်းစေနိုင်သည်။ သံသယမီးတောက်၊ မာန်မာနမီးတောက်၊ ဒေါသမီးတောက်၊ လောဘမီးတောက်နှင့် အာဃာတမီးတောက်များက ပို၍ဆိုးရွားလှပါသည်။ သေးငယ်စဉ်အချိန်ကသာ မငြိမ်းသတ်နိုင်ပါလျှင်. . .။

## လူငယ့်အားမာန်

မြန်မာဆိုတာ ကမ္ဘာမှာ
ရောင်ဝါလင်းလို့ သိရမှာ။
ကမ္ဘာတစ်လွှား ကျော်လို့ကြား
တို့များလူငယ် ကြိုးစားထား။
ရည်မှန်းချက်ထား လျှောက်လှမ်းသွား
အားထားဝင့်ကြွား လူငယ်များ။
အပျော်အပါး ပယ်ကာရှား
ကိုယ်သွားရမည့် လမ်းမမှား။
အခက်ခဲများ ကျော်ကာလွှား
ကြိုးစားလို့သွား လူငယ်များ။
အားမာန်ကိုတင်း ဇွဲကိုရင်း
အားပြင်းပြင်းနဲ့ ကြိုးစားထား။
မူဒီတာပွား စိတ်ကိုထား
ရိုးသားကြိုးစား လူငယ်များ။
အတွေးအမြင် ရင့်သန်ချင်
စုံလင်သင်ကြား စာပေများ။
စာပေများကြည့် အသိရှိ
စာကြည့်တိုက်သွား လေ့လာထား။
လူတော်လူကောင်း မွေးဖွားကြောင်း
မီးမောင်းထိုးထား သမိုင်းများ။
သမိုင်းစုံလင် ရာဇဝင်တွင်
အထင်ကရ ရှိသည်ပင်။
နောင်အနာဂတ် မျှော်ရည်မှတ်
ထက်မြက်ပေါက်ဖွား လူငယ်များ။
အနာဂတ်လမ်း လူငယ်ပန်း
လန်းဆန်းဖူးပွင့် ဂုဏ်ရောင်တင့်။
စည်းကမ်းရှိမှ တိုးတက်ရ
ငယ်ကစ၍ ပြုပြင်ကြ။
တတ်သိပညာ ဝေမျှပါ
စေတနာထား မေတ္တာပွား။
ထိုးထွင်းကြံဆ တီထွင်က
မရမရှိ အကုန်သိ။
တိုင်းပြည်ဖွံ့ဖြိုး ဆတက်ပိုး
သယ်ပိုးဆောင်ရွက် တိုင်းပြည်တွက်။
လူငယ့်တန်ခိုး ဂုဏ်ရှိန်တိုး
ဖွံ့ဖြိုးဝေစည် မြန်မာပြည်။ ။

**မဒီ(လှိုင်)**

## လူ

ပျားကအုံပြု အရည်စု၏။
ယင်ကသောက်စား စုမထားခဲ့။
လောက၌တွင် တုနှိုင်းယှဉ်က
လူသွင်ချမ်းသာ ဥစ္စာဖုံဖုံ
ပြည့်စုံသူကား ပျားလိုအုံပြု
အရည်စုသည့် လူများသာ
လောက၌တွင် တုနှိုင်းယှဉ်က
လူသွင်နံ့မွဲ စုလည်းမစု
ထားမှုမလိမ္မာ ထိုသူမှာဖြင့်
ချမ်းသာခြင်းနှင့် ကင်းရ၏။

**ဝန်းလတ်(တပ်ကုန်း)**

# မီးခြစ်တစ်လုံးနှင့် လောကပရိယာယ်

**မောင်မြင့်ဝင်း**

ဆရာ့ကို စတွေ့ကတည်းက လေးစားခဲ့ရသည်။ ထိုထက်ပို၍ ဆရာ၏ ထူးခြားထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေး အတွေးအခေါ်များကိုတွေ့လာရလျှင် ကြည်ညိုစိတ် ထပ်ဖြစ်ရပြန်သည်။ ထို့ကြောင့် ဆရာ့ထံသို့ နေ့စဉ်သွားဖြစ်ခဲ့သည်။ ဆရာသည် ကျွန်တော်လာတိုင်း ဗဟုသုတဖြစ်စရာ တစ်ခုမဟုတ်တစ်ခု ပြောစမြဲ။

ယနေ့ဆရာ့ဆီရောက်တော့ ဆရာသည် စာအုပ်တစ်အုပ်ကို စိမ်ပြေနပြေ ဖတ်နေလေ၏။ ကျွန်တော်လည်း ဆရာ့ဘေး ခပ်ရို့ရို့လေးဝင်ထိုင်လိုက်မိသည်။

"မောင်မြင့်ဝင်း ဒီဟာကို ဘာခေါ်လဲကွ"

ဆရာက မီးခြစ်ကလေးကို မြှောက်ပြရင်း မေးလေသည်။

မီးခြစ်ဆိုတာ လူတိုင်းသိနေတာပဲ။ ဆရာမေးခြင်းသည် အကြောင်းတစ်ခုတော့ ရှိပေလိမ့်မည်။ ထို့ကြောင့် ခပ်ပြုံးပြုံးလုပ်ကာ

"မီးခြစ်လေ ဆရာ"

ဆရာက ခေါင်းတချက်ညိတ်လိုက်ရင်း

"အေး ဒါကမီးခြစ်နော်။ ကောင်းပြီ၊ ဒီမီးခြစ်ကို ဘာလုပ်လို့ ရသလဲ" ခက်ပြီ။ မီးခြစ်ကို ဘာလုပ်လို့ရလဲ မေးပြန်ပြီ။ မီးခြစ်ဆိုတာ မီးခြစ်လို့ရတာ လူတိုင်းသိနေတဲ့ဟာကို။ မဖြေလို့ကလည်း မဖြစ်ပြန်။ ထို့ကြောင့် "ဟို . . . မီးခြစ်ဆိုတော့ မီးခြစ်လို့ရတာပေါ့ဆရာရဲ့"

ဆရာ ကျွန်တော့်ကို မျက်မှောင်ကြုတ်ကာကြည့်ရင်း

"ဒါတင်ပဲလား မောင်မြင့်ဝင်းရ"

"ဟုတ်ကဲ့ဆရာ။ မီးခြစ်က မီးခြစ်တာကလွဲပြီး ဘာများလုပ်လို့ရဦးမှာလဲ"။

ကျွန်တော့်အဖြေကြားတော့ ဆရာက မီးခြစ်ကို စားပွဲပေါ် ဗုန်းခနဲပစ်တင်လိုက်ပြီး စားပွဲကိုလက်ဖြင့် ဗုန်းခနဲ ထုလိုက်သည်။ ထို့နောက် ကျွန်တော့်အား တည့်တည့်ကြည့်ပြီး စိတ်ဆိုးမာန်ဆိုးဖြင့် လက်ညှိုးထိုးကာ "ဟေ့ကောင် မောင်မြင့်ဝင်း ငါက မင်းကို အထင်ကြီးလေးစားခဲ့တာ။ ဂျာနယ်တွေ၊ သတင်းစာတွေမှာ စာတွေ ရေးတယ်။ ကိုယ်ပိုင်စီးပွားရေးတွေလည်း လုပ်တယ်ဆိုပြီး အထင်ကြီး လေးစားလိုက်ရတာ။ တကယ်တော့ မင်းက အလကားကောင်ပဲ"

ဆရာ့စကားကြားလျှင် ရုတ်တရက်ကြောင်သွားရသည်။ ထို့နောက် မဝံ့မရဲဖြင့် ပြန်မေးလိုက်မိသည်။

"ဘာဖြစ်လို့လဲဆရာရဲ့"

ဆရာက အနားက ပန်ကာကို ခလုတ်နှိပ်လိုက်ရာ ပန်ကာလေကြောင့် စားပွဲပေါ်တင်ထားသော စာရွက်များ ဖလပ်ဖလပ်ဖြစ်ကုန်လေ၏။ ထို့ကြောင့် မီးခြစ်ဖြင့် ထိုစာရွက်ပေါ် ဖိတင်လိုက်ရာ စာရွက်များ ဖလပ်ဖလပ် မနေတော့ပေ။

"ဒီမှာလေကွာ မင်းပြောတော့ မီးခြစ်က မီးခြစ်ရုံပဲဆို။ ခုတော့ ပန်ကာလေကြောင့် လေထဲလွင့်နေတဲ့ စာရွက်တွေ မလွင့်အောင် ဖိတုံးလုပ်လို့ရသားပဲ"

ဆရာက ထေ့သလိုပုံစံဖြင့်ပြောတော့ ခေါင်းငုံ့ထားလိုက်မိသည်။

ထို့နောက် ပန်ကာကို ပိတ်လိုက်ကာ စားပွဲခြေထောက်အောက် မီးခြစ်ကို ခုခံလိုက်ပြန်သည်။

"မင်းပြောတော့ မီးခြစ်ဟာ မီးခြစ်ရုံပဲဆိုကွ။ ခုတော့ ခြေထောက်မငြိမ်တဲ့ စားပွဲအောက်ခြေကို ခုလို့လည်း ရသေးတာပဲ"

ကျွန်တော့်တွင် ဆရာကို ချေပစရာစကားလုံး ရှာမတွေ့ခဲ့။ ငြိမ်၍သာ ဆရာဆက်ပြောလာမည့်စကားကို နားထောင်နေလိုက်သည်။

"ဒီမယ်မောင်မြင့်ဝင်း မင်းအပါအဝင် လူတိုင်းနီးပါးရဲ့ စိတ်ထဲမှာ မီးခြစ်လေးကို ခြစ်ဖို့လောက်ပဲ သိကြတယ်။ ဒီထက်ပိုပြီး အသုံးဝင်နိုင်မယ့်အရာတွေ မစဉ်းစားတတ်ကြဘူး။ လူ့ဘဝဆိုတာလည်း မီးခြစ်ကလေးလိုပဲ။ လုပ်နိုင်တဲ့ အရာတွေ အများကြီးရှိတယ်။ လူတွေက အလုပ်တစ်ခုထက် ပိုပြီး တွေးတောစဉ်းစားမှု မပြုကြတော့ဘူး။

ဒါကြောင့် အချိန်ရှိသရွေ့ ကြိုးစားကြရမယ်။ ကိုယ်အား ဉာဏ်အားရှိသရွေ့ ဘက်ပေါင်းစုံကနေ ကြိုးစားနေရမယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်ကြိုးစားပါ့မယ်"

ဆရာ့ဆီကအပြန်လမ်းမှာ မီးခြစ်ကလေးလို ဘက်ပေါင်းစုံမှာ အသုံးဝင်သူဖြစ်အောင် ကြိုးစားချင်သည့် စိတ်များ ကိန်းအောင်းလာခဲ့ပြန်သည်။ ဆရာ့အား တစ်နေ့ထက်တစ်နေ့ ကြည်ညိုစိတ်များ တိုးလာရသည်။ ထို့ကြောင့် ဆရာ့ဆီကို နေ့စဉ်မပျက်မကွက် လာခဲ့တာ ယခုဆို နှစ်တွေတောင်ကြာခဲ့ပြီ။

"ဟင်"

အိမ်တံခါးတွန်းဖွင့်လိုက်တော့ မြင်ရသည့်မြင်ကွင်းကြောင့် အံ့သြမှင်တက်သွားရသည်။

ဆရာသည် ငြိမ်သက်စွာ ထိုင်နေလေသည်။ ရှေ့တွင် အရက်ပုလင်းတစ်လုံးနှင့် အမြည်းများကအပြည့်။ ဆရာ ယခုလို အရက်သောက်သည်ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့။ ထို့ကြောင့် ထူးဆန်းမိသလိုလို၊ ဝမ်းနည်းသလိုလို၊ ဒေါသထွက်သလိုလို ဖြစ်ရပြီး သေချာစဉ်းစားကြည့်တော့ အနှစ်နှစ်အလလက ကြည်ညိုခဲ့ရသည့် စိတ်များဆိတ်သုဉ်းသွားပြီဆိုတာ သိလိုက်ရသည်။

"ဟာ ဟေ့ကောင် မောင်မြင့်ဝင်း လာကွာ။ ငါတော့ ဒီနေ့သောက်ချင်စိတ်ပေါ်လာလို့ သောက်နေတယ်။ အဖော်မရှိလို့ လာချပါဦးကွ"

ကျွန်တော့်ကိုမြင်တော့ ဆရာက သူနှင့်အတူ အရက်သောက်ဖို့ လှမ်းခေါ်လေသည်။

ကြည့်စမ်း။ ဘယ်လောက်အကြည်ညိုမဲ့စရာ ကောင်းလိုက်သလဲ။

> **မြန်မာပြည်မှာ လူမျိုးတွေ**
> **ဘယ်လောက်ပဲ ကွဲပြားနေပါစေ၊**
> **ကိုးကွယ်မှုအယူဝါဒတွေ**
> **မည်မျှပင်ကွဲပြားနေပါစေ၊**
> **သူ့ရဲ့လောကအပေါ်**
> **လုပ်ဆောင်ခဲ့တဲ့ အလုပ်တွေ**
> **ပညာရပ်တွေကသာ အဓိက**

ကျွန်တော် ဆရာပြောသည့် စကားတွေကို နားထောင်ဖို့နေနေသာသာ တစ်စက္ကန့်လေးပင် ဆရာ့အနား ထိုင်လိုသည့် စိတ်မရှိတော့။ ထို့ကြောင့် "ကျွန်တော် ဒီနေ့အချိန်မရလို့ အဲဒါလာပြောတာပါ။ သွားလိုက်ပါဦးမယ်"

တိုတိုတုတ်တုတ်ပြောရင်း အိမ်သို့ပြန်လာခဲ့သည်။ ထိုနေ့မှစ၍ ဆရာ့ထံသို့ ကျွန်တော် မသွားတော့။ ဆရာ့စကားများကိုလည်း ကြည်ညိုစိတ်ဖြင့် နားထောင်ချင်စိတ်မရှိတော့။ ထိုထက်ပို၍ ဝမ်းနည်းစိတ်များ ရင်တွင်းဖြစ်တည်လာခဲ့သည်။ ကျွန်တော်အလွန်လေးစားရသော ဆရာသည် အရက်သမားတစ်ယောက်အဖြစ် မြင်လိုက်ရခြင်းကြောင့် ဖြေမဆည်နိုင်အောင်လည်း ဖြစ်ရသည်။ နှမြောတမ်းတစိတ်ကြောင့် ရင်တွင် တဆစ်ဆစ်နာကျင်ခံစားခဲ့ရသည်။ အရှင်းဆုံးပြောရလျှင် ဆရာ့ပြောစကားနားထောင်ဖို့ မဆိုထားနှင့် ဆရာ့ရုပ်သွင်ကိုပင် မြင်ချင်စိတ် အလျဉ်းမရှိတော့။

သို့သော် ကျွန်တော်ဆန္ဒမပြည့်ဝခဲ့ပါ။ တစ်နေ့ ကျွန်တော့်အိမ်သို့ ဆရာရောက်လာခဲ့သည်။ ကျွန်တော်လည်း စကားမပြောချင်၍ အလုပ်လုပ်နေမိသည်။

"မောင်မြင့်ဝင်း ဆရာ့ဆီမလာတော့လို့ ဘာဖြစ်လို့မလာတာလဲဆိုတာ ဆရာလာမေးတာ"

ဆရာမေးတော့ ကျွန်တော် မျက်မှောင်ကြုတ်ထားလိုက်မိသည်။ ပြီးမှ တုံးတိဖြေလိုက်သည်။

"မအားလို့ပါ"

"ဩော် မအားလို့လား"

ဆရာ့အသံက ခနဲ့တဲ့တဲ့။

"တကယ်မအားလို့ မလာတာလား။ တခြားအကြောင်းရင်း တစ်ခုခုများရှိသလားလို့ ထင်လို့ပါ"

ဆရာက ထပ်မေးပြန်သည်။ ဖြစ်နိုင်လျှင် စကားပြောချင်စိတ်ပင်မရှိတော့။ ထို့ကြောင့် သည်းခံမှုတို့ပျောက်ကုန်လေပြီ။

"ဟုတ်တယ်ဗျာ။ ခင်ဗျားအရက်သောက်တာ မြင်ကတည်းက ကြည်ညိုစိတ်မရှိတော့လို့မလာတာ ရှင်းပြီလား" အားနာမနေတော့။ ရင်ထဲရှိသမျှ ဖွင့်ထုတ်မိလိုက်သည်။ လပေါင်းများစွာ မျိုသိပ်ထားသော ခံစားချက်များကို ဖွင့်ထုတ်လိုက်ရ၍ ရင်ထဲတော့ အတော်ရှင်းသွားသည်။ ကျွန်တော်ပြောလိုက်တော့ ဆရာကစိတ်မဆိုးဘဲ ဟားတိုက်၍ ရယ်မောလိုက်သည်။ ထို့နောက် ရုတ်တရက် အရယ်ရပ်လိုက်ကာ "ခင်ဗျား အတော်ရယ်စရာကောင်းတဲ့သူပဲ။ ကျွန်တော်ကတော့ ခင်ဗျား ကျုပ်ရဲ့ပညာကို လေးစားလွန်းလို့ နှစ်ပေါင်းများစွာ လာပြီး ယူတယ်ဆိုပြီး ကျေနပ်လိုက်ရတာ။ တကယ်တော့ ခင်ဗျားက ကျုပ်ရဲ့ပညာကို လေးစားတာမှမဟုတ်တာ လူကိုပဲလေးစားတာပဲ"

ကျွန်တော်ဘာမှမပြောဘဲ ဆရာ့ကိုသာ ငေးကြည့်နေမိသည်။

ဆရာကဆက်၍

"ခင်ဗျားကျုပ်ဆီကို နှစ်ပေါင်းများစွာ တစ်ရက်မှ မပျက်ဘဲ ကျုပ်ပြောသမျှလာပြီး နားထောင်တယ်။ မိုးဘယ်လောက်ရွာရွာ နေဘယ်လောက်ပူပူ ခင်ဗျား ရောက်အောင်လာတယ်။ ကြာတော့ ကျုပ်စိတ်ထဲ သံသယဖြစ်လာတယ်။ ခင်ဗျားဟာ ကျုပ်ပညာကို လေးစားတာလား။ ကျုပ်ကိုပဲလေးစားတာလား သိချင်လာမိတယ်။ ခင်ဗျားကို စာမေးပွဲစစ်ချင်လာမိတယ်။ ဒါကြောင့် တစ်နေ့ ခင်ဗျားလာမဲ့အချိန်ကိုမှန်းပြီး ကျုပ်အရက်တစ်လုံးဝယ် အမြည်းတွေလုပ်ပြီး အရက်သမားဟန်ဆောင်ခဲ့တယ်။ ဒါကိုမြင်တော့ ခင်ဗျားက ကျုပ်ကို အရက်သမားအဖြစ်မြင်အထင်သေးပြီး မလာတော့ဘူး။ ခင်ဗျားစဉ်းစားကြည့်ပါ။ ကျုပ်သာတကယ် အရက်ကြိုက်ရင် ခင်ဗျားကျုပ်ဆီမလာခင် အရက်သောက်ထားလို့ရတယ်။ ပြီးတော့ အနံ့မထွက်အောင် တစ်ခုခုနဲ့ လုပ်ထားလို့ရတယ်။ ဒါမှမဟုတ် ခင်ဗျားပြန်သွားပြီးမှ သောက်လို့လည်းရနိုင်တာပဲ။ ကျုပ်ကခင်ဗျားကို စာမေးပွဲစစ်ချင်လို့ ခင်ဗျားလာချိန် တမင်ရွေးပြီး အရက်ဝိုင်းလုပ်ထားတာ။ တကယ်တော့ ခင်ဗျားက ကျုပ်ပညာကို လေးစားတာမဟုတ်ဘူး။ လူကိုပဲလေးစားတာ။ ဒီမယ်ပြောလိုက်မယ်။ လောကမှာ အဖိုးတန်တဲ့ အတွေးအခေါ် တွေဆိုရင် ဘယ်လိုလူဆီကဖြစ်ဖြစ် ယူရမှာပဲ။ သူတောင်းစားဆီက ပညာမို့လို့မယူဘူးဆိုတာ မဖြစ်သင့်ဘူး။ သူတောင်းစားဆီက ငွေတစ်ကျပ်နဲ့ သူဌေးဆီက ငွေတစ်ကျပ်ဟာ တန်ဖိုးအတူတူပါပဲ"

ဆရာသည် စကားအများကြီး ပြောလိုက်ရ၍ထင့် မောပန်းနွမ်းလျသွားပုံရသည်။ မျက်လုံးနှစ်ဖက်စလုံး မှေးထားလေ၏။ ကျွန်တော့်စိတ်ထဲတွင် မျက်လုံးမှိတ်ထားသော ဆရာ့ကိုပင် မကြည့်ဝံ့တော့။ ဆရာပြောသလို ကျွန်တော်သည် ဆရာ့၏ ပညာကိုမကြည့်မိဘဲ အပေါ်ယံကိုသာ ကြည့်ရှုဆုံးဖြတ်ခဲ့သည်လေ။ အနှစ်နှစ်အလလက အတွေးအခေါ်ပညာများပေးခဲ့သော ဆရာ့အပေါ် ပြစ်မှားစော်ကားမိခဲ့လေပြီ။ မျက်ဝန်းမှမျက်ရည်များ အထိန်းအကွပ်မဲ့ စီးဆင်းကျလာသည်။

ထို့နောက် ဆရာ့ရှေ့တွင် ထိုင်လိုက်ကာ တောင်းပန်စကားဆိုရင်း ဦးခိုက် ရှိခိုးလိုက်မိပါတော့သတည်း။

"ဆရာရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် မစဉ်းစားမိခဲ့ဘူး။ တကယ်တော့ မြန်မာပြည်မှာ လူမျိုးတွေ ဘယ်လောက်ပဲ ကွဲပြားနေပါစေ၊ ကိုးကွယ်မှုအယူဝါဒတွေ မည်မျှပင်ကွဲပြားနေပါစေ၊ သူ့ရဲ့ လောကအပေါ်လုပ်ဆောင်ခဲ့တဲ့ အလုပ်တွေ ပညာရပ်တွေကသာ အဓိကဆိုတာ ကျွန်တော် အခုနားလည်လိုက်ပါပြီ"

ဆရာက မျက်လုံးပွင့်လာပြီး ကျွန်တော့်အား ပြုံးပြနေပါသည်။ ဆရာ့အပြုံးထဲ၌ နားလည်မှုများစွာပါနေသည်။

ပြီးတော့ ကျေနပ်ခြင်းတွေလည်း မြင်ရသည်။ ထိုထက်ပို၍မမြင်နိုင်တော့ပါ။ ဆရာ၏ နက်နဲလှစွာသော ပညာရပ်များအပေါ်ထားသော ကြည်ညိုစိတ်များကသာ ပို၍ စိုးမိုးကြီးစိုးနေသောစိတ်ကြောင့်သာဖြစ်မည် ထင်ပါသည်။ ။

## ပရဟိတ မောင်မယ်များသို့

အို…
ပရဟိတ မောင်တို့မယ်တို့
အသင်တို့သည် အချိန်နှင့်လူ
ကုန်ခန်းမှုလည်း တပင်တပန်း
လုံ့လစိုက်ထုတ် ကြိုးကုတ်ကြသည်
ဇွဲနပဲနှင့် ပြုစုမပြု
ပီတိစုသည် ချမ်းမြနလုံး
သူတော်ထုံးသို့ စွဲကိုင်ထူလျက်
သက်စွန့်ဆံဖျား သင်ကြိုးစားသည်
အံ့လောက်ဖွယ်ရာ ဖြစ်ခဲ့ပါ၏။
အို…
ပရဟိတ မောင်တို့မယ်တို့
အသင်တို့သည် မီးဘေး ရေဘေး
စစ်ဘေးမက ဘေးပေါင်းခလို့
ဒုက္ခရောက်သူ ရဟန်း ရှင်လူ
ပြည်သူများအား မိမိကိုယ်နှင့်
ခိုင်းနှိုင်းချင့်ချိန် စာနာစိတ်ထား
မေတ္တာပွားဝေ သေမှာမကြောက်
သက်စွန့်လောက်လည်း အစဉ်မပျက်
ကူညီထောက်မ အမြဲပြုသည်
ဂုဏ်ယူမဆုံး ဖြစ်ရပါ၏။
အို…
ပရဟိတ မောင်တို့မယ်တို့
ပုတ်ခတ်စော်ကား ကဲ့ရဲ့ငြားလည်း
သင်တို့မမှု ပြုံးပန်းမျက်နှာ
ဆင်ကာသလို့ ရယ်ကာရွှင်ကာ
ပြန်လို့ဆိုသည် ကိုယ်ကျိုးမဖက်
ဆောင်ရွက်ချက်မို့ ဝိုင်းဝန်းဖေးမ
ကူညီလှည့်ပါ မွန်မြတ်စိတ်ထား
ပိုင်ဆိုင်ထားသူ ပရဟိတ မောင်မယ်များအား
လွန်စွာလေးမြတ် ဦးညွှတ်လျက်ပင်
ချစ်ခင်မြတ်နိုး မဆုံးပေ။
အို…
ပရဟိတ မောင်တို့မယ်တို့
အသင်တို့သည် လူပင်သေငြား
ရှင်သန်စိတ်ထား တိုင်းပြုပြည်ပြု
အများသုခ ရစေစိမ့်ငှာ
စိတ်သဒ္ဓါကြောင့် များစွာလူထု
တောင်းဆုပြုသည် ဆုမွန်ကောင်းကြောင့်
ဘဝဆက်တိုင်း ရွှယ်ကာတမျှ
လွှန်ပြည့်ဝလျက် ချမ်းမြကြည်မွေ့
ဖြစ်ရလေပြီး မဂ္ဂင်ဖောင်ကြီး
မြိုင်မြိုင်စီး၍ သံသာကမ်းရပ်
ဆိုက်ကပ်ပါစေ တောင်းဆုခြွေမိ
တောင်းဆုဆန္ဒ ပြည့်စေသော်…။

**မျိုးဇော်ဦး**
**B.C.Sc**



**အမေ့သား**
B.C.Tech(DSA)

ဘေးတစ်ဖက်တစ်ချက်က ကမ်းပါးတွေက ကျပ်အရပ်နှစ်ပြန်စာလောက်ရှိနေပြီး သစ်ပင်ချုံနွယ်တွေကလည်း ထူထပ်အုပ်မိုးနေတော့ အလင်းရောင်ရှိနေသေးပေမယ့် လမ်းက မှောင်နေတယ်။ တော်ရုံတန်ရုံလူဆို သည်လိုအချိန်သည်လမ်းကို ဖြတ်ကူးဝံ့မှာ မဟုတ်တာ သေချာတယ်။ ကျုပ်ကတော့ ကျုပ်လက်ထဲ သည်လက်နက်ရောက်လာကတည်းက ဘယ်နေရာကိုပဲ သွားရသွားရ၊ ဘယ်အချိန်ပဲ သွားရသွားရ ကျုပ်မကြောက်တော့ဘူး။

-ရှူး-ရှူး-

-ကျွီ-ကျွီ-ကျွီ-

ညာဘက် ကမ်းပါးချုံထဲက အသံပေါင်းစုံထွက်လာတယ်။ ငှက်တွေကလည်း အိပ်တန်းဝင်ဖို့ လာကြတယ် ထင်ပါရဲ့။ ဆူညံနေတာပဲ။ ကျုပ်လက်ထဲ အသင့်ဆောင်ထားတဲ့လေးခွနဲ့ အသံလာရာ ချုံဆီကို ဘုတ်ခနဲ ပစ်လိုက်တယ်။ အသံအားလုံးငြိမ်ကျသွားတယ်။ အသံဆိုလို့ ကျုပ်ခြေသံပဲ ကြားရတော့တာ။ ကျုပ်ကိုအဲသည်လို အသံပေးပြီး လာခြောက်ကြည့်၊ ကျုပ်ဘယ်တော့မှ မကြောက်ဘူး။

"ဟာ အဘွားရာ ဒီအချိန်ကြီး ထင်းလာခွေရတယ်လို့၊ ပေးပေးကျုပ်သယ်ခဲ့မယ်"

ရွာနားက သရက်တန်းအရောက်မှာ ထင်းတစ်စည်းနဲ့ အဘွားစောရင်ကို တွေ့လိုက်တယ်။

"အေးကွယ် ဒီနား နီးနီးနားနားဆိုပြီး ညနေစောင်းမှ လာလိုက်တာ. . ။ နည်းနည်းမှောင်သွားတယ်။ ဒါနဲ့ ငါ့မြေးငုံးလေးဘာလေးရရင် အဘွားကို တစ်ကောင်လောက် ရောင်းပါဦးကွဲ့"

အဘွားစောရင်ဆီက လက်တစ်ပွေ့စာ ထင်းစည်းကို ကျုပ်ပခုံးပေါ် ပြောင်းထမ်းလိုက်တယ်။ အဘွားစောရင်က ရွာမြောက်ပိုင်းမှာ တစ်ယောက်တည်းနေတာ။ သူ့သားသမီးတွေက အိမ်ထောင်ကျလို့ အမွေခွဲပြီး အိုးကွဲအိမ်ကွဲဖြစ်တဲ့ အပြင် ရပ်တွေရွာတွေပါ အကွဲကွဲအပြားပြား ဖြစ်သွားကြတာ။ အခါကြီး ရက်ကြီးမှာ သူတို့အမေကို လာကန်တော့ကြတာကလွဲလို့ ကျန်တဲ့အချိန်တော့ ပေါ်လာတာ မတွေ့မိဘူး။ အဘွားစောရင်ကိုတော့ ဒီလိုပဲ ကြုံရာလူက ကူပြီး လုပ်ကိုင်ပေးကြပါတယ်။ အဘွားစောရင် ရေခပ်သွားတာတွေ့ရင် တွေ့တဲ့သူက ဝင်ခပ်ပေးလိုက်တာပဲ။ ဟင်းဆိုလည်း အိမ်နီးချင်းတွေက ဒီအိမ်က တစ်ခွက်၊ ဟိုအိမ်က တစ်ခွက်နဲ့ စားလို့ဖြစ်အောင် ပေးနေကြတာပါပဲ။ ဖျားတာနာတာရှိရင်လည်း ရွာထဲက ဆေးဆရာ ဦးမြို့နိုင်က ဆေးဖိုးဝါးခမယူဘဲ စေတနာပါပါ ကုပေးလိုက်တာပဲ။ အဘွားစောရင်က သားသမီးကံမကောင်းပေမယ့် ပတ်ဝန်းကျင်ကံတော့ ကောင်းတယ်ဆိုရမယ်။

"ဟားဟား အဘွားကံကောင်းတာပဲ" ဒီနေ့ ကျုပ် ငုံးနှစ်ကောင်ရခဲ့တယ်ဗျ။ အဘွားကို ကျုပ်ဘယ်တုန်းက ရောင်းလို့လဲဗျာ။ အဘွားစားချင်တယ်ဆိုရင် အလကားပေးမှာပေါ့။ ကျုပ်အမွေးနုတ် အရေဆုတ်ပြီးတာနဲ့ အဘွားကို တစ်ကောင်လာပေးလိုက်မယ်။ ဒီတိုင်းပေးလိုက်ရင် အဘွားမလုပ်တတ် မကိုင်တတ် ဖြစ်နေမှာစိုးလို့လေ"

"သာဓု သာဓု သာဓုပါကွယ်"

စကားတပြောပြောနဲ့ လျှောက်လာလိုက်တာ ရွာတံခါးတောင် ရောက်လာပြီ။

"ကျုပ်စပါးခင်းလည်း ကြွက်တွေသောင်းကျန်းထားတာ ရစရာကို မရှိပါဘူးဗျာ။ ဆေးချလည်း မနိုင်ဘူး ဗျို့"

"ဟုတ်တယ်ဗျာ။ ဒီနှစ် မိုးလေးကောင်းလို့ စပါးလေး ရပြီတွက်တာ ကြွက်စာဖြစ်နေပြန်တယ်။ ကျုပ်တို့တောင်သူဘဝကလည်း အဆင်ပြေတဲ့နှစ်ရယ်လို့ကို မရှိပါဘူးဗျာ။ မိုးမကောင်းတော့ မိုးကိုမျှော်ရ၊ ဟော မိုးလေးကောင်းပြန်တော့လည်း ဖျက်ဆီးမယ့်သတ္တဝါတွေက ပေါ်လာပြန်ရော။ ဘယ်တော့များမှ အဆင်ပြေမလဲ မသိဘူးဗျို့"

အဘွားစောရင်အိမ်မှာ ထင်းစည်းချခဲ့ပြီး ပြန်အလာ၊ ဦးဘမောင်တို့အိမ်ဘက်က ညည်းညူပြောထွက်လာတဲ့ စကားသံတွေက ကျုပ်အတွက်တော့ ငွေဝင်ပေါက်ပဲ။ ညစာစားပြီးတာနဲ့ အောင်နက်ကြီးကိုခေါ်ပြီး လေးခွတစ်လက်၊ ခါတ်မီးတစ်လက်နဲ့ အဲသည်လယ်ကွက်ကို ကြွက်ပစ်သွားရဦးမယ်။

ညက ကြွက်ပစ်က ပြန်လာတာ နောက်ကျတော့ အိပ်ရေးသိပ်မဝချင်ဘူး။ အိပ်ရေးမဝတော့ အလုပ်လုပ်ရတာ စိတ်မပါဘဲ ငြီးငွေ့ငွေ့ဖြစ်နေတယ်။ နွားစာရိတ်တာကို မနည်းသတိထားပြီး ရိတ်နေရတယ်။ နေလေးအတော်ပွင့်လာမှ နည်းနည်းလန်းလန်းဆန်းဆန်းလေး ဖြစ်လာတော့တာ။ လန်းလာတာနဲ့ ကျုပ်ဗီဇတွေ နိုးကြွလာတော့တာပဲ။ ကျုပ်ရိတ်နေတဲ့ မြက်တောထဲကနေ "ဖလူး၊ ဖလူး" နဲ့ ထပြန်သွားတဲ့ ငုံးဝါမတွေကို ကျုပ်လေးခွနဲ့ လိုက်ပစ်ချင်လာမိတယ်။ အဖေဆူမှာစိုးလို့သာ စိတ်ကိုမနည်းထိန်းထားရတာ။ အဖေက အလုပ်လုပ်နေတုန်း ငှက်လိုက်ပစ်တာတို့၊ ကြွက်လိုက်ပစ်တာတို့ ကြိုက်တာမဟုတ်ဘူး။

"လူလေးရေ နွားနီကြီးကို နေရာရွှေ့ချည်လိုက်ပါဦး"

ကျုပ်စောင့်နေတဲ့ ခွင်ကို တွေ့ပြီလေ။ နွားနီကို ချည်ထားတဲ့နေရာက ယာခင်းနှစ်ခင်းကျော်မှာ၊ တည့်တည့်သွားရင် ခဏပဲ။ ဒါပေမယ့် ကျုပ်က တည့်တည့်မသွားဘူးလေ။ ဆီးပင်တွေ၊ သပွတ်ပင်တွေ ရှိတဲ့နေရာကနေ ကွေ့ဝိုက်ပြီးသွားတာ။ ဒါမှ ငှက်တွေ၊ ကြွက်တွေ ပစ်လို့ရမှာကိုး။ ကျုပ်ခြေထောက်နားကနေ ငုံးဝါမတစ်ကောင် ထပြန်သွားပြီး တစ်ကိုက်လောက်အကွာကျ မြေပြင်မှာ ပြန်နားတယ်။ ငုံးဝါမနားတဲ့နေရာကို ကျုပ်မျက်ခြည်မပြတ်ကြည့်ပြီး လျှောက်လာလိုက်တယ်။ ငုံးဝါမက တချွတ်ချွတ်နဲ့ ပြေးနေပြီး မြက်ဖုတ်ကလေးတစ်ခုအနားရောက်တော့ မပြေးတော့ဘဲ ငြိမ်ကျသွားတယ်။ ကျုပ်လေးခွနဲ့ သေချာချိန်ပြီး ပစ်မယ်အလုပ် "ဖလူး" ဆိုပြီး ထပြန်သွားတယ်။

"တောက်"

ကျုပ်မကျေမနပ်နဲ့ ဆက်လျှောက်လာလိုက်တယ်။ ဆီးပင်တစ်ပင်အောက်ရောက်တော့ ကြွက်သိုက်တွေ၊ ရှဉ့်သိုက်တွေများ ရှိမလားဆိုပြီး ကျုပ်မော့ကြည့်မိတယ်။ အသိုက်တစ်ခုကိုတော့ တွေ့လိုက်တယ်။ ကြွက်သိုက်လား၊ ရှဉ့်သိုက်လား မသဲကွဲဘူး။ အသိုက်က အတော်လေး ဟောင်းနွမ်းနေတော့ ကြွက်တွေ၊ ရှဉ့်တွေတော့ ရှိဟန်မတူပါဘူး။ ဒါပေမယ့်လည်း လက်တည့်စမ်းတဲ့အနေနဲ့ ခဲသေးသေးတစ်လုံးကောက်ပြီး လေးခွထဲထည့် ပစ်လွှတ်လိုက်တယ်။

"ဟာ ရှဉ့်ကြီးဟ"

အသိုက်ထဲက ထွက်လာတဲ့ ရှဉ့်ဟာ သွက်သွက်လက်လက်နဲ့ ဝေးဝေးလံလံကို ပြေးသွားခြင်းမရှိဘူး။ အသိုက်ဘေးက ကိုင်းဖျားလေးမှာ ပုန်းနေတယ်။ ရှဉ့်ဆိုတဲ့အမျိုးက အသိုက်ကိုပစ်လိုက်တာနဲ့ လျင်လျင်မြန်မြန် ပြေးထွက်ပြီး ချုံထဲကို ခုန်ရင်ခုန်ချ၊ မခုန်ချရင် အနီးအနားက သစ်ပင်ကို ခုန်ကူးသွားတတ်တာမျိုး။ အခု သည်ရှဉ့်က အဲသည်လို မဟုတ်၊ အသိုက်ထဲက ထွက်တယ်ဆိုရုံလေး ထွက်ပြီး ငြိမ်နေတာ။ ကျုပ်အသိုက်ကို ပစ်လိုက်ကတည်းက များ ရှဉ့်ကိုထိသွားသလား။ ထိသွားတယ်ထားဦး၊ သည်လောက်ဒဏ်ရာမပြင်းနိုင်။ ဒါဆိုရင် သည်ရှဉ့်က အရင်ကတည်းက ဒဏ်ရာရထားလို့ မပြေးနိုင်တာများလား။

ကျုပ် ရှဉ့်ကို ပစ်ဖို့ချိန်လိုက်တယ်။ ရှဉ့်က တခြားတစ်ဖက်ကို တရွေ့ရွေ့နဲ့ ပြောင်းသွားတယ်။ ပြောင်းသွားတဲ့ဘက်ကနေ ပစ်မယ်ကြံတော့ တခြားတစ်ဖက်ကို ပြောင်းသွားပြန်ရော။ နှစ်ယောက်လောက် ညှပ်ပစ်လိုက်ရင်တော့ သည်ရှဉ့်ရနေပြီလို့ ကျုပ်တွေးလိုက်တယ်။ ကျုပ်ပစ်ကွင်းမသာတာနဲ့ ချုံထဲကို ခုန်ချဟန်ဖြစ်နေတဲ့ ရှဉ့်ရဲ့ ရှေ့တည့်တည့်ကို(ခြောက်လိုက်တဲ့သဘော) တစ်ချက်ပစ်လိုက်တယ်။ ရှဉ့်ကတခြား ဆီးကိုင်းကို ပြောင်းသွားပြီး အသိုက်ဘက်ကို ခေါင်းလှည့်သွားတယ်။ အခု ရှဉ့်ရောက်နေတဲ့ ဆီးကိုင်းက နည်းနည်းသေးတော့ ပစ်ကွင်းသာသွားတယ်။ ကျုပ်လေးခွနဲ့ချိန်ပြီး ပစ်လိုက်တယ်။ ဘုတ်ခနဲ မြည်သံနဲ့အတူ ရှဉ့်လည်း မြေပြင်ပေါ် ကျလာတယ်။ ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ ရှဉ့်ကို လည်ပင်းတစ်ချက်ညှစ်ပြီး ကိုင်ပေါက်လိုက်တယ်။ တစ်ခါတည်း ငြိမ်ကျသွားတဲ့ ရှဉ့်ကို ကျုပ်ကောက်ကိုင်ပြီးကြည့်လိုက်တော့ ရှဉ့်က ရှဉ့်အမ၊ အစားတွေလည်း တော်တော်စားထားဟန်တူတယ်။ ဗိုက်ကို ကယ်လို့။ နောက်ခြေထောက်နားကို ကြည့်လိုက်တော့ လေးခွမှန်ထားဟန် ပျောက်လုလုဒဏ်ရာတစ်ခုကို တွေ့လိုက်ရတယ်။ အော် ဒါကြောင့် သည်ရှဉ့်က ဝေးဝေးလံလံ မပြေးတာကိုး။

"ဟားဟား" ဒီနေ့တော့ ရှဉ့်သားလေးနဲ့ ထမင်းမြိန်ဦးမယ်ဟေ့. . -

အိမ်ကို ရောက်တော့ ရှဉ့်ကို အရေဆုတ်လိုက်တယ်။ နားရွက်အလယ်ကို ဓားလေးနဲ့လှီးပြီး အရေဆုတ်လိုက်တာ ခဏလေးနဲ့ ပြီးသွားတယ်။ အရေဆုတ်ပြီးတော့ ခြေထောက်တွေဖြတ်၊ လက်တွေဖြတ်၊ အမြီးတွေ ဖြတ်လိုက်တယ်။ ဗိုက်ကိုခွဲပြီး အူတွေကိုထုတ်လိုက်တော့ ကျုပ်မခံစားဖူးတဲ့ ဝေဒနာတစ်ခုကို ခံစားလိုက်ရတယ်။ ကျုပ်လေ ကျုပ်ကြွက်တွေအများကြီးလည်း အရေဆုတ်၊ ဗိုက်ခွဲ၊ အူထုတ်ဖူးတယ်။ ရှဉ့်တွေအများကြီးလည်း အရေဆုတ်၊ ဗိုက်ခွဲ၊ အူထုတ်ဖူးတာပဲ။ ငှက်တွေအများကြီးလည်း အမွေးနုတ်၊ ဗိုက်ခွဲ၊ အူထုတ်ဖူးတာပဲ။ အခုလို တစ်ခါမှ မဖြစ်ဖူးဘူး။

ကျုပ်လေ ကျုပ်လက်ထဲမှာ ပါလာတဲ့ အူတွေကို ကြည့်ပြီး အသားတွေ တဆတ်ဆတ် တုန်လာတယ်။ ကြက်သီးမွေးညင်းတွေလည်း ထလာတယ်။ အသက်ရှူနှုန်းတွေ မြန်လာသယောင် အော်ဟစ်ပြီးတော့လည်း ငိုပစ်လိုက်ချင်တယ်။ လက်ထဲမှာ ပါလာတဲ့ အချွဲအပြစ်တွေကြားက အသက်မရှိသေးတဲ့ နီတာရဲ ရှဉ့်ပေါက်ကလေးဟာ မျက်လုံးတွေ ဖွင့်မနေသည့်တိုင် ကျုပ်ကို အငြိုးကြီးစွာ ကြည့်နေသလိုပဲ။ ကျုပ် တစ်ခါမှမခံစားဖူးတဲ့ ထိတ်လန့်မှုတစ်ခုကို ခံစားလိုက်ရတယ်။ လက်ထဲက ရှဉ့်ပေါက်ကလေးကို မျက်လုံးကြီးပြူးကာ ကြည့်နေရင်းက ကျုပ်မကြည့်ရဲတော့။ တုန်တုန်ရင်ရင်နဲ့ ရှေ့တည့်တည့်က နွားချေးကန်ထဲကို ပစ်လွှတ်လိုက်တယ်။ အရေဆုတ်ထားတဲ့ ရှဉ့်မကြီးကိုလည်း ကျုပ်ပစ်ချလိုက်တယ်။ သွေးတွေရဲရဲနီနေတဲ့ ဓားကိုကောက်ကိုင်လိုက်ပြီး အိမ်အောက်ကို ပြေးဝင်၊ လွယ်အိတ်ထဲကလေးခွကို ဆွဲထုတ်လိုက်ပြီး ဓားနဲ့ အားရပါးရ ခုတ်ပစ်လိုက်မိတယ်။ လက်တွေကတဆတ်ဆတ်တုန်နေဆဲ။

ကျုပ်လေ ရှဉ့်တွေကို ရှဉ့်လောကထဲ လာခွင့်မပေးတာ ဘယ်နှကောင်များ ရှိနေပြီလဲ။

ကြွက်တွေကို ကြွက်လောကထဲ လာခွင့်မပေးတာ ဘယ်နှကောင်များ ရှိနေပြီလဲ။

ငှက်တွေကို ငှက်လောကထဲလာခွင့်မပေးတာ ဘယ်နှကောင်များ ရှိနေပြီလဲ။

သူတို့လေးတွေရဲ့ မိခင်တွေကိုရော၊ သူတို့လေးတွေရဲ့ ဖခင်တွေကိုရော ကျုပ်လက်နဲ့၊ ကျုပ်လေးခွနဲ့။

တွေးရင်းတွေးရင်း ကျုပ်ခေါင်းတွေ မူးလာသလို ခံစားရတယ်။ သွေးတွေနီရဲနေတဲ့ လက်ကိုရေနဲ့ အမြန်ဆေးကြောလိုက်ပြီး လက်သုတ်ဖို့ လက်သုတ်ဝတ်ကို ယူလိုက်တော့ ခုတင်ပေါ်မှာ အဖေဖတ်ပြီးထားခဲ့တဲ့ သတင်းစာရဲ့ စာမျက်နှာခေါင်းစဉ်က-

". . . နေရာမှ စွန့်ပစ်ကလေးငယ်တစ်ဦးအား တွေ့ရှိ"

"တောက် တော်တော်ရက်စက်တဲ့ လူတွေပါလား။ ကိုယ်ချင်းစာတရား ခေါင်းပါးလိုက်တာ။"

သည်စကားကို ရေရွတ်ပြီးမှ ကျုပ်ကိုကျုပ် ရှက်မိတယ်။ ကျုပ်ဟာသည်စကားကို ရေရွတ်ထိုက်တဲ့ လူတစ်ယောက်ရဲ့ ကျင့်ဝတ်နဲ့ ညီခဲ့ရဲ့လား။ ဟုတ်တယ်။ ကျုပ်ဟာ သည်စကားကို ရေရွတ်ထိုက်တဲ့ လူတစ်ယောက် မဟုတ်ဘူး။ ဒါပေမယ့် ကျုပ်သည်စကားကို ရေရွတ်ထိုက်တဲ့ လူတစ်ယောက်ဖြစ်အောင် ကြိုးစားတော့မယ်။ သည်နေ့ကစပြီး၊ အခုချိန်ကစပြီး နီတာရဲ ရှဉ့်ပေါက်ကလေးကို တွေ့လိုက်တဲ့ အချိန်ကစပြီး. . . . ။ ။

## ကျောင်းသားဆိုတာ ဒို့ပြည်အားမို့

ကျေးငှက်လေးတွေ တွန်သံကျူးတော့
နံနက်ခင်းလေး သာလှတယ်။
မောင်ငယ်လေးရေ အိပ်ရာထစို့
ကျောင်းသွားဖို့ကို ပြင်ကြမယ်။
ကျောင်းချိန်မှန်ကာ စာကြိုးစားတော့
ဆရာမိဘ ချစ်ကြတယ်။
မိဘဆရာ ဦးထိပ်ထားလို့
ကိုယ့်ထက်ကြီးသူ ရိုသေမယ်။
ကိုယ့်အောက်ငယ်သူ စဉ်သနားပေါ့
ညာတာစိတ်လည်း မွေးရမယ်။
ကျောင်းသားကျောင်းသူ ရန်မများဘဲ
စည်းလုံးချစ်ခင် ရှိကြမယ်။
ကျောင်းသားဆိုတာ ဒို့ပြည်အားမို့
စံပြဖြစ်အောင် ကြိုးစားမယ်။
ကြိုးစားကွယ် ကြိုးစားမယ်။

**သူရိန် (ထောက်ကြန့်)**
ဒဿနိကဗေဒ။

## တပို့တွဲလ

ငွေနှင်းရည် မြေမှာကြဲပါလို့
လတပို့တွဲ အခါမည်။
ဟိုပင်ယံ ပေါက်လဲပန်းတို့
တင့်ဆန်းစီရရီ။
ကုံရာသီ
နက္ခတ်ညီ မာဃ။
မျိုးမြန်မာ
မချို့ရှိုးရာ ထမနဲပွဲကိုလ
နွဲပြိုင်ဆိုင် အရက်အထူးမှာတော့
ကောက်ဦးဒါန။ ။

**မောင်ဉယျာဉ်(အရှေ့ပြင်)**

# စည်းကမ်းနှင့်စနစ်၏ နောက်ကွယ်

**နိုင်ထာဝရ (စိတ်ပညာ)**

နွေရာသီ. . . အားလပ်ရက်. . .

အဘွားရှိရာ မြို့ငယ်လေးဆီသို့ ကားလေးနဲ့ခရီးထွက်ခဲ့ကြတယ်။ ကားပေါ်မှာ သားငယ်လေးက သူ့အမေကို "မေမေ သားဘွားဘွားကို တအားချစ်တာပဲ၊ တအားလည်းတွေ့ချင်နေပြီ"တဲ့လေ။

ဒီလိုနဲ့ အဘွားအိမ်လေးကိုရောက်တော့ သားက အဘွားကိုနမ်း အဘွားကသားကိုနမ်းနဲ့ပေါ့။

သားက အပေါ့သွားမလို့ အိမ်သာထဲကို ပြေးဝင်သွားတယ်။ ပြန်ထွက်လာတော့ ကြမ်းပြင်ပေါ် လှဲအိပ်လိုက်တယ်။ အိပ်ရာကနိုးလာတော့ သူ့အမေဆီက လက်ကိုင်ဖုန်းကိုတောင်း ဂိမ်းကစားနဲ့ အပျော်ကြီးပျော်နေတော့တာပဲ။ အဲဒီ သားငယ်လေးရဲ့ လှုပ်ရှားမှုတွေအားလုံးကို လိုက်ကြည့်နေသူက သူ့ရဲ့ချစ်လှစွာသော အဘွားပါပဲ။

ညနေပိုင်းကို ရောက်လာချိန်မှာတော့ အဘွားက သားငယ်လေးဘေးနားကိုကပ်ပြီး သားသား ဘွားဘွားတို့အိမ်မှာ အိမ်သာသွားပြီး ပြန်ထွက်လာတဲ့အခါ လက်ကိုဆပ်ပြာနဲ့ ဆေးကြောရတယ်။ မနက်ဆို အစောကြီးထဖို့အတွက် ညဆို အစောကြီးအိပ်ရာဝင်ရတယ်။ ဘုရားဝတ်ပြုရတယ်။ ကလေးတွေဟာဂိမ်းမကစားရဘူး။ မျက်လုံးပျက်တတ်တယ် အစရှိတဲ့ သူ့အိမ်ရဲ့စနစ်နှင့် စည်းကမ်းတွေကို ချပြပါတော့တယ်။

ပြီးတော့ ငယ်ငယ်တုန်းက သူ့ဘဝအတွေ့အကြုံကို ပြောပြသေးတယ်။ ဒီမှာ ငါ့သား ဘွားဘွားငယ်ငယ်တုန်းက ဘွားဘွားရဲ့မောင် သားဘိုးဘိုးလေးဟာ လူ့ဘဝရဲ့လောကဓံ အနည်းငယ်နဲ့ ရင်ဆိုင်ရတဲ့အခါ လောကီကိုစွန့်ခွာပြီး ဘုန်းကြီးဝတ်ဖို့ ကြိုးစားခဲ့ဖူးတယ်။ သူထင်တာ ဘုန်းကြီးဘဝဟာ လောကီလူသားတွေထက် အေးဆေးလွယ်ကူလိမ့်မယ်လို့ သူထင်တာကိုး။ မကြာပါဘူး။ ဘုန်းကြီးဝတ်ပြီး သုံးရက်မြောက်နေ့မှာပဲ လူဝတ်လဲပြေးတော့တာပါပဲ။

ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားရဲ့စနစ်၊ စည်းကမ်းတွေကို သူမလိုက်နာနိုင်လို့ပါပဲ။ သူဝတ်တဲ့ဘုန်းကြီးကျောင်းက မနက် ၃ နာရီခွဲ အိပ်ရာက ထရတယ်။ ပြီးတော့ တစ်နာရီ တရားထိုင်၊ နောက်အရုဏ်ဆွမ်းစား၊ စားပြီးတာနဲ့ ကျောင်းပရိဝုဏ် သန့်ရှင်းရေးလုပ်ပြီးတော့ ကိုယ်လက်သန့်စင်ပြီး ဆွမ်းခံကြွနေ့လယ်ဆွမ်းစား၊ တစ်နာရီနားပြီးတာနဲ့ တရားတစ်နာရီခြားထိုင်၊ ညနေမှာဝတ်တက်၊ ည ၇ နာရီမှာ တရားနာ တရားထိုင်နဲ့ နေ့စဉ်လုပ်လိုက်တာ၊ သက်န်းတောင်မနိုင်ဘူး တစ်ချိုးတည်းပြေးတော့တာပဲသားရေ။

သူထင်တာ လောကုတ္တရာဆိုတာ အလကားနေပြီး နိဗ္ဗာန်ချမ်းသာကို ရမယ်လို့ သူထင်ခဲ့တာကိုး။ မြတ်ဗုဒ္ဓဟောခဲ့တာက ငါဘုရားရဲ့သားတော်တွေဟာ သာသနာပြုပြီဆိုတာနဲ့ ပရိယတ်မလုပ်ရင် ပဋိပတ်တစ်ခုခုတော့ အားထုတ်နေရမှာ သာသနာ အဓွန့်ရှည်တည်တံ့အောင်အတွက်လည်း ဝိနည်းသိက္ခာတွေပြဋ္ဌာန်းခဲ့တယ်လေ။

ဒီအချိန်မှာပဲ အဘွားက ငါ့သား စနစ်နဲ့ စည်းကမ်းကို တကယ်လိုက်နာတဲ့သူဟာ အစပထမပိုင်းမှာသာ ပင်ပန်းတယ်လို့ ထင်ရပေမယ့် ဘဝမှာ အန္တရာယ် အနည်းငယ်နဲ့ပဲ ရင်ဆိုင်ရတယ်။ တိုးတက်ကြီးပွား ချမ်းသာစေပြီး လူ့ဘဝမှာ မျက်နှာမငယ်ရဘူး ငါ့သားလို့ပြောပြီး စကားကို အဆုံးသတ်လိုက်တယ်။

အဘွား စကားဆုံးသွားတဲ့ အချိန်မှာတော့ ကျွန်တော့်သားငယ်လေးဟာ နှုတ်ဆိတ်စွာနဲ့ တစ်နေရာကို ငေးကြည့်နေလေရဲ့။ ပြီးတော့ သူ့အမေဘက်လှည့်ပြီး အမေ သားတို့အိမ်ပြန် ကြရအောင်လို့ တိုးတိုးလေးပြောလိုက်သံကို ကြားလိုက်မိတယ်။ တစ်လမ်းလုံး အဘွားကို ချစ်တယ် ချစ်တယ် ပြောလာတဲ့သား အဘွားရဲ့ စနစ်နှင့် စည်းကမ်း အင်ထရိုမှာတင် ထွက်ပြေးချင်နေပါပြီ။

ကျွန်တော်လည်း သားငယ်ရဲ့ အဖြစ်ကိုကြည့်ပြီး လူသားတွေဟာ လွတ်လပ်မှုကို ကြိုက်တယ်။ ဒါပေမယ့် လွတ်လပ်မှုရဲ့ နောက်ဆက်တွဲ တာဝန်ယူမှု တာဝန်ခံမှု စည်းကမ်းစနစ်တွေ လိုက်နာမှုကိုတော့ ကြောက်တတ်ကြတယ်လို့ မြင်မိတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော်ငယ်စဉ်တုန်းက အဖြစ်အပျက်လေးတောင် သတိရလိုက်မိသေးတယ်။ မိဘတွေ ခရီးသွားမယ်ဆိုတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် သိပ်ပျော်ခဲ့ကြတယ်။ မိဘတွေအိမ်မှာမရှိရင် လွတ်လပ်ပြီပေါ့။ ဒါပေမယ့် တစ်ရက်၊ နှစ်ရက်ကြာတဲ့အခါမှာ အိမ်တစ်အိမ်ရဲ့ တာဝန်တွေဖြစ်တဲ့ သန့်ရှင်းရေးတွေ၊ အိမ်ရဲ့ လုံခြုံမှုတွေ၊ နေရေးထိုင်ရေး၊ စားသောက်မှုတွေအားလုံး ကိုယ်ကိုယ်တိုင် တာဝန်ယူလာရတဲ့ အခါမှာတော့ လွတ်လပ်မှုရဲ့ နောက်ကွယ်မှာ တာဝန်ယူမှု တာဝန်ခံမှု အပိုင်းတွေပါ ခံစားမိလာတယ်။ နောက်ခရီးသွားနေတဲ့ မိဘတွေကို သတိရမိလာတယ်လေ. . . .

ကဲ သားရေ စည်းကမ်းဆိုတာ ချုပ်ချယ်တာ မဟုတ်ဘူး။ လူတွေရဲ့ဘဝတွေမြင့်မားအောင်၊ အဖိုးတန်ပုဂ္ဂိုလ်တွေဖြစ်လာအောင်၊ အမှိုက်ထဲပါ မသွားရအောင် အလှတန်ဆာဆင်ပေးတာပါ ငါ့သားရယ်လို့ ယောဆရာတော်ကြီးရဲ့စကားနဲ့ ဆုံးမရင်း အိမ်အပြန်လမ်းခရီးဆီသို့. . .။

❑❑❑

# သင်မသိသော သူ့ရဲ့နောက်ကွယ်

**နိုဗာ**

B.C.Sc(Hons).Q

ရထားပေါ်မှာဖြစ်တယ်။ (၂၄) နှစ်အရွယ်ကောင်လေး တစ်ယောက်က ပြတင်းပေါက်ကိုကြည့်နေရင်းမှ အော်ပြောလိုက်တယ်။

"ဖေဖေ သစ်ပင်တွေကို ကြည့်ပါဦး။ သူတို့က သားတို့နောက်မှာ ကျန်ခဲ့တယ်နော်"

ဖခင်ဖြစ်သူက ပြုံးနေပေမယ့် သူတို့သားအဖဘေးမှာ ကပ်လျက်ထိုင်နေသူ စုံတွဲတစ်တွဲကတော့ ကောင်လေးကို စိတ်ပျက်စရာကောင်းသလို မျက်နှာပေးနဲ့ ရှုံ့ကာမဲ့ကာ ကြည့်နေကြတယ်။ ရုတ်တရက် ကောင်လေးက ထပ်ပြီး အံ့သြတကြီး ပြောပြန်တယ်။

"ဖေဖေ တိမ်တွေကလည်း သားတို့နဲ့အတူတူ လိုက်ပြေးနေကြတယ် ကြည့်ပါဦး၊ ပျော်စရာကြီးနော် ဖေဖေ"

ဒီတစ်ခါတော့ ကပ်လျက်ထိုင်ခုံမှစုံတွဲက ဟန်တောင် မဆောင်နိုင်တော့ဘဲ ကောင်လေးရဲ့ဖခင်ကို ပြောလိုက်တယ်။

"ခင်ဗျားသားကို ဆရာဝန်နဲ့မကုပေးဘူးလား"

ကောင်လေးရဲ့ဖခင်ကြီးက စိတ်မဆိုးတဲ့အပြင် ပြုံး၍ပင် ပြန်ပြောလိုက်တယ်။ ဂုဏ်ယူကျေနပ်နေတဲ့ အပြုံးမျိုးနဲ့ပေါ့ ။

"ကျွန်တော်တို့ ကုသပြီးပါပြီ။ ခုပဲ ဆေးရုံက ပြန်လာခဲ့တာ။ တကယ်တော့ ကျွန်တော့်သားက မျက်မမြင်အဖြစ် မွေးဖွားလာခဲ့တာလေ။ ခုမှ အလှူရှင်ရှိလို့ သူ မျက်စိအလင်း ရလာတာပါ။ လောကရဲ့အမှောင်တကာ့အမှောင် ဆုံးထဲမှာ အမြင်အာရုံအလင်းမရတာက အမှောင်မိုက်ဆုံးပဲ မဟုတ်လား"တဲ့။

ဟုတ်ကဲ့။ ကမ္ဘာပေါ်က သက်ရှိသတ္တဝါတိုင်းမှာ သူတို့ရဲ့ ကိုယ်ပိုင်ပြဿနာလေးတွေ၊ ကိုယ်ပိုင်ခံစားချက်တွေ၊ ကိုယ်ပိုင်ဇာတ်လမ်းလေးတွေ၊ ကိုယ်ပိုင်သုခ၊ ဒုက္ခတွေ ရှိတတ်ကြပါတယ်။

မိမိဘဝ၊ မိမိဖြစ်ရပ်တွေနဲ့ပဲနှိုင်းယှဉ်ပြီး တစ်ပါးသူကို ထင်ကြေးပေးဆုံးဖြတ်ပြစ်တင်တာဟာ တရားမျှတမှုမရှိပါဘူး။ ဆိုရိုးစကားလေးတစ်ခုတောင် ရှိပါသေးတယ်။

"ငါ စီးတဲ့ဖိနပ်ကို စီး၊
ငါလျှောက်တဲ့လမ်းကို လျှောက်ပြီး
ခု ငါရပ်နေတဲ့ နေရာကိုရောက်မှ
မင်း ငါ့ကို ဝေဖန်ပါ"တဲ့

ဟုတ်တယ်။ လောကမှာ ထင်ကြေးတစ်ခုထက် လက်တွေ့သိလာရတဲ့ အမှန်တရားဟာ လူသားတို့ကို တုန်လှုပ်စေတတ်မြဲပါလေ။

တစ်ခါတစ်ရံ ခါးခါးသီးသီး၊ တစ်ခါတစ်ရံ နွေးနွေးထွေးထွေး၊ တစ်ခါတစ်ရံ နက်နက်ရှိုင်းရှိုင်း၊ တစ်ခါတစ်ရံ နင့်နင့်သီးသီး၊ တစ်ခါတစ်ရံတော့ သာယာချိုမြိန်စွာနဲ့ပေါ့။ လူသားအားလုံး တစ်ဦးကိုတစ်ဦး စာနာနားလည်နိုင်ကြပါစေရန် ရည်ရွယ်လျက်။

■■■

## နွေဦးအလွမ်း

သစ်ရွက်တို့ကြွေ ဂိမှာန်နွေမှာ
အသော့ရောက်လာ ငှက်ညီပြာတို့
ဥသြ. . . တွန်ကြူး ခါနွေဦးကို
ခွန်းခြွေဆက်သ လွမ်းသံပြလျက်
မခိုင်စိတ်ဝမ်း ထပ်ဆင့်လွမ်းအောင်
မောင့်အားကြုံဆောင် လေပြီတကား။
ဟိုတုန်းဆီက နွေကာလမှာ
ချစ်ရည်တွေလူး အချစ်ဦးနဲ့
မြူးပျော်စဉ်က ဘဝင်ကျ၍
နှစ်ဦးရဲ့ရင် ကြည်နူးရွှင်လည်း
ခွဲဖို့တို့ကံ၊ ကြမ္မာဖန်ပြီ
အလွမ်းဖြေဆည် လေပြီတကား။
သူပြောတယ်လေ ရော်ဝါနွေမှာ
မောင့်ပခုံးထက် မှေးခိုစက်လျက်
မောင့်မျက်နှာဝန်း လပြည့်ဝန်းကို
အစဉ်မေတွေး ဆယ်ကမ္ဘာဝေးလည်း
အတွေးမပျက် ဆွေးမြဲလျက်ကွယ်
ဆယ်ကမ္ဘာတိုင်တည် ချစ်နေမည်တဲ့။
ပြောရင်းနဲ့ငို မောင့်လွမ်းပိုမှာ
ပါးပြင်နန မျက်ရည်ဥတို့
စုဝေးကြွေကျ လွမ်းသောကကြောင့်
မောင့်ပခုံးထက် မျက်ရည်စက်တို့
ရွှဲစိုခဲ့ပေ ပင်လယ်ရေသို့
နွေဦးခါက ကြွေဖူးခဲ့ပြီ။
သစ္စာဆိုထား မေ့စကားကြောင့်
ခုတော့မောင့်မှာ ယောင်လည်စွာနှင့်
မေပြန်လမ်းလေး တမ်းတငေးရင်း
ဆွေးကမ္ဘာမှာ တွေးဗလာနှင့်
ရင်လာရိုက်ခတ် နွေတံလျှပ်ကြောင့်
မောင့်စိတ် ပူလောင်နွမ်းလျပြီတကား။
ဥသြ. . . ဥသြ. . . သံချိုနောတဲ့
ဥသြငှက်ငယ် ညိုပြာရယ်လေ. . .
သင်တည်းတစ်ယောက် ပင်ထီးခြောက်မှာ
ပိတောက်ဝါကို မျှော်ရှာရော့ထင့်။
မောင့်မှာတစ်ယောက် ချစ်သူပျောက်ကို
နွေကန္တာလယ် ဖွေရှာမလွယ်လည်း
မောင့်လွမ်းဆင့်သံ ချစ်သူထံကို
နွေကြိုဥသြ ကူကာပြောမှ
မောင်လွမ်းသည့်စိတ် ဖြေကာသိမ့်မည်။ ။

**ကန့်ညီနောင်ရွှေဗျိုင်း(လယ်တွင်းသား)**
ပထမနှစ်(မြန်မာစာ)၊ ပဲခူးတက္ကသိုလ်(အဝေးသင်)

## နွေပိတောက်

နွေအဝင် ရွှေအဆင်နဲ့ပိတောက်။
ခြေဆင်းရယ် လက်သာခင်း
ဟိုသည်ကူးလျှောက်။
နွေဒေါမာန်ဘယ်ပင်ဆူသော်လည်း
သူ့ရနံ့မွှေးကြူ
သွေးမဆူတဲ့ ပိတောက်။
သူ့သရေ စည်ဝေတိုး
ဂုဏ်လျှံဖြိုးမောက်။
ပိတောက်ရဲ့သစ္စာ
တစ်နှစ်တစ်ခါ မှန်စွာရောက်ပါလို့
ချိန်ခါမီ ရင်ကိုအေးတယ်
သြော် . . . တကယ့်တကယ်တော့
နွေပိတောက် နေမကြောက်ဘဲ
မြေခြောက်လမ်းမှာ ပွင့်ရဲသူ။ ။

**ပိုင်(ဆေး-၁)**
နောက်ဆုံးနှစ်အပိုင်း(ခ)ဆေးတက္ကသိုလ်-၁၊ ရန်ကုန်။

## မေတ္တာစစ်တို့ ဖူးပွင့်ရာ

တောင်မြင်းမိုရ်ထု ပမာပြု၍
နှိုင်းတုမေတ္တာ ကရုဏာဖြင့်
ဘယ်ခါမပြောင်း မတိမ်းစောင်းဘဲ
ဟောင်းကာမသွား
အလွှာခြားခြင်းများစွာကင်း၍
သိမ်ဖျင်းမရှိ ပကတိသာ
စစ်မှန်ရာသည်
မေတ္တာစစ်တို့ ဖူးပွင့်ရာ။
မိဘရင်ခွင် ပန်းဥယျာဉ်က
အစဉ်ပွင့်လန်း မေတ္တာပန်းသည်
နွမ်းကာမကြွေ ကမ္ဘာမြေမှာ
မေတ္တာစစ်တို့ ဖူးပွင့်ရာ။
တုပမရှိ အားလုံးသိကြ
မိဘမေတ္တာ ရင်ခွင်ဟာဖြင့်
ကမ္ဘာမြေတွင် ထာဝစဉ်သာ
မေတ္တာစစ်တို့ ဖူးပွင့်ရာ။

**မြင့်စည်သူမြိုင်**
B.A(Myanmar)၊ ပြည်တက္ကသိုလ်။

## အနှိုင်းမဲ့ရောင်စဉ်

သူ့ရှိန်နေမင်း ရောင်ဝါလင်းကား
နေ့များမှာသာ ပေးနိုင်ရာ၍
ညခါသို့ဆင်း အမှောင်သွင်းသော်
နေမင်းလင်းအား ကောင်းသော်ငြားလည်း
တည်ထားမှောင်ထု မခွင်းပြုနိုင်
သူ့ရှိအလင်း ကွယ်ပဆင်း၏။
ရောင်ဝါကွန့်မြူး လရောင်ဖြူးလည်း
ပွင့်ဖူးနေခြည် နေ့သစ်တည်က
တွယ်မှီညမှာ ထွန်းပသာသည့်
ရောင်းပြာလမင်း အလုကင်း၏။
ဆီမီးရောင်ဝါ ထွန်းညှိရာသော်
ဆီဟာကုန်ခမ်း မီးစာကျွမ်းက
လမ်းပင်မမြင် အလင်းမှိန်၏။
အလင်းများစွာ ရှိနေပါလည်း
ဘယ်မှာတည်သောအလင်း ရှိမည်နည်း။
ပညာပြည့်ဝ နလုံးလှက
လောကလူ့ဘုံ နေရာစုံအောင်
ဟုန်ဟုန်ပြင်းစွာ နေ့မှာညမှာ
ပညာအလင်း ဖြိုင်ဖြိုင်လင်း၏။
တုနှိုင်းဖွယ်ရာ မရှိပါ။
ဖြန့်ကြက်ရောင်ဖြာ မြတ်ပညာ။

**မြင့်မိုရ်အောင်(တမာမြေ)**

# ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် စိတ်ကြိုက်မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ယခုပို့ချမှာကတော့ ၂၀၁၇ တက္ကသိုလ်ဝင် စာမေးပွဲကြီးမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ မြန်မာစာကို စိတ်ဝင်စားတဲ့ကျောင်းသူကျောင်းသားတွေအတွက် အထူးသင့်လျော်တဲ့ ဘာသာရပ်တစ်ခုဖြစ်ပြီး အဆင့်မြင့်မြန်မာစာ လေ့လာနိုင်ရေးအတွက် လမ်းခင်းပေးတဲ့ ဘာသာရပ်လည်း ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရ အသုံးအနှုန်းတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။ ရသမြောက် မြန်မာစာ အရေးအသားတွေကိုလည်း ဖန်တီးရေးသားတတ်လာနိုင်ပါမယ်။

ဒီလိုအကျိုးသက်ရောက်မှုများပြားနက်ရှိုင်းလှတဲ့ စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ် (၄) အုပ် ပြဋ္ဌာန်းထားပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားတွေအတွက် ဒီပြဋ္ဌာန်းစာတွေကိုလေ့လာ ကျက်မှတ်ရာမှာ မှတ်သားသိရှိသင့်တာတွေကို ယခု ဆွေးနွေးပို့ချသွားမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီး (၄)ပုဒ် မေးပါတယ်။ အဲဒီ မေးခွန်း (၄)ပုဒ်မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်တစ်ပုဒ်၊ သံဝရပျို့တစ်ပုဒ်၊ မြန်မာကဗျာဖွဲ့နည်းတစ်ပုဒ်နဲ့ မြန်မာစာပေသမိုင်းတစ်ပုဒ်တို့ ပါဝင်ပါတယ်။ (၃)နာရီမေးခွန်းလွှာဖြစ်ပြီးတော့ မေးခွန်းအပုဒ်တိုင်းမှာ ပုဒ်ခွဲများ ပါဝင်ပါတယ်။

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ (၁၁) ဦးရဲ့ ဝတ္ထုတို (၁၁)ပုဒ်နဲ့ ပြဇာတ် (၃) ပုဒ်ကို လေ့လာရမှာဖြစ်တယ်။

ဝတ္ထုတိုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေတစ်မျိုးဖြစ်ပါတယ်။ စာရေးသူတွေဟာ ဝတ္ထုတိုကို စာဖတ်သူ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတိုရေးဖွဲ့လေ့ရှိတယ်။

ဝတ္ထုရေးဆရာက စာဖတ်သူအာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဆိုတဲ့ အခြေခံအင်္ဂါရပ်တွေ ပါရှိပါတယ်။

ဝတ္ထုတိုတွေကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာဖြစ်တယ်။

ဝတ္ထုအာဘော်ဆိုတာကတော့ ဝတ္ထုတိုရေးသူရဲ့ ဆိုလိုချက်ပဲ ဖြစ်ပါတယ်။ ဝတ္ထုတို ရေးသူဟာ ဝတ္ထုတိုမှာမိမိရဲ့ဆိုလိုချက် (အာဘော်) ကိုပေါ်လွင်အောင် ဖော်ပြရပါတယ်။ စာဖတ်သူအနေနဲ့လည်း ဝတ္ထုတိုတစ်ပုဒ် ဖတ်ပြီးသွားတဲ့အခါ ဝတ္ထုတိုရေး ဆရာဟာ ဘာကိုဆိုလိုတယ်၊ သူ့ဝတ္ထုဟာ ဘာကိုပြောချင်တယ်ဆိုတဲ့ ဆိုလိုချက် (အာဘော်)ကို နားလည်သွားမြဲ ဖြစ်ပါတယ်။

ဇာတ်လမ်းဖန်တီးပုံဆိုတာကတော့ ဇာတ်လမ်းဖြစ်ရပ်တွေကို သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြှုပ်ကွက် တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ပြခြင်းစတဲ့ ဖန်တီးမှုအတတ်ပညာတွေနဲ့ ဇာတ်လမ်းကို ဖန်တီးထားတာကို ဆိုလိုတာဖြစ်တယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာက ဇာတ်လမ်းမှာပါဝင်ရတဲ့ ဇာတ်ဆောင်တွေကို အသက်ဝင်လာအောင်၊ စရိုက်သဘာဝ ထင်ရှားလာအောင် ဖန်တီးရေးဖွဲ့တာကို ဆိုလိုခြင်းဖြစ်တယ်။

ဇာတ်ဆောင် ဖန်တီးရာမှာ ဇာတ်ဆောင်တွေရဲ့ ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတွေနဲ့ ဖန်တီးလေ့ရှိကြတယ်။

ဇာတ်ဆောင်တို့ရဲ့ ကံသုံးပါးအမူအရာလို့ ဆိုအပ်တဲ့ ကိုယ်နှုတ်နှလုံး အမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝ စတာတွေကို ပေါ်လွင်အောင်ရေးဖွဲ့တာဟာ ဇာတ်ဆောင်ဖန်တီးပုံပါပဲ။

နောက်ခံဖန်တီးပုံကတော့ ဇာတ်လမ်းဖြစ်ပျက်ရာ နောက်ခံအကြောင်းအရာတွေကို ဖန်းတီးရေးဖွဲ့ခြင်း ဖြစ်တယ်။

ဇာတ်လမ်းအဖြစ်အပျက်ရဲ့ နောက်ခံအကြောင်းအရာတွေကတော့ ခေတ်နောက်ခံ ဒါမှမဟုတ် အချိန်ကာလနောက်ခံ၊ ဒေသနောက်ခံတွေဖြစ်ပြီး ဒီနောက်ခံ အကြောင်းအချက်တွေကို စာရေးသူက ဝတ္ထုတိုရဲ့ ခေတ်အခြေအနေ၊ လူမှုဝန်းကျင် အခြေအနေတို့နဲ့ ထင်ဟပ်ပြီး ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

ဝတ္ထုတိုရဲ့ အရေးအဖွဲ့ပိုင်းကိုလေ့လာရာမှာတော့ စာရေးသူရဲ့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ကို လေ့လာရမှာ ဖြစ်ပါတယ်။

ဝတ္ထုတိုကပေးတဲ့ ရသနဲ့ အသိအမြင်ဆိုတာကတော့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးတဲ့နောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးခံစားရပြီး ဘယ်လိုသင်ခန်းစာ၊ ဘယ်လိုဘဝအသိအမြင်မျိုး ရတယ်ဆိုတာကို ဆိုလိုခြင်း ဖြစ်ပါတယ်။

ဝတ္ထုတိုလေ့လာသူ တစ်ယောက်အနေနဲ့ ဒီအချက်ကိုလည်း အလေးထား လေ့လာရမှာဖြစ်တယ်။

ဝတ္ထုတိုတစ်ပုဒ်ကို သာဓကအနေနဲ့ လေ့လာတင်ပြရမယ်ဆိုရင်- အမျိုးသားပညာဝန်ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစိ ဝတ္ထုတိုကို လေ့လာမယ်ဆိုပါစို့။

ဒီဝတ္ထုတိုကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့ အလုပ်မှန်သမျှ ဂုဏ်ရှိတယ်၊ ကိုယ့်အားကိုယ်ကိုးအလုပ်လုပ်ရင်း ပညာသင်ကြိုးစားသင်ယူတဲ့အတွက် ဘဝအခြေအနေတိုးတက်ကြီးပွားသွားတယ်ဆိုတဲ့ စာရေးသူရဲ့အာဘော်ကို တွေ့နိုင်မှာ ဖြစ်ပါတယ်။

ဒီအာဘော်ကို ပေါ်လွင်စေဖို့အတွက် လူငယ်တစ်ယောက်ရဲ့ ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။ ဇာတ်လမ်းပါ အဓိကဇာတ်ဆောင်ဖြစ်တဲ့ မောင်ဘစိရဲ့ ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။

ဇာတ်လမ်းအရ ပုသိမ်တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့ အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူ ဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် ခရစ်နှစ် ၁၉၂၀ ဝန်းကျင်ကာလမှာရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ၁၉၂၀ ဝန်းကျင်ကို ဒီဝတ္ထုရဲ့ ကာလနောက်ခံအဖြစ် သတ်မှတ်နိုင်ပါတယ်။

ဒီဝတ္ထုတိုရဲ့ အရေးအဖွဲ့ပိုင်းကို လေ့လာရာမှာတော့ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ရေးဟန်တွေ ပေါ်လွင်ထိမိတဲ့စကားလုံးတွေနဲ့ ရေးဖွဲ့ထားပုံတွေကို ဖော်ထုတ်လေ့လာရမှာ ဖြစ်ပါတယ်။

ရသနဲ့ အသိအမြင်ပိုင်းမှာတော့ ရိုးသားကြိုးစားတဲ့လူငယ်တစ်ဦးရဲ့ ခံယူချက်နဲ့ စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသခံစားစေနိုင်ပြီး ရိုးသားတဲ့ အလုပ်ဟူသမျှဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင်အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်တွေရရှိကြောင်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ် မေးခွန်း ၁ (ခ) ကတော့ မြန်မာပြဇာတ် မေးခွန်းဖြစ်ပါတယ်။

ပြဇာတ် (၃) ပုဒ်သာ ပြဋ္ဌာန်းထားတဲ့အတွက် ဒီပြဇာတ်(၃)ပုဒ်ကိုပဲ ရှုထောင့်အမျိုးမျိုးနဲ့ မေးမှာဖြစ်ပါတယ်။ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင်ရေးဖွဲ့တဲ့ စာပေမျိုးဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာလည်း ဝတ္ထုတိုလေ့လာ တုန်းကလိုပဲ ပြဇာတ်ရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင် ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။

သာဓကအနေနဲ့ အာဇာနည်မိခင်ပြဇာတ်ကို လေ့လာတင်ပြပါမယ်။ ဒီပြဇာတ်ရဲ့ အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့ မိခင်ဖြစ်ရတာဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့ စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူ၏ အာဘော်ကို တွေ့ရမယ်။

ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့အကြောင်းအရာကို ဇာတ်လမ်းအဖြစ် ဖန်တီးထားတယ်။

ဇာတ်ဆောင်လေ့လာရာမှာတော့ ဇာတ်ဆောင်တွေရဲ့ ပြောစကားတွေအရ ဇာတ်ဆောင်စရိုက်ကို ဘယ်လိုဖန်တီးထားတယ်ဆိုတာ လေ့လာရမယ်။

ပြဇာတ်ရဲ့ နောက်ခံကာလဒေသကိုတော့ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေက တစ်ဆင့်ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံသရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့ထားတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြဇာတ်ဖြေဆိုရာမှာ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့အံဝင်ခွင်ကျဖြေတတ်ဖို့ပဲ ဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆိုရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာ ပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ မူရင်းပျို့စာမှာ စာကိုယ်ပိုဒ်ရေ ၁၈၉ ပိုဒ်၊ နိဂုံးပိုဒ်ရေ ၄ ပိုဒ် စုစုပေါင်း ၁၉၃ ပိုဒ်ပါရှိပေမယ့် ကျောင်းသားများအတွက် အပိုဒ် ၁ မှ ၇၁ ထိကိုပဲ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဒီပျို့ကို ရေးချိန်မှာ ဆရာတော်ဟာ အသက် (၆၀) ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံစုံလင်နေပြီလည်း ဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာအကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာ အနှစ်သာရအလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ သံဝရပျို့ ဖတ်စာအုပ်နိဒါန်းမှာပါရှိတဲ့ ပျို့လေ့လာနည်းတွေကို အသေအချာဖတ်ရှု လက်စွဲပြုပြီးတော့ လေ့လာရမှာ ဖြစ်ပါတယ်။ ပျို့ကိုလေ့လာရာမှာ အကြောင်းအရာ၊ အရေးအဖွဲ့၊ အသုံးအနှုန်း ဆိုပြီး ကဏ္ဍသုံးခု ခွဲပြီး လေ့လာသင့်ပါတယ်။

သံဝရပျို့လာ အကြောင်းအရာတွေကို ဖတ်စာအုပ်နိဒါန်းမှာ အကျဉ်းမျှခွဲပြထားပါတယ်။ အကြောင်းအရာ လေ့လာရာမှာ အခန်းအလိုက်ပါဝင်တဲ့ အကြောင်းအရာတွေကို ကဏ္ဍခွဲပြီး လေ့လာသင့်ပါတယ်။ အကြောင်းအရာတွေကို ကဏ္ဍခွဲကြည့် မယ်ဆိုရင်-

(၁) မြတ်စွာဘုရားဟောရခြင်းအကြောင်း

(၂) ခမည်းတော်နှင့် သံဝရမင်းသား ပြောဆိုခန်း

(၃) အမတ်ကြီးနှင့် တိုင်ပင်ခန်းများ (ဒီနေရာမှာ အမတ်ကြီးနှင့် တိုင်ပင်ခန်း ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် ဆိုပြီးတော့ သုံးကြိမ်ရှိပါတယ်။ သုံးကြိမ်လုံးကို လေ့လာရမှာ ဖြစ်ပါတယ်။)

(၄)အမတ်များက နန်းလျာထားရန်တောင်းပန်ခန်း

(၅) သံဝရမင်းသား ထီးနန်းရခန်းဆိုပြီးတော့ ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။

သံဝရပျို့ကို အခန်းလိုက်သာမက ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာရပါမယ်။ ဇာတ်ဆောင်တွေရဲ့စရိုက်ကို လေ့လာတဲ့အခါမှာ သူတို့ရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတွေကို လေ့လာဖို့လိုပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင် သုံးဦးကို တွေ့ရပါမယ်။ ပြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနှင့် သံဝရမင်းသားတို့ ဖြစ်ပါတယ်။ ဒီဇာတ်ဆောင် သုံးဦးရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံနဲ့ အရည်အသွေးတွေကို မိမိရဲ့အရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများစတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ် ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။

သာဓကပြရမယ်ဆိုရင် -

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြလှချင်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ သံဝရမင်းသားရဲ့ ခမည်းတော် မင်းကြီးဟာ သားတော်ကြီးများနည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက "ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူး ကြာငုံသဖွယ် လက်အုပ်ချီကာ နဖူးပေါ်လက်တင်ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရ ပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့သမင်ဟာ လူအနားကို အလွယ်တကူ ကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့ လျင်မြန်တဲ့သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ (၇) ရက် ပုန်းနေလေ့ရှိပါတယ်။

အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန် များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကိုကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့" ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြားဆိုတာဟာ ရက်ကန်းစင်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင် ရေးရပါမယ်။ ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူ သွားသလိုပါပဲဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး သံဝရပျို့စာသားများကနေ ဆိုရိုးစကားဖြစ်လာတဲ့ အဖွဲ့အနွဲ့တွေအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများ အလွန်ပါပါတယ်။ ပျို့စာသားများသည် ပင်လျှင် နောင်အခါ ဆိုရိုးများ၊ စကားပုံများဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ယောက် ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဆိုတဲ့ ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိတဲ့ ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက် ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက "ကြက်ဥဆန်ချောင်"လို့ ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင်သုံးစွဲကြပါတယ်။ အဆန်ချောင်တဲ့ ကြက်ဥဆိုတဲ့အနေနဲ့ တင်စားပြီးသုံးစွဲခြင်း ဖြစ်ပါတယ်။

ဒီလိုပဲ "အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဆိုတဲ့ အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကိုငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့မယ်။ ငယ်ငယ်ကတည်းက မဆုံးမ၊ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားများ ရှင်းရှင်းလင်းလင်းသိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက် စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကို တွေ့ရမှာဖြစ်ပါတယ်။ ငါးတို့သည် သူတို့ဘာသာဘာဝအလိုက် တံငါက ကွန်ကို ကြဲပါဖြန့်ပါမှ ဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။

အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူ ရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက

"ငါးတို့ဘာသာ၊ တံငါး ကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကို တံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာ ငါးများ၊ ဝင်လာငြားအံ့"။

"သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ" စသည်ဖြင့် အဖွဲ့ကောင်းများကို ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ်၊ ချောချောမွေ့မွေ့ စကားပြေနဲ့ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာ ဖြစ်ပါတယ်။

နောက်လေ့လာရမယ့် အချက်တစ်ချက်ကတော့ ပျို့လာ အသုံးအနှုန်း စကားလုံးများ ဖြစ်ပါတယ်။ သံဝရပျို့ဟာ အင်းဝခေတ်မှာပေါ်ထွန်းခဲ့တဲ့ ပျို့ဖြစ်တဲ့အတွက်ကြောင့် အင်းဝခေတ်သုံးစကားလုံးများကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ရှေးသုံးစကားလုံးများ ပါဝင်နေတာကို တွေ့ရပါတယ်။ အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။

"မျက်ချစ်"၊ "ဆိတ်ညံ"၊ "ပြယာယ်"၊ "ခိုင်းပယ်" ဆိုတဲ့စကားလုံးတွေကို သာဓကအနေနဲ့ပြပါမယ်။

ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကိုသိဖို့လိုပါတယ်။

"မျက်ချစ်" ဆိုရင် နှစ်သက်မြတ်နိုးသည်၊ မေတ္တာရှိသည်။

"ဆိတ်ညံ" ဆိုတာဟာ တိတ်ဆိတ်တာကို ဆိုလိုတယ်။

"ပြယာယ်" ဆိုတာဟာ သွယ်ဝိုက်ပြောဆိုခြင်းဖြစ်တယ်။

"ခိုင်းပယ်" ဆိုတာ စေခိုင်းတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။

အဲဒီအသုံးအနှုန်းတွေရဲ့ အနက်အဓိပ္ပာယ်တွေကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။

စာမျက်နှာ ၂ သို့ »»

»» စာမျက်နှာ ၁ မှ

အခု သံဝဂ္ဂပိုင်းရဲ့ မေးခွန်းပုံစံကို ရှင်းပြပါမယ်။ သံဝဂ္ဂပိုင်း မေးခွန်းဖြစ်တဲ့ မေးခွန်း(၂)မှာ ပုဒ်ခွဲ (၂)ခု ပါဝင်ပါတယ်။ ၂ (က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာ ဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက်ဇာတ်ခန်းအလိုက်ပျို့တစ်စောင်လုံးအလိုက်အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ သုတရသ သင်ခန်းစာတွေကို မေးမှာဖြစ်တယ်။

ပြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ရသမြောက်အဖွဲ့များ၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာ ဖြေဆိုရတာဟာ အလွန်နှစ်သက် ကြည်နူးစရာဖြစ်ပါတယ်။

**မေးခွန်း(၃)**ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်း ဖြစ်ပါတယ်။ မြန်မာကဗျာ ဖွဲ့နည်းစာအုပ်ရဲ့ အမှာစာမှာ ဖော်ပြထားတဲ့ ကဗျာ၏သဘော၊ ကဗျာစပ်နည်းအမျိုးမျိုးနှင့် ကဗျာစပ်နည်းရဲ့ အခြေခံလေးလုံးစပ်နည်း၊ သံပေါက်စပ်နည်း၊ အချိုးကဗျာများစပ်နည်းတို့အကြောင်းနဲ့ လေ့လာသင်ကြားရန် လမ်းညွှန်ချက်များစတာတွေကို သေသေချာချာလေ့လာထားဖို့လိုပါမယ်။

ကဗျာဖွဲ့နည်းများမှာတော့-

ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊

တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ် ဆိုတဲ့ ကဗျာအမျိုးအစား (၈) မျိုးကို ဖော်ပြထားပါတယ်။

အဲဒီကဗျာ(၈)မျိုးရဲ့ ဖွဲ့နည်းကဗျာတွေကို ဖော်ပြရာမှာ သက်ဆိုင်ရာကဗျာ အမျိုးအစားရဲ့အခေါ်အဝေါ် အဓိပ္ပာယ်တွေ၊ စပ်နည်းတွေ၊ ဖွဲ့စပ်တဲ့ သာဓကပုံစံတွေ၊ လေ့ကျင့်ခန်းတွေ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်တွေကို စေ့စေ့စပ်စပ် လေ့လာထားမယ်ဆိုရင် ကဗျာဖွဲ့နည်းကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ကဗျာစပ်နည်းအမျိုးမျိုးထဲကမှ ထူးခြားတဲ့ကာရန်ယူစနစ်တွေဖြစ်တဲ့ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန် အကြောင်းတွေ၊ ကဗျာဉာဏ် ကွန့်မြူးနိုင်ဖို့အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို လေ့လာမှတ်သားရမှာဖြစ်ပါတယ်။

မေးခွန်း(၃)ပုဒ်ခွဲ(က)မှာ အဲဒီ ကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခုဖြေရပါမယ်။ မေးခွန်း(၃) ပုဒ်ခွဲ(ခ) ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ် တယ်။

ကာရန်ယူပုံစနစ်ကို သင်္ကေတနဲ့ ရှင်းပြတဲ့အခါမှာ ကဗျာအမျိုးအစားနှင့် ကာရန်ယူပုံ သင်္ကေတကို ရှင်းပြပါမယ်။

စာသားကို မျဉ်းတို၊ ပိုဒ်တွင်းကာရန်ကို ခရေပွင့်၊ အခံပိုဒ်ဆုံး အချိုးသတ်ကာရန်ကို အပေါင်းလက္ခဏာတို့နဲ့ သင်္ကေတပြုဖော်ပြမှာ ဖြစ်ပါတယ်။

- စာသား - -
- ပိုဒ်တွင်းကာရန် - *
- အချိုးသတ်ကာရန် - +

သာဓကအနေနဲ့ ဒွေးချိုးကဗျာတစ်ပုဒ်ရဲ့ ကာရန်ယူပုံကို လေ့လာတင်ပြပါမယ်။

" ချိုးနှစ်ကောင်
ထနောင်းပင်ညီနောင်က
လွမ်းအောင်ကူချွဲ။
ပန်တော်ဖြူ
ပင်မြက်နေစာထူလှ
ဘိုးတောင်သူတဲ့။"

ဆိုတဲ့ကဗျာကို ပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဦးစွာဖြေရပါမယ်။

"ကောင်"နဲ့ "နောင်"၊ "နောင်"နဲ့ "အောင်"တို့ဟာ ပထမပိုဒ်ရဲ့ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ "ချွဲ"ကတော့ပထမပိုဒ်ရဲ့ အခံ ပိုဒ်ဆုံး ကာရန် (အချိုးသတ်ကာရန်) ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာ သင်္ကေတနဲ့ ပြရမှာ ဖြစ်ပါတယ်။

"ဖြူ"နဲ့ "ထူ"၊ "ထူ"နဲ့ သူတွေကတော့ ဒုတိယပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေဖြစ် လို့ ခရေပွင့် ပြရပါမယ်။ "တဲ့"ကတော့ အခံပိုဒ်ဆုံး ကာရန် (အချိုးသတ်ကာရန်) ဖြစ်တာကြောင့် အပေါင်းလက္ခဏာ သင်္ကေတနဲ့ ပြရမှာဖြစ်ပါတယ်။

**မေးခွန်း(၄)** ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကို မေးပါမယ်။

စာပေသမိုင်းရဲ့ခေတ်တွေထဲက ပုဂံခေတ်ကနေ ညောင်ရမ်းခေတ်အထိ နဝမတန်းမှာ လေ့လာသင်ယူပြီးဖြစ်လို့ တက္ကသိုလ်ဝင်တန်းမှာတော့ နောက်ပိုင်း နှစ်ခေတ်ဖြစ်တဲ့ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ်စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။

စာပေသမိုင်းတစ်လျှောက်မှာ ခေတ်အလိုက် ခေတ်လိုအင်အရ ဦးတည်ချက်တွေ အလေးပေးပုံတွေ ပြောင်းလာပုံ၊ အကြောင်းအရာတွေ ကျယ်ပြန့်လာပုံ၊ စာဆိုတွေ စာပေပုံသဏ္ဍာန်တွေ တစ်စတစ်စ တိုးပွားလာပုံတွေကို လေ့လာထားရမှာ ဖြစ်ပါ တယ်။

မေးခွန်း(၄)(က) က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေဖြစ်ပြီး (၄)(ခ) မှာတော့ ဆွေးနွေးတင်ပြရတဲ့ ရှင်းလင်းဖြေဆိုရတဲ့ မေးခွန်းမျိုးမေးပါတယ်။

(၄)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းမှာ (၈)ခု မေးထားပြီး (၅) ခုဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့စာပေဆိုင်ရာ အချက်အလက်တွေကို မေးပါမယ်။

ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့တိတိကျကျ ဖြေရပါမယ်။ မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို သာဓကအနေနဲ့ တင်ပြသွားပါမယ်။

ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း။
ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း။
ဦးပုည၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းအရင်းကို ဖော်ပြပါ။
လောကဗျူဟာကျမ်းရေးသူ၏အမည်ကို ဖော်ပြပါ။
အစရှိတဲ့ မေးခွန်းတွေဖြစ်ပါတယ်။
ရွှေပြည်စိုးဝတ္ထု ရေးသူအမည်၊ ကိုလိုနီခေတ် - စာပေလှုပ်ရှားမှုတစ်ခု၊
ဆရာဇော်ဂျီမြန်မာမှုပြုထားသော ပြဇာတ်အမည်၊
"ဓား" ဝတ္ထုကလှုံ့ဆော်သော စိတ်ဓာတ်၊

စာပေသစ် - ကြွေးကြော်သံစတဲ့ အချက်အလက်တွေကို လေ့လာမှတ်သားထားရမှာ ဖြစ်ပါတယ်။

ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ ဖြေတဲ့အခါမှာ အဖြေကိုတိကျဖို့ အလွန်လိုအပ်ပါတယ်။

ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း - ဆိုတဲ့ ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြေရင် ကုန်းဘောင်ခေတ်သည် နှစ်ပေါင်း (၁၃၀)ကျော် ကြာမြင့်သည်လို့ ဖြေရမှာဖြစ်တယ်။

ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း - လို့ မေးထားရင် ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝ ဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။

ဦးပုည၏ ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းကိုဖော်ပြပါ - ဆိုရင်တော့ ဦးပုည၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းမှာ ပရိသတ်စိတ်ညွတ်နူးဖွယ် ဖွဲ့နွဲ့ရေးသားထားသောကြောင့် ဖြစ်သည်လို့ ဖြေရပါမယ်။

လောကဗျူဟာကျမ်း ရေးသူ၏အမည်သည် အင်ရုံဝန်ကြီးဖြစ်သည်။

စသည်ဖြင့် အတိအကျ ပြည့်ပြည့်စုံစုံ ဖြေရပါမယ်။

ရွှေပြည်စိုးဝတ္ထုရေးသူ၏ အမည်ဆိုရင်တော့ ရွှေပြည်စိုး ဝတ္ထုရေးသူ၏ အမည်မှာ ဦးလတ် ဖြစ်သည်။

ကိုလိုနီခေတ်စာပေလှုပ်ရှားမှုတစ်ခု၏ အမည်တစ်ခုကိုဖော်ပြပါဆိုရင် ဒီနေရာမှာ ကိုလိုနီခေတ်စာပေလှုပ်ရှားမှုမှာ ခေတ်စမ်းစာပေလည်းရှိခဲ့တယ်။ နဂါးနီစာပေလည်းရှိခဲ့တယ်။ အဲ့ဒီအတွက်ကြောင့် ဒီလိုမေးခွန်းမျိုးမှာ ကိုလိုနီခေတ်စာပေလှုပ်ရှားမှုတစ်ခု၏ အမည်တစ်ခုမှာ ခေတ်စမ်းစာပေ လှုပ်ရှားမှုဖြစ်တယ်။ ဒါမှမဟုတ် ကိုလိုနီခေတ်စာပေ လှုပ်ရှားမှုတစ်ခု၏ အမည်တစ်ခုမှာ "နဂါးနီစာပေလှုပ်ရှားမှုဖြစ်တယ်"ဆိုပြီး တစ်ခုဖြေရင် လုံလောက်ပါတယ်။

ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည် အဘယ်နည်း လို့ မေးရင် "မဟာဆန်ချင်သူပြဇာတ်"လို့ဖြေရပါမယ်။

ဓားဝတ္ထုက လှုံ့ဆော်သော စိတ်ဓာတ်ကိုရေးပါဆိုရင် "အမျိုးသားရေးစိတ်ဓာတ် လို့" ဖြေရပါမယ်။

စာပေသစ်ဟူသော ကြွေးကြော်သံကာလတွင် ပေါ်ထွက်ခဲ့သော မဂ္ဂဇင်းသည် တာရာမဂ္ဂဇင်းဖြစ်သည် ဆိုပြီးတော့ ပြည့်ပြည့်စုံစုံ ဖြေရမှာဖြစ်တယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့်မေးခွန်းတွေ ဖြစ်ပါတယ်။

မေးခွန်း(၄)(ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ချုံငုံဆွေးနွေးရတဲ့ မေးခွန်း ဖြစ်တယ်။

ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတသီချင်းများအကြောင်းကို လေ့လာတင်ပြပါ။ (သို့မဟုတ်) ကိုလိုနီခေတ် သမိုင်းနောက်ခံဝတ္ထုများ အကြောင်းကိုဆွေးနွေးပါ။" ဆိုတဲ့ မေးခွန်းမျိုး ဖြစ်တယ်။

ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့စာပေသမိုင်းကို ကဏ္ဍအလိုက်ဆစ်ပိုင်း ကျက်မှတ်ထားဖို့လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာ(၄) အုပ်မှာ (၁)အုပ်ကို (၁)ပုဒ်မေးမှာဖြစ်ပါတယ်။ မေးခွန်းတွေကို ချန်ပြီးခြွင်းပြီး ဖြေရင် မအောင်နိုင်ပါဘူး။ ပြဋ္ဌာန်းစာ(၄) အုပ်ကိုလည်း ချန်ပြီးခြွင်းပြီးကျက်လို့ မရပါဘူး။ (၄) အုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဒီကနေ့ ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

## ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**ဘူးသီးတောင် ဖေဖော်ဝါရီ ၄**

ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် KG ကျောင်းသား ကျောင်းသူလေးများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရန်၊ အပြောအဆိုနှင့် နှုတ်မှု ရေးရာစွမ်းရည်များ မြင့်မားလာစေရန်နှင့် ကလေးများ စာပေနှင့်ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲကို မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ပြိုင်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ ရှစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုရရှိသူများကို မြို့နယ်ပြန်/ဆက် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ပြီးနောက် မြို့နယ်ကုန်တင်ကုန်ချ ဦးစီးမှူးဒေါ်ခင်ဦးနွယ်မှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူလေးများအား ပုံဆွဲစာအုပ်၊ရောင်စုံခဲတံနှင့် ကွန်ပါဘူးများ လက်ဆောင်ပေးအပ်ခဲ့သည်။ ထို့နောက် အမျိုးသမီးရေးရာအဖွဲ့မှလည်း အခမ်းအနားတက်ရောက်လာသော ကျောင်းသား ကျောင်းသူအား ပုံဆွဲစာအုပ်များ ပေးအပ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ကိုယ်စားဆရာမတစ်ဦးက လက်ခံရယူသည်။




မြို့နယ်ပြန်/ဆက်ဦးစီးဌာနအနေဖြင့် မြို့နယ် ပြန်/ဆက်ဦးစီးဌာနကို အများပြည်သူ ဝင်ထွက်သွားလာနိုင်သောနေရာ၊ အများပြည်သူအသုံးပြုနိုင်သောနေရာနှင့် လူမှုရေးအသင်းအဖွဲ့များအနေဖြင့်လူမှုရေးကိစ္စများကို စုစည်းဆက်သွယ်ဆောင်ရွက်နိုင်သောနေရာ Community Center၊ ပြည်သူ့စာကြည့်တိုက်ကို Community Library အဖြစ်သို့ ရောက်ရှိစေနိုင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မြို့နယ်ပြန်/ဆက် ဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကဗျာရွတ်ပြိုင်ပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခြောက်ဘီးကုန်ကားကြီးများ ဘုရင့်နောင်လမ်းမနှင့် ကမ်းနားလမ်းတို့တွင် နေ့ပိုင်းသွားလာခွင့်ရရှိလာ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှုလျော့ပါးရန် ဘုရင့်နောင်လမ်းမ၊ ကမ်းနားလမ်းဟောင်းများတွင် နေ့ပိုင်း ကုန်တင်ယာဉ်ကြီးများနှင့် ကုန်သေတ္တာတင်ယာဉ်များသွားလာခွင့်ကို ၂၀၁၆ ဒီဇင်ဘာ ၇ ရက်မှ စ၍ကန့်သတ်ထားခဲ့သည်။ ည ၉ နာရီမှနောက်နေ့ နံနက် ၆ နာရီအတွင်းသာ သတ်မှတ်လမ်းကြောင်းများအတိုင်း ယင်းယာဉ်ကြီးများ သွားလာခွင့်ရှိခဲ့သည်။

ယင်းသို့ကန့်သတ်မှု နှစ်လနီးပါးကြာချိန်တွင် ယင်းလမ်းမများပေါ်တွင် ယာဉ်ကြောကျပ်တည်းမှုလျော့ကျလာသည်ဟု နေ့စဉ်ယင်းလမ်းကြောင်းပေါ်သွားလာနေသော လမ်းအသုံးပြုသူများကဆိုသည်။

သို့သော်ကြည့်မြင်တိုင်ဗားကရာဆိပ်ကမ်းအနီးစားအုန်းဆီသိုလှောင်ကန်များသို့ ယာဉ်-ကုန် ကိုးတန်အောက် ခြောက်ဘီးယာဉ်များသာ နေ့ပိုင်းသွားရောက်ထုတ်ယူခွင့်ရရှိရာမှာ ခြောက်ဘီးယာဉ်ကြီးအချို့ပါ နေ့ပိုင်းသွားလာခွင့်ရရှိလာသည်ဟု အဝေးပြေးကုန်ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။ နေ့ပိုင်း ခြောက်ဘီးယာဉ်ကြီးများနှင့်အတူ ဆယ်ဘီး-ဆယ်နှစ်ဘီး နောက်တွဲယာဉ်များ သွားလာခွင့်မရခဲ့၍ ပိဿာချိန် ၁၁၀ပါစားအုန်းဆီ တစ်ပီပါလျှင် ကားခ ယခင်ကျပ် ၆၀၀ မှ ကျပ် ၁၀၀၀သို့ တိုးမြင့်လာသဖြင့် နေ့ပိုင်းသွားလာခွင့်ရနေသောယာဉ် ကုန် ကိုးတန်းအောက်ကုန်ကားပိုင်ရှင်များ ဝင်ငွေပိုမိုရရှိလာသည်။

ဆီထုတ်ယာဉ်အချို့ညပိုင်းပွဲရုံများတွင် ဆီပီပါအတင်အချပြုလုပ်ရမှုအကြောင်းပြု၍ ဆီတစ်ပီပါထုတ်ကားခ ကျပ် ၂၀၀ မှ ကျပ် ၄၀၀ သို့တိုးမြင့်လာသဖြင့် တစ်ရက်ကြိုတင်၍ လျှောက်ထားပါက ယာဉ်ထိန်းရဲတပ်ဖွဲ့က သွားလာခွင့်ပြုသည့်လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်ဟု ကြက်သွန်နီ ပြည်ပတင်ပို့သည့်ကုမ္ပဏီများသိသာရန် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ အသိပေးစာကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖတ်ရှုရသည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်ဈေးကွက်တွင် ဖေဖော်ဝါရီ ၂ ရက် ဆိပ်ဖြူကြက်သွန်နီ လက်ကားတစ်ပိဿာဈေးနှုန်း ၁၆၀၀-၂၀၀၀-၂၁၀၀-၂၁၀၀၊ မြစ်သားတစ်ပိဿာ ၂၁၅၀-၂၄၅၀-၂၅၀၀-၂၅၀၀ ရှိနေသည်။ အိန္ဒိယ ပြည်၏ ပြည်တွင်းကြက်သွန်နီ လက်ကားဈေးနှုန်းမှာ အလေးချိန်တစ်ကီလိုဂရမ်လျှင် အိန္ဒိယရူပီးငွေ ၃၀ ဝန်းကျင်သာရှိရာ မြန်မာ့ကြက်သွန်နီများ ယခုလပိုင်း ပြည်ပသို့ တင်ပို့နိုင်မှု မရှိသေးသော်လည်း ပုံမှန်ကြက်သွန်နီ တစ်ပိဿာဈေးနှုန်း အထူးသဖြင့် လှောင်ကြက်သွန်နီဝယ်ချိန် မတ်-ဧပြီလများတွင် ကျပ် ၃၀၀ မှ ၅၀၀ ဖြစ်ချိန် ပြည်ပသို့ တင်ပို့ရာတွင် နေ့ပိုင်းသွားလာခွင့်ရရှိမှုသည် အသုံးဝင်နေမည်ဟု ကြက်သွန်နီရောင်းချသူတစ်ဦးက ပြောသည်။

**(မောင်စေအောင်)**

# လူသားတို့အား အကျိုးပြုဆေးဖက်ဝင်သည့် ရှားစောင်းလက်ပပ်(ခေါ်)တစောင်းလက်ပပ်ပင်

ဖွဲ့ထက်ရှင်



ရှားစောင်းလက်ပပ် (တစောင်းလက်ပပ်)လို့ခေါ်ဆိုသော အပင်သည် အခြားသော အပင်များနဲ့မတူ လူတို့၏ ခန္ဓာကိုယ် ကျန်းမာရေးနှင့် အာဟာရဓာတ်ပြည့်ဝစေရန် ကြီးမားစွာအထောက်အကူပေးပါသည်။ ကျန်းမာရေးနှင့် ခွန်အား တိုးတက်စေရေးကို ပြိုင်ဖက်ကင်းစွာ ဖြည့်စည်းပေးနေပါသည်။

ရှေးနှစ်ထောင်ပေါင်း များစွာကတည်းက လူသားတို့သည် အသက်ရှည်ကျန်းမာခြင်းနှင့် အရွယ်တင် နုပျိုစေသော သင်္ကေတအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သက်ဝင်ယုံကြည်ခဲ့ကြသည့် ဆေးဖက်ဝင်အပင်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ရှားစောင်းလက်ပပ်သည် အကြီး၊ အငယ်နှင့် ရှားစောင်းလက်ပပ် (အနီ) ဟူ၍ သုံးမျိုးရှိသည်။ ရှားစောင်းလက်ပပ် (အကြီး)မှာ ချို၏။ အေး၏။ ဓာတ်များကို ပြုပြင်တတ်၍ ခြင်ဆီဓာတ်ပွားများစေ၏။ ဝဖြိုးစေ၏။ ကာမကို တိုးပွားစေ၏။ အဆိပ်များကို ပယ်ရှင်းစေ၏။ မျက်စိရောဂါ၊ အနာ၊ အဖျဉ်းရောဂါ၊ အသည်းရောဂါ၊ ချောင်းဆိုးရောဂါ၊ ရေယုန်ရောဂါ၊ အရေပြားရောဂါ၊ ပန်းနာရောဂါ၊ ဆီးရောဂါနှင့် ကျောက်တည်သောရောဂါများကို ကာကွယ်နိုင်သော ဆေးပင်ဖြစ်သည်။ ရေဖျဉ်းရောဂါဖြစ်ပါက ရှားစောင်းလက်ပပ်(အကြီး) အတွင်းသား အနှစ်အား လက်ချား မီးဖောက်အမှုန့် အနည်းငယ်ဖြူး၍ စားပါက ရေဖျဉ်းရောဂါသက်သာ ပျောက်ကင်း၏။ ရှားစောင်းလက်ပပ်(အကြီး) အတွင်းသားကို ခပ်ပျစ်ပျစ်ကျို၍ အနာပေါ်သို့ အုံကပ်ပေးပါက အနာနုလျှင်ပိန်၊ ရင့်လျှင် ပြည်ပေါက်၍ ပျောက်ကင်းစေသည်။ လေရောဂါ၊ လေပူလုံး ရှိသူများ ရှားစောင်းလက် ပပ် (အကြီး)၏ အဆီခေါ် အတွင်းသား ခြောက်ပဲ၊ ထောပတ်ခြောက်ပဲ၊ ကြစုအမှုန့် တစ်ပဲနှင့် သိန္ဓောဆား တစ်ပဲသားတို့ကိုရောစပ်၍ စားပါက လေရောဂါပျောက်၏။ ရှားစောင်းလက်ပပ်အနှစ်ကို ဆန်ဆေးရည်တွင် တစ်နာရီခန့် စိမ်ပါ။ စိမ်ပြီး အနှစ်ငါးကျပ်သားကို သကြား အနည်းငယ်နှင့် အရည်ထွက်အောင် ခေါက်၍ သောက်ပါက နွေရာသီတွင် အဖြစ်များသည့် ဆီးပူ၊ ဆီးအောင့်ရောဂါ ပျောက်ကင်းစေသည်ဟု ဆေးကျမ်းများတွင် ရေးသားထားသည်ကို မှတ်သားမိပါသည်။

ကမ္ဘာ့တိုက်ကြီးများတွင် ယဉ်ကျေးမှုနှင့် ဘာသာရေးများ အမျိုးမျိုး ကွဲပြားနေလင့်ကစား လူသားများကို အကျိုးပြုသော ရှားစောင်းလက်ပပ်ပင် (Aloe Vera) အလိုးဘယ်ရာကို အမြတ်တနိုးတန်ဖိုးထားကာ အမည်အမျိုးမျိုးပေးခဲ့ကြပါသည်။ အာဖရိကတိုက်ကြီးတွင် သဲကန္တာရမှာ ပွင့်လန်းတဲ့ ကြာပန်းဟူ၍လည်းကောင်း အမေရိကန်ရက်အင်ဒီယန်းလူမျိုးများက မိုးကောင်းကင်ကြီးမှ ပဥ္စလက်ဟူ၍လည်းကောင်း မာယာလူမျိုးများက ထာဝစဉ်နုပျိုစေသော နတ်ရေကန်ဟူ၍ တင်စားထားသည်မှာ အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းအောင် အစွမ်းသတ္တိရှိကြောင်းကို ယုံကြည်ကြခြင်းကြောင့်လည်း ထိုကဲ့သို့ အမွန်းတင်ကြကြောင်း ဆူမားရီးယန်းလူမျိုးများက ဘုရားများပေးသော လက်ဆောင်၊ အီဂျစ်လူမျိုးများက ရှားစောင်းလက်ပပ်ကို ဘုရားသခင်များရဲ့ အသွေးတော်ဟု တင်းစားခဲ့ကြသည်ဟု သိရပါသည်။

ရှေးနှစ်ပေါင်း ၆၀၀၀ ကျော် ကာလကတည်း က အီဂျစ်ဘုရင်မ နီဖာတီတီ (Nefertiti) နှင့် ကလီယိုပါထရာ (Cleopatra) တို့က ခန္ဓာကိုယ်အလှနှင့် ကျန်းမာအသက်ရှည်စေရန်အတွက် ရှားစောင်းလက်ပပ်ကို အသုံးပြုခဲ့ကြောင်း ရှေးခေတ်ဂူဘုရားကျောင်းနံရံများတွင် ပန်းချီရေးဆွဲမှတ်တမ်းတင်ထားခဲ့ကြောင်း အထောက်အထားများတွေ့ရှိခဲ့ရသည်ဟု လေ့လာသိရှိရသည်။

ယခုအခါ ရှားစောင်းလက်ပပ်ကို မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် ခေတ်မီစက်ကြီးများဖြင့် ကျန်းမာရေးအတွက်ဆေးဖော်စပ်၍ တော်တော်များများ အသုံးများလာကြသည်။ ထို့အပြင် ခန္ဓာကိုယ် အသားအရေကို ကာကွယ်ရန် လိုးရှင်းနှင့် ခရမ်များတွင်လည်း ရှားစောင်းလက်ပပ်ကို အဓိက အသားအရေကို ရေဓာတ်ဖြည့်ပေးရန်နှင့် နေလောင်ဒဏ်များကို ကာကွယ်ပေးနိုင်ရန် ပါဝင်အသုံးပြုလာကြသည်။ ခေတ်နှင့်အညီ ထုတ်လုပ်သော အစားအစာများ၊ အချိုရည်များအဖြစ်လည်း သောက်သုံးလာကြသည်။ စာတမ်းများတွင် ဖော်ပြထားသည်မှာ အသားအရေကို အာဟာရအဓိက ဖြည့်ပေးပါတယ်။ ရှားစောင်းလက်ပပ်က အချွဲတွေကို မျက်နှာလိမ်းပေးခြင်းဖြင့် အသားအရေကို ပိုမိုချော့မွေ့စေနိုင်ပါတယ်ဟု ကြော်ငြာများ၌ ထည့်သွင်းအသုံးပြုကြသည်။

ရှားစောင်းလက်ပပ်ရဲ့ ဗီတာမင်နဲ့ သတ္တုများစွာ ပါဝင်သောကြောင့် ရရှိသည့် ကျန်းမာရေးအကျိုးကျေးဇူးများမှာဆိုလျှင် ခုခံအားကျဆင်းမှုကို ကာကွယ်ပေးခြင်း၊ နေလောင်ဒဏ်ကြောင့် အသားလောင်ခြင်းကို သက်သာပျောက်ကင်းစေခြင်း၊ ရောင်ရမ်းခြင်းကို သက်သာစေခြင်း၊ ခန္ဓာကိုယ် ယားယံစေသည့် အကောင်များကိုက်ခြင်းတို့ကြောင့် ရောင်ရမ်းတာများကိုလည်း ရှားစောင်းလက်ပပ်၏ အလယ်မှရရှိသောအချွဲကို လိမ်းပေးခြင်းဖြင့်လည်း သက်သာစေနိုင်ခြင်းနှင့် ရှားစောင်းလက်ပပ်မှ ရေဓာတ်ကိုသိုလှောင်ထားရှိနိုင်ခြင်းကြောင့် မိုးနည်းဒေသများတွင် စိုက်ပျိုးရှင်သန်နေနိုင်ပါသည်။ ဒါကြောင့် နေရာကျဉ်းမြောင်းပါက ရှားစောင်းလက်ပပ်အပင်ကို အလှဆင်သည့် ပန်းအိုးများ၌လည်း စိုက်ပျိုးအသုံးပြုနိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

---

# မိန်းမလှကျွန်းအား ကမ္ဘာလုံးဆိုင်ရာ အရေးပါသော ရမ်ဆာရေဝပ်ဒေသအဖြစ်သတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ၏ တတိယမြောက်ကမ္ဘာလုံးဆိုင်ရာ ရေဝပ်ဒေသအဖြစ် မိန်းမလှကျွန်းအား အတည်ပြုသတ်မှတ်လိုက်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ကျင်းပသည့် ကမ္ဘာ့ရေဝပ်ဒေသနေ့အခမ်းအနားတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလတွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ ကျင်းပခဲ့သည့် ရေဝပ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်း သို့မဟုတ် ရမ်ဆာကွန်ဗင်းရှင်းကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂ ရက်နေ့ကို ကမ္ဘာ့ရေဝပ်ဒေသနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်းလုံး၌ ကမ္ဘာ့ရေဝပ်ဒေသနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသနေ့ အခမ်းအနားကို မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သစ်တောဦးစီးဌာန နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီ (NEA)နှင့် ရွှေပြည်အေးကုမ္ပဏီတို့က ပူးပေါင်းကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာလုံးဆိုင်ရာ ရေဝပ်ဒေသအဖြစ်မိန်းမလှကျွန်းအား အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်သည်။

အဆိုပါ ရေဝပ်ဒေသတွင် ဒီရေတောများ၊ ရွှံ့လတာပြင်များနှင့် ပင်လယ်လိပ်များ အသိုက်လုပ်နေထိုင်သော ကမ်းခြေဒေသများအပါအဝင် ကမ်းရိုးတန်းဂေဟာစနစ် တစ်ခုလုံး ပါဝင်သည်။

"နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိကျောင်းတွေ ကျက်စားရာ အကြီးမားဆုံးဒေသဖြစ်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ နောက်ဆုံးကျန်ရှိနေတဲ့ အရေးကြီး ဒီရေတောမြစ်ဝဒေသကို ကာကွယ်နိုင်မယ့်အပြင် ဆိုင်ကလုံးမုန်တိုင်းတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ လှိုင်းကြီးမှုဒဏ်ကနေ မြစ်ဝကျွန်းပေါ်ဒေသကို ကာကွယ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ၏ ရမ်ဆာကွန်ဗင်းရှင်းဆိုင်ရာ စီမံအုပ်ချုပ်မှုတာဝန်ခံဒေါက်တာညီညီကျော်က ပြောသည်။

"အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များအဖွဲ့ရဲ့ ကူညီမှုနဲ့ သစ်တောဦးစီးဌာနက သတ်မှတ်လိုက်တဲ့ မိန်းမလှကျွန်းနဲ့ ဘေးပတ်ဝန်းကျင် မြစ်ဝဒေသက ဒီရေတော ဖုံးလွှမ်းပါဝင်နေတဲ့ဒီ ရမ်ဆာရေဝပ်ဒေသမှာ ငါးသယံဇာတတွေ ရှင်သန်ပေါက်ပွား ကျက်စားနေထိုင်ရာဒေသ တစ်ခုဖြစ်တဲ့အပြင် ကမ်းရိုးတန်းဒေသမှာ ရှင်သန်ကျက်စားတဲ့ အဏ္ဏဝါမျိုးစိတ်တွေကိုလည်း မုန်တိုင်းအန္တရာယ်က ကာကွယ်ပေးပါတယ်။ အဲ့ဒေသက မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရတဲ့ ကမ်းခြေရေပျော်ငှက်တွေအတွက် ကမ္ဘာနဲ့အဝှမ်း အလေးပေးထိန်းသိမ်းရမယ့် ရွှံ့လတာပြင်တွေလည်း တည်ရှိနေတယ်" ဟုအပြည်ပြည်ဆိုင်ရာ တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ညွှန်ကြားရေးမှူး Frank Momberg က ပြောသည်။

ဆိုင်ကလုံးမုန်တိုင်း နာဂစ်အကျိုးသက်ရောက်မှုများနှင့်အတူ မိန်းမလှကျွန်းအတွင်းနှင့် ဝန်းကျင်တွင် သယံဇာတများ ထုတ်ယူခြင်းကြောင့် ဒီရေတောဖုံးလွှမ်းဧရိယာမှာ ဆိုးရွားစွာ လျော့ကျလာသည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့မှ ကမ်းရိုးတန်းဒေသနှင့် အဏ္ဏဝါထိန်းသိမ်းရေးပညာရှင် ဦးဇော်လွင်၏ ပြောပြချက်အရ ဘေးပတ်ဝန်းကျင်ရှိကျေးရွာများမှ ထင်းလောင်စာလိုအပ်မှုမှာ ဤဒေသအတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

"ဒီရေတောများကာကွယ်ခြင်းနဲ့ ပြန်လည်ထိန်းသိမ်းခြင်း၊ ထင်းလောင်စာသုံးစွဲမှုကို သက်သာစေမယ့် စွမ်းအင်ချွေတာမီးဖိုတွေ ဖြန့်ဝေခြင်းနဲ့ အခြားစွမ်းအင်အရင်းအမြစ်တွေပံ့ပိုးပေးတာ (ဥပမာ- နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ငါးခြောက်လှန်းခြင်း) ဆိုင်ရာ ရှင်းလင်းတိကျတဲ့ အစီအစဉ်တစ်ခုရှိမှ ဒီရေတောတွေ ထပ်မံပျက်စီးဆုံးရှုံးခြင်းကို ကာကွယ်နိုင်မှာဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ခြိမ်းခြောက်မှုအန္တရာယ်များ ကြုံတွေ့နေရသော်လည်း မိန်းမလှကျွန်းဒေသ၌ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော ဒီရေတော အပင်မျိုးစိတ်တစ်ခုဖြစ်သည့် လဘပင် (Sonneratia griffithii)၊ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော ဒီရေတောများတွင် ကျက်စားသည့် ရေလိပ်မျိုးစိတ်တစ်မျိုးဖြစ်သည့် ရေငံလိပ်၊ သောင်လိပ် (Batagur baska)၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သည့် တောခွေး (Cuon alpinus)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်ဖြစ်သည့် ဧရာဝတီလင်းပိုင် (Orcaella brevirostris) နှင့် ဒုံးမြီးကွက်ငှက်မျိုးစိတ် (Leptoptilos javanicus) အပါအဝင် မျိုးသုဉ်းရန်ခြိမ်းခြောက်ခံနေရသည့် သတ္တဝါမျိုးစိတ် ၂၀ ကျော် ကျက်စားနေထိုင်လျက်ရှိသည်။

ဤဒေသ၌ တွေ့ရှိရသော မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော ဆောင်းခိုငှက်မျိုးစိတ်များတွင် ရေညှောင့်နှုတ်ဝိုင်းငှက် (Calidris pygmaea)၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ်ဖြစ်သည့် Nordmann's greenshank (Tringa guttifer) နှင့် great knot (Calidris tenuirostris) တို့ ကျရောက်ကျက်စားမှုရှိနေသည့်အတွက် မိန်းမလှကျွန်းဒေသသည် ဩစတြေးလျ-အာရှနှင့် အရှေ့အာရှ ငှက်ပျံသန်းမှုလမ်းကြောင်းတစ်လျှောက် ပျံသန်းနေသော ကမ်းခြေရေပျော်ငှက် မျိုးစိတ်များအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်သည်။

မိန်းမလှကျွန်းဒေသဝန်းကျင်တွင်ရှိသည့် ကျေးရွာ ၃၀ ခန့်မှ ပြည်သူတချို့မှာ ဝင်ငွေနည်းပါးစွာဖြင့် ရပ်တည်နေကြရသည့်အတွက် သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့အနေဖြင့် ဤဒေသအား ကမ္ဘာလုံးဆိုင်ရာ အရေးပါသော ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်လိုက်သည်။

အဆိုပါဒေသတွင် ထူးခြားသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဖိုးများနှင့် ဒီရေတောများအား ပြန်လည်ထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ ဆင်းရဲနွမ်းပါးမှုအား လျှော့ချရေးအတွက် ရန်ပုံငွေများ ထပ်မံရရှိနိုင်ရန် အထောက်အကူပြုမည်ဟု မျှော်လင့်မိသည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့အနေဖြင့် မိန်းမလှကျွန်းဒေသအား ထိန်းသိမ်းရေးအတွက်ရန်ပုံငွေ ပံ့ပိုးပေးသော အာဆီယံအမွေအနှစ်ဥယျာဉ်အစီအစဉ်အောက်ရှိ အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာနမှတစ်ဆင့် ဂျာမနီနိုင်ငံ KfW ဖွံ့ဖြိုးရေးဘဏ်နှင့် Manfred Hermsen ဖောင်ဒေးရှင်း တို့က အကူအညီပေးနေခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးရမ်ဆာဒေသအဖြစ် ကမ္ဘာလုံးဆိုင်ရာရေဝပ်ဒေသအဖြစ် မိုးယွန်းကြီးအင်းအားသတ်မှတ်ခဲ့သည်။

ဒုတိယ ကမ္ဘာလုံးဆိုင်ရာ ရေဝပ်ဒေသအဖြစ် အင်းတော်ကြီးအားလည်းကောင်း သတ်မှတ်ခဲ့ပြီးနောက် ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ရေဝပ် ဒေသအဖြစ် သုံးခုကို သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**ဖိုးသန့်**

# ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်… သို့သော်

မောင်သောင်းဝင်း(တမန်ဟောင်း)



ဓာတ်ပုံ-အင်တာနက်

လက်ရှိဒီမိုကရေစီအစိုးရသည် မဲဆွယ်စည်းရုံးစဉ်က 'ပြောင်းလဲချိန်တန်ပြီ' ဆိုသောဆောင်ပုဒ်ဖြင့် ပြည်သူ့အသည်းနှလုံးကို စွဲကိုင်နိုင်ခဲ့သည်။ မြန်မာပြည်သူများသည် စနစ်တစ်ခုအောက်တွင် ကာလအတန်ကြာ နေခဲ့ကြရသည်။ လူ့သဘာဝသည် အပြောင်းအလဲကို တောင့်တကြသည်။ တိုးတက်မှုကို လိုလားကြသည်။ လွတ်လပ်မှုကို ခုံမင်ကြသည်။ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လိုကြသည်။ လူတစ်စု၏ လွှမ်းမိုးမှုကို နှာခေါင်းရှုံ့ကြသည်။ လူလူချင်း ခေါင်းပုံဖြတ်သည်ကို ရွံရှာမုန်းတီးကြသည်။ ထို့ကြောင့် အပြောင်းအလဲလှိုင်းကိုစီးလိုသဖြင့် ရွေးချယ်မှုလုပ်ခဲ့ကြသည်။ ပြည်သူများလိုလားသည့် ပုဂ္ဂိုလ်များသည် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် ပြည်သူများနှင့်အတူ ထပ်တူထပ်မျှ ပီတိဖြစ်ခဲ့ရသည်။

**ချစ်ကြည်ရင်းနှီးမှု ခိုင်မာအောင်တည်ဆောက်**

အစိုးရသစ်သည် တာဝန်ယူပြီးလျှင်ပြီးချင်း ပထမ ရက် ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ စီးပွားရေးမူဝါဒများ ချမှတ်ခဲ့သည်။ ငြိမ်းချမ်းရေး ရရှိရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းခဲ့သည်။ ထူးခြားမှုအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကျင်းပနိုင်ခဲ့သည်။ အိမ်နီးချင်းနိုင်ငံများအပါအဝင် အာရှ၊ ဥရောပ၊ အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသပါမကျန် နိုင်ငံများစွာမှ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ကြပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ခိုင်မာအောင် တည်ဆောက်ခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံမှ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များသည်လည်း ကမ္ဘာ့နိုင်ငံပေါင်းစုံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ထိုခရီးစဉ်များအတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ချပြနိုင်ခဲ့သည်။ အထူးသဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံရှိ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံများသို့ ချပြနိုင်ခဲ့သည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုအချို့အား ဖယ်ရှားပေးခဲ့ကြသည်။ အစိုးရသစ်၏ စွမ်းဆောင်မှုများသည် များစွာရှိနေပါသည်။ ဆောင်းပါးတစ်ပုဒ်ရေးသားနေရုံမျှဖြင့် ခြုံငုံနိုင်မည်မဟုတ်ချေ။

**ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့**

မြန်မာနိုင်ငံ၏ မြို့တော်သည် နေပြည်တော်ဖြစ်သော်လည်း ရန်ကုန်မြို့သည် လူနေထိုင်မှုများပြားသည့် စီးပွားရေးမြို့တော်ဖြစ်သည်။ ရန်ကုန်မြို့သည် တစ်နှစ်ထက်တစ်နှစ် လူဦးရေထူထပ်လာသည်။ ထိုပြည်သူများသည် စား၊ ဝတ်၊ နေရေးအတွက် နေ့စဉ်လှုပ်ရှားသွားလာနေကြရသည်။ အောက်ခြေလူတန်းစား အများစုသည် လိုရာခရီးရောက်ဖို့အရေး ဘတ်စ်ကားကို အားကိုးကြရသည်။ လူဦးရေတိုးပွားလာမှုနှင့်အတူ ဘတ်စ်ကားအရေအတွက်လည်း တဖြည်းဖြည်းများပြားလာသည်။ ထို့အပြင် ယာဉ်တင်းသွင်းမှုကိုပါ ဖြေလျှော့ပေးလိုက်သဖြင့် ကိုယ်ပိုင်ယာဉ်အရေအတွက်လည်း ပိုမိုများပြားလာသည်။ ထို့ကြောင့် ရန်ကုန်မြို့တွင်း၌ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်လာသည်။

**ရဲရဲဝံ့ဝံ့ဖော်ဆောင်**

ယခင်အစိုးရလက်ထက်မှစ၍ တာဝန်ရှိသူများသည် ယာဉ်ကြောပိတ်ဆို့မှု ဖြေလျှော့ရန်နှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန်အတွက် နည်းလမ်းပေါင်းစုံကိုကြံဆခဲ့ကြသည်။ သို့သော် အကောင်အထည်မဖော်နိုင်ခဲ့ပေ။ လက်ရှိအစိုးရလက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြောင်းလဲမှုကို ရဲရဲဝံ့ဝံ့ဖော်ဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့တွင် ပြေးဆွဲနေသော မထသ ယာဉ်လိုင်းများအားပိတ်သိမ်းပြီး ရန်ကုန်မြို့တော် ခရီးသည်ပို့ဆောင်ရေးစနစ် (Yangon Bus System-YBS) ဖြင့် အစားထိုးခဲ့သည်။ ပြည်သူတစ်ဦးအနေဖြင့် အပြောင်းအလဲကို ဝမ်းသာစွာ ကြိုဆိုခဲ့ပါသည်။

ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ YBS နှင့်ပတ်သက်သော သတင်းများကို စဉ်ဆက်မပြတ်စောင့်ကြည့်ခဲ့ပါသည်။ ပထမနေ့တွင် ခရီးသွားပြည်သူများ အခက်အခဲဖြစ်ခဲ့ကြသည်။ စေတနာ့ဝန်ထမ်းများ၊ ပရဟိတ အဖွဲ့များ၊ အခမဲ့ယာဉ်များက အကူအညီပေးခဲ့ကြသည်။ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းကို မြင်တွေ့ရသဖြင့် ကြည်နူးခဲ့ရသည်။ YBS သည် အများပိုင်စနစ်ဖြစ်နေသည်။ ထို့ကြောင့် တစ်နေ့တာရရှိသောငွေကြေးကို ယာဉ်အားလုံး မျှဝေရယူကြရမည်ဖြစ်သည်။ ညပိုင်းတွင် ယာဉ်စီးခများအပ်နှံမှုနှင့်ပတ်သက်၍ ယာဉ်ပိုင်ရှင်တစ်ဦး၏ ရင်ဖွင့်သံကို လူမှုကွန်ရက်တွင် ဖတ်ခဲ့ရသည်။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အားလုံး ရိုးသားမှုရှိမှသာ အားလုံးသာတူညီမျှ ရရှိကြမည်ဟု ဆိုထားသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကတော့ ယာဉ်ကြီးကြပ်ထည့်ပေးမည်ဟုဆိုသည်။ ယာဉ်ကြီးကြပ်တွင်လည်း ပါးစပ်ပါမည်ဟု ထင်ပါသည်။

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကထိကအမျိုးသမီးတစ်ဦး၏ ရင်ဖွင့်သံကိုလူမှုကွန်ရက်တွင် ထပ်မံဖတ်ခဲ့ရသဖြင့် စိတ်မကောင်းဖြစ်ခဲ့ရသည်။ ထိုဆရာမသည် နေ့စဉ်ဘတ်စ်ကားစီးပြီး အင်းစိန်မှ သဃ်န်းကျွန်းသို့ သွားရသည်ဟုဆိုသည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် YBS စီးပြီး ကြုံတွေ့ခဲ့ရသည့် အခက်အခဲကို တင်ပြထားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး တက္ကသိုလ်ဆရာမတစ်ဦးသည် ကားပေါ်တွင် ငါးပိသိပ်၊ ငါးချဉ်သိပ် ပုံစံမျိုး စီးခဲ့ရပြီး အမျိုးသားများနှင့် ရင်ချင်းအပ်ခဲ့ရသည်ဟု ရင်ဖွင့်ထားသည်။ ကားမှတ်တိုင်ရောက်ရှိအောင် အတော်လေး လမ်းလျှောက်ခဲ့ရသည်ဟုဆိုသည်။ ဆရာမသည် ကျောင်းသွားရမှာကြောက်သည်။ YBS စီးရမှာ ကြောက်သည်ဟုဆိုထားသည်။

မြန်မာအမျိုးသမီးတစ်ဦး၏အခက်အခဲကို ကိုယ်ချင်းစာမိပါသည်။ စာရေးသူလည်း ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ရန်ကုန်မြို့၌ တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ထိုစဉ်က ဒဂုံမြို့နယ်မှ လှည်းတန်းသို့သွားပြီး အင်္ဂလိပ်စာ ကျူရှင်တက်ခဲ့ရသည်။ နေ့စဉ်ဘတ်စ်ကားနှင့် သွားခဲ့ရသဖြင့် ရန်ကုန်မြို့နေပြည်သူများ၏ လက်ရှိ အခက်အခဲကို ကိုယ်ချင်းစာမိပါသည်။ ညဘက်တွင် လိုင်းကားစီးရသည်မှာ ပို၍ဒုက္ခရောက်ပါသည်။ လူကျပ်သလို ယာဉ်စီးခကလည်း သာမန်ထက်ပိုပေးရပါသည်။ ဝန်ထမ်းများသည် လစာကိုချွေတာ သုံးစွဲနေကြရသဖြင့် ယာဉ်စီးခပိုပေးရသည့်နေ့တွင် စားစရိတ်ကိုလျှော့သုံး ကြရသည်။

**စေတနာ့ဝန်ထမ်း**

စေတနာ့ဝန်ထမ်းများစွာသည် YBS ယာဉ်လိုင်းပြေးဆွဲရာတွင် ခရီးသည်များကိုအကူအညီပေးခဲ့ကြသဖြင့် များစွာပီတိဖြစ်ခဲ့ရသည်။ သို့သော်စေတနာ့ဝန်ထမ်းများသည် လူပေါင်းစုံဖြစ်ကြသည်။ အချို့သော စေတနာ့ ဝန်ထမ်းများသည် အာဏာပြလာသည်ကို တွေ့ရသည်။ ရုပ်သံသတင်းများအားကြည့်ရာတွင် အချို့သော စေတနာ့ဝန်ထမ်းများသည် လမ်းပေါ်တက်၍ ယာဉ်ကြောရှင်းနေသည်ကိုတွေ့ခဲ့ရသည်။ ထိုနေရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များ၊ ရဲမေများရှိနေပါသည်။ ယာဉ်ကြောရှင်းသည့်အလုပ်သည် ယာဉ်ထိန်းရဲ၏ တာဝန်ဖြစ်သည်ဟုထင်ပါသည်။

**ခွန်ပန်းရုံအနီး လှည်းဘီးနွံထဲကျွံနေသည်။**
**ကူ၍တွန်းပေးကြပါ၊ လေးလွန်း၍**
**မတွန်းနိုင်ဘူးလား။**
**ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်။**

ဆိုသော စာပိုဒ်လေးကိုငယ်စဉ်က မူလတန်းဖတ်စာတွင် သင်ယူခဲ့ရသည်။

**ပြိုင်တူတွန်းလျှင်ရွေ့နိုင်**

အခက်အခဲတစ်ခု၊ အရွေ့တစ်ခုကို နိုင်ငံသားအားလုံး ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်။ လှည်းဘီးကို ရှေ့ကတစ်ယောက်၊ နောက်ကတစ်ယောက် မျက်နှာချင်းဆိုင် တွန်းနေမည်ဆိုလျှင် ပို၍နွံနစ်သွားမည်ဖြစ်သည်။ ထို့အတူ ကျောက်တုံးတစ်တုံးကို လူတစ်ဦးတည်းဖြင့် မတွန်းနိုင်လျှင် အများစုပေါင်းတွန်းနိုင်ပါသည်။ သို့ရာတွင် ဘက်ပေါင်းစုံမှ မျက်နှာချင်းဆိုင် တွန်းနေလျှင် ရွေ့မည်မဟုတ်ချေ။ တစ်ဘက်ဘက်ကို ပြိုင်တူတွန်းမှသာ ရွေ့မည်ဖြစ်သည်။ မျက်နှာမူရာ၊ ဦးတည်ရာ တူညီဖို့လိုပါသည်။ အထူးသဖြင့် ဦးတည်ချက်၊ ရည်မှန်းချက် တူညီရန် လိုအပ်ပါသည်။

YBS စနစ်အောင်မြင်ရေးအတွက် ပြည်သူအားလုံး၏ တွန်းအားများစွာလိုပါသည်။ ထိုသို့တွန်းကြရာတွင် ရည်မှန်းချက်တစ်ခုကိုရောက်ရှိအောင် ပြိုင်တူတွန်းကြရန် လိုအပ်မည်ဟုထင်ပါသည်။ သူကတစ်မျိုး၊ ငါတစ်ဖုံ တွန်းနေမည်ဆိုလျှင် ထင်သလောက်ခရီးပေါက်မည်မဟုတ်ချေ။ စေတနာ့ဝန်ထမ်းများ၊ ပရဟိတသမားများအနေဖြင့် ညှိနှိုင်းတိုင်ပင်ပြီး ပြိုင်တူတွန်းစေချင်ပါသည်။ တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့၏ နာမည်ကျော်ကြားရေးအတွက် မလုပ်သင့်ပေ။ လုပ်ပိုင်ခွင့်ကိုလည်း တလွဲအသုံးမချသင့်ပေ။ လူတတ်ကြီးလုပ်နေခြင်းမဟုတ်ပါ။ တာဝန်သိပြည်သူတစ်ဦးအနေဖြင့် ရိုးသားစွာ အကြံပြုခြင်းဖြစ်ပါသည်။

**အပြောင်းအလဲတစ်ခုကိုဖော်ဆောင်**

ခြုံ၍တင်ပြရလျှင် လက်ရှိဒီမိုကရေစီအစိုးရသည် ရွေးကောက်ပွဲကာလကြွေးကြော်သံဖြစ်သည့် 'ပြောင်းလဲချိန်တန်ပြီ' ဆိုသော ဆောင်ပုဒ်ကိုလက်တွေ့ကျကျ အကောင်အထည်ဖော်နေပြီဖြစ်သည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်သူများအတွက် အပြောင်းအလဲတစ်ခုကို ဖော်ဆောင်နေပြီဖြစ်သည်။ သို့သော်ပြည်သူများ၏ ပူးပေါင်းမှုစွမ်းအားများလိုအပ်နေပါသည်။ တစ်ယောက်အားနှင့်ဆောင်သော်မရ တစ်သောင်းအားဖြင့်ဆောင်လျှင်ရပါသည်။ ပြိုင်တူတွန်းလျှင်ရပါသည်။ တွန်းသည့်နည်းလမ်းတော့ မှန်ဖို့လိုမည် ထင်ပါသည်။ တစ်ယောက်တစ်ပေါက် တွန်းနေမည်ဆိုလျှင်၊ မျက်နှာချင်းဆိုင်တွန်းနေမည်ဆိုလျှင်ဖြင့် ရည်မှန်းချက်ခရီးသည် ထင်သလောက်ပေါက်မည်မဟုတ်ချေ။ မည်သို့ပင်ဆိုစေကာမူ YBS စနစ်ကြီးအောင်မြင်ပြီးရန်ကုန်မြို့နေပြည်သူများသည် ငွေကြေးနှင့်အချိန် ကုန်ကျမှုသက်သာစွာဖြင့် လိုရာခရီးကို ချောချောမွေ့မွေ့ ရောက်ရှိနိုင်ကြပါစေ။

> ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ပြည်သူများအတွက် အပြောင်းအလဲတစ်ခုကို ဖော်ဆောင်နေပြီဖြစ်သည်။ သို့သော်ပြည်သူများ၏